www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ❖ ၁၇၄၂/၂၀၀၃ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❖ ၅၇၈/၂၀၀၄ (၆)

✲ထုတ်ဝေသူ✲
ဦးသန်းဆွေ(၀၁၄၇၃)၊ စစ်သည်တော်စာပေ
အမှတ်(၁၁၃-က)၊ ဥယျာဉ်လမ်း (၁၉)ရပ်ကွက်၊
ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်။

✲မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ✲
ဦးမောင်မောင်လွင် (၀၂၃၅၀)
ကဝိရတနာပုံနှိပ်တိုက်
အမှတ်(၂၀၄)၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးနှင့် ဇရစ်ပန်းချီ ❖ မမွေး
ကွန်ပျူတာစာစီ ❖ နုရဏီ (☎ ၂၈၁၄၃၈)
ပုံနှိပ်ခြင်း ❖ ပထမအကြိမ်
ထုတ်ဝေသည့်ဇေ ❖ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ ❖ ၅၀၀
တန်ဖိုး ❖ ၅၀ ကျပ်
ဖြန့်ချိရေး ❖ မြတ်မြတ်ချောစာပေ



www.burmeseclassic.com

www.burmeseclassic.com

[၁]

ပြဿနာက မိမိဖန်တီးခဲ့သည့် ပြဿနာ။

မိမိလွန်မှန်းလည်းသိသည်။

သို့သော်လည်း အလွန်အကျွံဖြစ်လာသည့် ကိစ္စအ တွက် နောင်တဆိုတာ ရဲထိုက် အသိတရားမှာ မရှိ။

"ဒါကတော့ မင်းဘက်ကနည်းလမ်းမကျတာပဲ၊ တကယ်ဆိုသူတို့က ပြေလည်ရာပြေလည်ကြောင်း လာပြောတာပဲ၊ မင်းဘက်က ခြေလွန်လက်လွန် မဖြစ်သင့်ဘူးပေါ့"

ရဲထိုက်အကြည့်က အာကာဆီ ဝေ့ကနဲ ရောက်သည်။ အာကာတည်ငြိမ်သော အကြည့်ဖြင့် တုန့်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘက်က နည်းလမ်းမကျဘူးဟုတ်လား အာကာ၊ ပြောထွက်လိုက်တာကွာ၊ ဒီကောင်တွေ ငါ့ကိုလာတွေ့တာ ပြေလည်ရာပြေလည်ကြောင်း ပြောဖို့လာတွေ့တာမဟုတ်ဘူး အာကာ၊ ငါ့ကို အရေခွံနွှာမလို့လာတာ၊ ငါသာ လက်မဦးရင် ဆေးရုံကြီးအရေးပေါ်ဌာနနဲ့ ထိန်ပင်အအေးတိုက် တစ်ခုခုကို မင်းတို့လာကြည့်ကြရမှာ"

"သူတို့က မင်းကို ဆွေးနွေးမှာပါ"

"လာပြန်ပြီ"

ရဲထိုက်က လက်ထဲမှ ဆေးပေါ့လိပ်တိုကို ခပ်ကြမ်းကြမ်း ာလိုက်ပြီး လမ်းဘေးရေမြောင်းထဲသို့ ခပ်ဆတ်ဆတ်ကလေး ွင့်ပစ်လိုက်၏။

"ဒီမယ် အာကာ၊ ဆွေးနွေးဖို့လာရအောင် ဒီကောင်တွေနဲ့ ငါနဲ့ကြားမှာ ကမ္ဘာအရေးလည်း မရှိဘူး၊ မြန်မာ့အရေးလည်း မရှိဘူး၊ ကြီးကြီးကျယ်ကျယ် လာပြောတာလောက် အမြင်ကတ်တာ ရှိကို မရှိဘူး"



သူ့စကားကို အာကာက ပြုံး၏။

"တို့အတွက် ရန်သူတိုးမှာစိုးလို့ ပြောတာပါ"

"တို့ကရန်ရှာနေတဲ့ကောင်တွေမှ မဟုတ်ပဲကွာ၊ လူငယ်သဘာဝ ခိုက်ရန်ဒေါသဆိုတာကတော့ အနည်းအများ ရှိမှာပေါ့၊ တို့လူငယ်တွေ ရန်ဖြစ်တိုင်း လူဆိုးစာရင်းသွင်းမယ်ဆိုရင် ရပ်ကွက်ရုံးနဲ့ ရဲစခန်းရဲ့ မှတ်တမ်းစာအုပ်ရှည်ကြီးမှာတို့နာမည်တွေထပ်နေမှာပေါ့"

ပြောပြီးရဲထိုက်က သူ၏ခပ်နွမ်းနွမ်း ဂျင်းဂျာကက်ထဲမှ းပေါ့လိပ်နှစ်လိပ်ထုတ်ပြီး တစ်လိပ်ကို အာကာကို လှမ်း သည်။

"လူငယ် သဘာဝ အလှေ့အထလေးတွေက လွဲပြီး ငါ့မှာ မတရားစိတ်ဆိုတာ မရှိပါဘူး အာကာရာ၊ တစ်ခုတော့ ရှိတာပေါ့၊ တို့ကို စော်ကားတယ်ထင်ရင်တော့ လက်ပိုက်ပြီး ဘယ်ပြုံးပြနေနိုင်မလဲ၊ အရုပ်မှ မဟုတ်ပဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



အာကာက ဆေးလိပ်ကို မီးညှိပြီး သူ့မျက်နှာကိုခပ်စိုက်စိုက်ကြည့်သည်။ သူ့လိုရန်ဖြစ်တတ်သည့် စာရင်းမှာပါဝင်သော်လည်း အာကာက အေးအေးတည်တည် နေတတ်၏။ ရန်ဖြစ်တတ်သည် ဆိုသည်ကလည်း သူနှင့် ပတ်သက်ပြီး သူ့ဘက်က ရပ်တည်ဖြစ်ရသည်က များသည်။

တစ်ခုတော့ ရှိသည်။

အာကာက သူ့လို တုံးတိုက်တိုက် ကျားတိုက်တိုက် အနေအထားမျိုးမှာ လုံးဝမဟုတ်။ သူ့လိုလည်း စကားပြော ကြမ်းတမ်းခြင်း မရှိသည်ကိုတော့ ရဲထိုက်ဝန်ခံ၏။

"ဝင်းကြည်တို့နဲ့ ပတ်သက်ပြီး မင်းဘာတွေ စဉ်းစား နေတာလဲ အာကာ"

မီးကင်းတဲတိုင်ကို ကျောမှီပြီး သက်တောင့်သက်သာ နေလိုက်သည်။ ဆေးပေါ့လိပ်ကို ခပ်ကြမ်းကြမ်းဖွာပြီး မီးခိုးငွေ့များကို အာကာမျက်နှာဆီ မှုတ်ထုတ်လိုက်၏။



"ဝင်းကြည်တို့အုပ်စုကတော့ မင်းကို ကျေနပ်နိုင်မှာ မဟုတ်ဘူး၊ ငါနဲ့သိနေတော့လမ်းတွေ့ရင်ဝင်းကြည် ကို နှုတ်ဆက်ရမှာတောင် အားနာဘို့ ကောင်းနေပြီ"

ရဲထိုက်က ဘာစကားမှမပြော။ အကြည့်က လမ်းမ ဓါတ်ကြိုးပေါ်မှာ နားနေသည့် ပျံလွှားငှက်ကလေးများဆီ ရောက်နေ၏။

"မင်းမို့ကွာ ကြံကြံဖန်ဖန် မုန့်ကျွဲသည်လို သွားနောက် တယ်၊ တကယ့်အတွေးခေါ်ပညာရှင်ပဲ"

ရဲထိုက် မျက်နှာပြုံးရောင်သန်း၏။

ခင်မှုယာနွဲ့ကို မြင်လျှင် စချင် နောက်ချင်စိတ် ဖြစ်ပေါ် လာမှုကိုလည်း ကိုယ့်ကိုယ်ကို အံ့ဩ၏။ တကယ်ဆိုလည်း နစ်နာစေချင်သည့် စိတ်လုံးဝမရှိ။ ခင်မှုယာနွဲ့ကို နာမည်နှင့် ပုံသဏ္ဌာန်ကို အနည်းငယ် အမြင်ကပ်မှု ရှိသည်ကိုတော့ သူ ဝန်ခံသည်။

နောက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက ထိုးရကြိတ်ရလောက်အောင် ပြောင်မြောက်သည့် ပြဿနာလည်းမဟုတ်။ လမ်းလျှောက်ရင်း ခင်မူယာနွဲ့ကို မတွေ့လျှင်သည် ပြဿနာသည်လည်း ဖြစ်လာစရာအကြောင်းမရှိ။

မနေ့က အဖြစ်ကလေး တစ်ခုကို ပြန်မြင်ယောင်လာသည်။

☆☆☆

မုန်းတီးစိတ် မရှိသော်လည်း မျက်စိမှာ ကြည့်မရသည်ကတော့ ကြာပြီ။

လမ်းသွားလျှင် မရှိသည့် တင်ကလေးကို လုပ်လီလုပ်လဲ့ လုပ်သွားသည်ကို မိမိနှင့် မဆီမဆိုင်ဘဲ အမြင်ကတ်မှု ဖြစ်ပေါ်ရသည်ကတော့ မိမိအလွန်ဆိုသည်ကိုလည်း ရဲထိုက်သိပါ၏။



သည်နေ့တော့ ဈေးလမ်းထိပ်မှာ ခင်မူယာနွဲ့နှင့် ထိပ်တိုက်ဆုံသည်။ ဆုံသည်နှင့် သူမကလည်း ထုံးစံအတိုင်း မျက်ဆောင်းကြီးကိုဝင့်သည်။ သူမ၏ ထူအမ်းအမ်းနှုတ်ခမ်းကြီးကို စူ၏။

ဒါကို ရဲထိုက်က ဟက်ကနဲ ရယ်သည်။

"ဘာရယ်တာလဲ"

ခင်မူယာနွဲ့ကလည်း နာမည်နှင့် မလိုက်အောင် သည်းသည်း ထိုးသွားသည်။

"နင့်ကို သဘောကျလို့ပါ"

"ဘာ..."

"လန့်လိုက်တာဟယ်၊ နင့်အသံနဲ့ နင့်နာမည်က တော့ တစ်ခြားစီပဲ၊ ဘယ်လိုမှ ဆက်စပ်လို့ မရဘူး"

"ဘာပြောတယ်"

"လာပြန်ပြီ ဘာ ဆိုတာကြီးက၊ လမ်းလယ်ခေါင်မှာ သိပ်အော်မနေနဲ့၊ နင်မရှက်ပေမဲ့ ငါရှက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်၊ နင်လူပါးမဝနဲ့၊ လမ်းဆုံလေးခွထိုင်ပြီး ခုနစ်ရက် သားသမီးကို ဒုက္ခပေးနေတဲ့ကောင်ကများ ရာရာစစ"

ရဲထိုက်က မျက်နှာကို ရယ်ကျဲကျဲလုပ်ပြီး မျက်လုံးကို အသာပြူးပြလိုက်သည်။

"တစ်ခုတော့ တောင်းပန်ပါရစေ"

"ဘာ တောင်းပန်မှာလဲ"

"အချက်နှစ်ချက်ထဲပါ"

ခင်မှုယာနွဲ့ မျက်မှောင်ကို ကြုတ်၏။

သူ့စကားကိုလည်း နားစွင့်ပုံရသည်။

"တစ်အချက်က စကားကို ဘယ်သူနဲ့ပဲ ပြောပြော အော်ကျယ်အော်ကျယ် မပြောပါနဲ့"

"အံမယ်..."

"နေဦးလေ နောက် နှစ်အချက်က လမ်းလျှောက်ရင် မရှိတဲ့ တင်ကိုလှုပ်လှုပ်ပြီး မလျှောက်ပါနဲ့၊ မှန်ကျွဲ သည်းနဲ့ သိပ်တူတယ်"





"ဟင်..ခွေးသေချင်းဆိုး နင့်ကို ငါ့အစ်ကိုတွေနဲ့ တိုင်မယ်"

ဒေါနှင့်မောနှင့် ခြေဆောင့်ထွက်သွားသော ခင်မှုယာနွဲ့ကို ကြည့်ပြီး ရဲထိုက် တဟားဟားအော်ရယ်၏။

ညနေစောင်းစောင်းလောက်မှာတော့ ခင်မှုယာနွဲ့ ထောင်ထိုက်သည့်စနက်က သူ့ရှေ့သို့တည့်တည့်ရောက်လာတော့သည်။

ခင်မှုယာနွဲ့ အစ်ကို ဝင်းကြည်။

ရောက်လာတာမှ တစ်ယောက်တည်းမဟုတ်။ ဝမ်းကွဲ တစ်ယောက်က အဆစ်ပါလိုက်သေးသည်။

"တို့မင်းနဲ့ ဆွေးနွေးဖို့လာတာ ရဲထိုက်"

"ဘာလဲ ကမ္ဘာ့အရေးလား၊ နိုင်ငံအရေးလား"

ပြောပြီး ရဲထိုက်က မြောင်းဘောင်ပေါ်မှ ဖြတ်ကနဲ ခုန်ဆင်းလိုက်သည်။ အခြေအနေက ဆိုးဆိုးရွားရွားကြီး မဟုတ်သော်လည်း အောင်မှ အေးအေးချမ်းချမ်း ဖြစ်နိုင်မှုမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"တို့အတွက်ကတော့ ကမ္ဘာ့အရေးထက်ကော၊ နိုင်ငံ့
အရေးထက်ကော အရေးကြီးတယ်"

"ကိစ္စက"

"ညီမလေးကိစ္စ၊ လမ်းလယ်ခေါင်မှာ ငါ့ညီမကို မှန်
ကျွဲသည်းလို့ ပြောလိုက်တဲ့ ကိစ္စကို တို့ လာဆွေး
နွေးတာ"

ရဲထိုက် အခြေအနေကို သိလိုက်၏။

ဆွေးနွေးမည့် ပုဂ္ဂိုလ်တစ်ဦးက လွယ်အိတ်ထဲကို လ
နှိုက်သည်။ လွယ်အိတ်ထဲမှာ ငြိမ်းချမ်းသဝဏ်လွှာ မပါသည်
တော့ သူ ကောင်းကောင်းသိ၏။

သူငြိမ်သက်ပြီး လှုပ်ရှားမှုကို ကြည့်နေလို့ မဖြစ်တော့
စကားနှင့် ရှင်းရန်အတွက်လည်း အကြောင်းက မရှိ။ ပြီးတော့
သူတို့ကသုံးယောက် ကိုယ်ကတစ်ယောက်။ အရာရာတိုင်
သည် လက်ဦးမှုရှိရမည့်ကို သူက နားလည် သဘောပေါ
စွာဖြင့်...။



"ဖြောင်း..."

"အား...ခွေးမသား ချတယ်ကွ"

စကားသံ ဗလုံးဗထွေး။

မိမိလက်ပြန် ရိုက်ချက်၏ ပြင်းထန်မှုအားကို ရဲထိုက်
သိသည်။ မိမိက စလိုက်သည်နှင့် အနေထားသည် ထင်
သည့်အတိုင်း ဖြစ်လာ၏။

နှစ်ယောက်က ဝင်လုံးသည်။

သည်လိုပွဲသတ်တာမျိုးကတော့ သူ့အတွက် ထမင်း
စားရေသောက်။ တံတောင်ထောက်အားကို အသုံးပြုပြီး
အားပြုခုန်ထွက်သည်။ ပြေးထွက်လာသည့် ငတိ၏ ရင်ညွန့်
ကို ခြေနှင့်တွန်းအား ပေးပစ်လိုက်သည်။

ငယ်စဉ်ကတည်းက အသတ်အပုတ် ဝါသနာပါခဲ့သည်။

ကျောင်းနေစဉ်က ဘောက်ဆာကို ကောင်းကောင်းထိုး
ခဲ့ဘူးသည်။

အများနှင့်တစ်ယောက်ကွဲကာမှ ကွဲရော။ မိမိလက်သီး
တစ်ချက်မိလျှင်တော့ ဖင်ထိုင်ကျရမည်ကို တာဝန်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ရုတ်သဲသဲကြောင့် လူများဝိုင်းအုံလာ၏။

နောက်ဆုံးပိတ်အဖြစ် မြောင်းစပ်မှ တုတ်တစ်ချောင်း ကို ကောက်ယူပြီး ခပ်ကြမ်းကြမ်းဝင်လာသော ဝင်းကြည်၏ မျက်နှာကို ဖြတ်ရိုက်ချလိုက်သည်။ တစ်ဆက်တည်း လူအုပ်ကြီးကို ထိုးဖေါက်၍ ရဲထိုက် တစ်ဟုန်ထိုး ပြေးထွက်ခဲ့ ပါ၏။

သည်သို့နှင့်...။

☆☆☆

"ဝင်းကြည်တော်တော်နာသွားတယ်။ ရန်စကတော့ ငြိမ်းမှာ မဟုတ်ဘူး"

"သူ့ညီမကို မုန့်ကျွေးသည်းလို့ နောက်တာလေးနဲ့ ဒီလောက်ကြီး အသည်းအသန် ဖြစ်လာရသလား ကွ၊ ခွေးနွေးမယ်ဆိုတဲ့ ကောင်တွေ့ရဲ့ မျက်နှာက အေးအေးချမ်းချမ်း မရှိတော့ ငါကစပြီး ချတာပေါ့"





"အေးလေ၊ ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲ၊ နောက်ကို မင်းက စိတ်ကလေးကို နည်းနည်းလျှော့ကွာ၊ ခင်မှူယာနဲ့ ကိုလည်း သွားသွား စ မနေပါနဲ့၊ နောက်ပြီး အသွားအလာကိုလည်း နည်းနည်း ဆင်ခြင်ဦး နယ်မကျွံမိဖို့တော့ လိုတယ်"

ရဲထိုက်က ပုခုန်းနှစ်ဖက်တွန့်ပြသည်။ လက်ထဲမှာ မီးသနေသော ဆေးပေါ့လိပ်ကို အာကာက မီးခြစ်ခြစ်ပြီး မီးညှိပေး၏။

"ဒီမယ် အာကာ"

"အမ်..."

"ရဲထိုက်ဆိုတဲ့ကောင်က ဘယ်တော့မှ သွေးမကြောင်တတ်ဘူး ကြောက်မွေးတစ်ပင်ပေါက်ရင် သူများလိုတော့ ဇာဂနာနဲ့ဆွဲမနုတ်ဘူးကွ၊ ကိုယ့်ကိုကိုယ်သတ်သေလိုက်မယ်၊ နွားသိုးဆိုတာ ကိုယ်မှာ ဘယ်လောက်ပဲ ချိုရာ ထင်နေ ထင်နေ၊ နယ်ပယ်ကို ဘယ်တော့မှ မရှေ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အချင်းချင်းတွေ ပြဿနာ ရေရှည်မှာစိုးလို့ ပြောနေတာကွ"

"ရှည်ရှည်ကွာ၊ အလကားကောင်တွေ သဘောထားမကြီးဘူး၊ သူတို့ကျတော့ သူများအစ်မနမနောက်လိုက်ကျတာ၊ သူတို့ ညီမကျတော့ တယ်ပြီးသိတယ်၊ တွေ့ရင်တော့ငါက နောက်ဦးမှာပဲ၊ ဒီတစ်ခါ မုန့်ကျွဲသည်းလို့ မခေါ်ဘူး၊ ကောက်လှိုင်းတီမုန့်လို့ခေါ်မယ်"

"ကောက်လှိုင်းတီမုန့်နဲ့ ခင်မူယာနဲ့ ဘာဆိုင်လို့လဲကွ"

"သိပ်ဆိုင်တာပေါ့၊ ခင်မူယာနဲ့အသားရောင်ကမည်းပြာနေတဲ့ဟာ၊ ကောက်လှိုင်းတီမုန့်ကမှ သူ့ထက်အရောင် သားနားဦးမယ်"

"မင်းကလည်းကွာ ကြဲကြဲဖန်ဖန်"

အာကာရယ်တော့ သူကပါ လိုက်ရယ်သည်။



တကယ်တန်းကျ သူတို့အုပ်စုက ဘာမှနောက်နောက်ပြောင်ပြောင် ရှိတတ်သည်မဟုတ်။ သူကချွန်ပြီး ခင်မူယာနဲ့ကို နောက်စိစပါးမွှေးစွးခဲ့သည်။

"ငါ ဝင်းကြည်ကို တွေ့ရင်တောင်းပန် လိုက်ရမလား"

"ဟော့ကောင်၊ မင်းက ဘာကို တောင်းပန်မှာလဲ"

"မင်းနဲ့ဖြစ်တဲ့ကိစ္စကိုလေ"

"တော်စမ်းပါ အာကာရာ၊ မင်းကတစ်ယောက်နဲ့ တစ်ယောက် အခင်မင်မပျက်စေချင်လို့ တောင်းပန်တာကိုဒီကောင်တွေက ပြန်ဆော်မှာကြောက်လို့ တောင်းပန်တယ်လို့ ထင်မှာပေါ့ကွ၊ လုပ်မနေနဲ့၊ ငါ့ခေါင်းထဲမှာဒီကောင်တွေနဲ့ပတ်သက်တဲ့ အကြောင်းအရာဘာမှမရှိတော့ဘူး"

အာကာထံမှ အသံထွက်မလာတော့..။

သူကင်းတဲနံရံကို ကျောမှီပြီး မျက်လုံးမှေးစင်း ထားဆဲပယ်..။

"ရဲထိုက်...ရဲထိုက်၊ ဟော့ကောင် ရဲထိုက်"

www.burmeseclassic.com

www.burmeseclassic.com



ထိတ်ထိတ်လန့်လန့်အသံကြောင့် သူကိုယ် ဆတ်ခနဲ ဖြစ်သွားသည်။

အာကာအသံလာရာသို့ ဖြတ်ကနဲ လှည့်ကြည့်သည်။

သူက မျက်မှောင်ကို ခပ်ပိပိလေးကြုတ်ပြီး...

"ဘာဖြစ်လာတာလဲကွ"

"လမ်းထိပ်မှာ မင်းအဖေ မူးပြီး ရမ်းနေလို့ကွ ရဲထိုက်ရ၊ အဲဒါ ဖော်ကြီးက ပိတ်တွန်းလိုက်တာ၊ မင်းအဖေ မြောင်းထဲမှာ ခွေလဲနေတယ်"

"မတတ်နိုင်ဘူးကွာ"

အာကာက ရဲထိုက်ကို မျက်လုံးပြူးပြီး ကြည့်၏။

ဖိုးချိုက 'ဟာကွာ မင်းဟာကလည်း' ဟုဆိုပြီး ရဲထိုက်ကို ခပ်တွေတွေလေး ကြည့်သည်။ သူက ဆေးပေါ့လိပ်ကို ခပ်ပြင်းပြင်းရှိုက်လိုက်ပြီး ဆေးလိပ်ငွေ့များကို ဖူးကနဲ မှုတ်ထိုက်လိုက်၏။

ရဲထိုက်မျက်မှာမှာ ဘာခံစားမှုမှ မပေါ်။

အာကာကတော့ ထိုင်ရာမှ ဆတ်ကနဲထသည်။



"တို့လိုက်သွားမှ ဖြစ်မယ် ရဲထိုက်၊ ဖော်ကြီးတို့အုပ်စုက ရိုသေမှုရှိတဲ့ကောင်တွေ မဟုတ်ဘူး၊ ဦးလေးမြို့ လိုမ့်ခံရလိမ့်မယ်"

"မတတ်နိုင်ဘူးကွာ"

"မဟုတ်သေးပါဘူး ရဲထိုက်ရာ၊ ကိုယ့်အဖေပဲကွာ၊ လာပါ၊ တို့လိုက်သွားမယ်"

ရဲထိုက် ထိုင်ရာမှ မထ။ အကြည့်က ဝေ့တက်သွားသည့် ဆေးလိပ်ငွေ့များဆီ ရောက်နေသည်။

"မင်းတို့ အေးအေးဆေးဆေး နေစမ်းပါ အာကာရာ"

"မင်းဘာစကားပြောတာလဲ ရဲထိုက်"

"မူးပြီး သူက စရမ်းတာ နေမှာပါ၊ ငါမျက်နှာနဲ့ ဖော်ကြီးတို့ကတော့ မတရားလုပ်မှာ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းသွားဖို့ ကောင်းပါတယ် ရဲထိုက်ရာ"

ဖိုးချိုကပါ ဝင်ပြောသည်။

ရဲထိုက်ကတော့ မလှုပ်မယှက်။ အာကာ ကင်းတဲပေါ်မှ ခုန်အဆင်းတွင် အမေ အပြေးကလေး ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"သား...သား...ဟိုမှာ မင်းအဖေ့ကို ဝိုင်းရိုက်နေကြ
တယ်၊ သွားဖြန်ပါဦးသားရယ်၊ သွားပါဦး"

ရဲထိုက် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

အမေ့မျက်ဝန်းမှာ ဝဲရစ်လာသော မျက်ရည်များကို ကြည့်ပြီး ရဲထိုက်မနေသာတော့။

အမေနှင့်ဆက်နွယ်ရသည့်အဖေ။

အဖေ ဦးအောင်ဖြိုး။

သူ့ရင်ထဲမှာ လုံးဝ လေးစားမှုမရှိသည့် အဖေ။

အမေ့မျက်နှာနှင့် ရဲထိုက် ကင်းတဲပေါ်မှ ခုန်ဆင်းလိုက်ရ၏။

☆☆☆

မြေပေါ်တွင်လှိမ့်နေသော အဖေ့ကို ဖော်ကြီးက အဆက်မပြတ်လှမ့်ကန်သည်။ အာကာပြေးဝင်မည်အပြုတွင် ရဲထိုက်၏ခြေခတ်အားက ဖော်ကြီးမျက်နှာပေါ်သို့ ဖြောင်းကနဲရောက်သွား၏။ နှစ်ပတ်လည်ပြီး ဖော်ကြီး မြေပေါ်သို့ လဲကျသွားသည်။



"ဟော့ကောင်တွေ၊ မင်းတို့ ဘယ်သူမှ မဝင်နဲ့"

အာကာအသံကြောင့် လှုပ်ရှားလာသော ဖော်ကြီး၏ အပေါင်းအသင်းနှစ်ယောက် တုန့်ကနဲ ဖြစ်သွားသည်။ အာကာကို ဖြုံသလို ရဲထိုက်၏ ခပ်ရမ်းရမ်းစိတ်ဓါတ်ကိုလည်း သူတို့သိ၏။

"မဟုတ်ဘူးအာကာ၊ ခုဖြစ်တဲ့ကိစ္စမှာ ဖော်ကြီးလွန်တာ မဟုတ်ဘူး၊ ရဲထိုက် အဖေက မူးပြီးတို့ဂစ်တာ တီးနေတာကို လာရမ်းတာ၊ တို့တောင်းပန်တာကိုလည်း မရဘူး၊ သူက ပုလင်းနဲ့စရိုက်လို့ ဖော်ကြီးနဲ့ဖြစ်တာ"

အာကာ့ကို ရှင်းပြနေသည့် စကားအသံ သူ့နားဆီသို့ ပြေးကပ်လာ၏။ မြေပေါ်တွင် လဲနေသော ဖော်ကြီးကို ပွဲသိမ်းချုပ်မည်ကြံစည်ပြီးမှ သူ့ခြေကို တန့်လိုက်ရသည်။

ဖော်ကြီးက ပါးစပ်မှ စီးကျလာသော သွေးစများကို လက်နှင့်သပ်ချပြီး ရဲထိုက်ကို စွေကြည့်သည်။

"မင်းအဖေက မူးပြီးရန်စတာကွ"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ဒါတွေ ထားပါ၊ ဟိုကမှုးပြီး ရန်လုပ်တာ တောင် မင်းဒီလောက် ရက်ရက်စက်စက် လုပ်ဖို့မ ကောင်းဘူး၊ ငါ့မျက်နှာကိုတော့ မင်းထောက်ရမှာပေါ့"

"ငါ့ကွာ မလုပ်ရင် မင်းအဖေက ပုလင်းနဲ့ရိုက်မှာကွ"

"ပြောပြီးပြီပဲကွာ၊ သူက သိပ်မူးနေတယ်၊ မင်းကို ဘယ်လိုမှ သူထိအောင် ရိုက်နိုင်မှာ မဟုတ်ဘူး၊ မူ တော့ မင်းက လုပ်ရက်လွန်းတယ်"

အမှားကို နားလည်တာလား၊ အညိုးအတေးထားသွား တာလားတော့ သူမသိ။ ဇော်ကြီးက လဲရာမှထပြီး သူ့လူများ ကို ခေါင်းဆတ်ခေါ်၍ ထွက်သွားသည်။

ရဲထိုက် ပင့်သက်အချမှာ ထံပါးသို့ အမေရောက်လာ ပြီး လဲနေသည့်အဖေ့ကို ထူသည်။ အဖေ့တစ်ကိုယ်လုံး ဖုန် မှုန့်များနှင့် လူးနေပြီး အရက်နံ့စူးစူးက ထွက်နေ၏။

"အမေ့ယောက်ျားကို ကြည့်ထိန်းဦးအမေ၊ ခုလိုမူးပြီး ရမ်းနေလို့ကတော့ အမေကလွဲပြီး ဘယ်သူကမှ သည်းခံမှာ မဟုတ်ဘူး"



သူ အခန်း ပခုံးကို လှမ်းဖက်ပြီး လမ်းမဘက်သို့ ထွက်ခဲ့၏။

"အမေ့ဝဋ်ဒုက္ခက မသေးဘူးအာကာရာ"

အာကာနှုတ်ဆိတ်နေသည်။

သူ့ဘဝကို အာကာသိပါ၏။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com

[၂]

"မင်းချွတ်မလား၊ မချွတ်ဘူးလား မခင်မူ၊ ပြောကွာ တစ်ခွန်းထဲပြော"

"အို...တစ်ခွန်းမကဘူး ဆယ်ခွန်းပြောမယ်၊ မချွတ်ဘူး၊ မချွတ်ဘူး၊ တစ်သက်မချွတ်ဘူး"

"အံမယ်၊ မင်းက ငါ့ကို အာခံသလား ကဲကွာ..."

ပစ်ပေါက်သံ၊ ထိခတ်သံများကြောင့် လှမ်းလာသည့် ရဲထိုက် ခြေလှမ်းများ အိမ်အဝင်နားလောက်တွင် တုန့်ကနဲ ရပ်သွားသည်။ အိမ်ထဲသို့ မျက်မှောက်ကြုတ်အကြည့်မှာ အသံများနားဆီသို့ ပြေးကပ်လာ၏။



"ရှင်သိပ်ရက်စက်တဲ့လူ၊ ကျမကိုယ်ပေါ်မှာ ရှင်ဆင်တဲ့ ရွှေတစ်ပဲသားတောင် ရှိခဲ့လို့လား၊ ပထမ အိမ်ထောင်လက်ထက်ကတည်းကကျန်ခဲ့တဲ့နားကပ်လေးကို ရှင်မို့လို့ အရက်သောက်ဖို့အတွက်ကြံစည်ရက်တယ်ရှင့်။ ရှင့်မှာ အရှက်နဲ့မာနဆိုတာ ရှိကောရှိသေးရဲ့လား"

"မရှိဘူးကွာ၊ မရှိဘူး၊ နလောလောဆယ် ငါ အရက်သောက်ချင်တယ်၊ မင်းနားကတ်ကိုချွတ်ပြီး ပေါင်မလား၊ မပေါင်ဘူးလား"

"မပေါင်ဘူး"

"အံမယ်၊ မင်းကတတယ်ပြီး အသံမာပါလား၊ ကဲ... မာဦးကွာ မာဦး"

အမေ့အော်သံနှင့်လဲပြိုသံများ ညံစီသွား၏။

ရဲထိုက် ရင်မှာ တင်းကနဲဖြစ်သွားပြီး အိမ်ပေါ်သို့ ပြေးကလေးတက်သည်။

အိမ်ပေါ်ရောက်တော့...

www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို ဦးအောင်ဖြိုးက အပေါ်မှခွစီးပြီး အမေ့နားမှ နားကပ်ကို အတင်းအဓမ္မချွတ်သည်။ အမေက ခေါင်းကို ဘယ်ညာတိမ်းစောင်းပြီးရှောင်သည်။ ဦးအောင်ဖြိုး၏ညာလက်ဝါးက အမေ့ပါးပြင်ပေါ်သို့ ဖြန်းကနဲ ရောက်သွား၏။

"ဦးအောင်ဖြိုး"

သူ့အော်သံကြောင့် ဦးအောင်ဖြိုး လက်ရှိန်တန့်သွားသည်။

"ခင်ဗျား၊ ကျုပ်အမေကို နှိပ်စက်တယ် ဟုတ်လား"

စကားဒေါသနှင့်အတူ အင်္ကျီကော်လန်ကိုနောက်မှ ဆောင့်ဆွဲပြီး မျက်နှာကို လက်ပြန်ရိုက်ချလိုက်၏။ ဦးအောင်ဖြိုးလည်ပြီး ကြမ်းခင်းပေါ် ပြိုဆင်းသွားသည်။

"ခင်ဗျားက ရှာမကျွေးတဲ့အပြင် ကျုပ်အဖေလက်ထက်ကပါလာတာလေးကိုတောင် ဖြုတ်ဖို့ကြံစည်သလားဗျ၊ ခင်ဗျားအသုံးမကျလို့ ကျုပ်အမေရဲ့လက်ကောက်တွေလည်းကုန်ပြီ၊ ခင်ဗျားအလကားလူကြီး"

"ဟော့ကောင်၊ မင်းနဲ့မဆိုင်ဘူးကွ"



ဦးအောင်ဖြိုး ကုန်းရုန်းထသည်။

ရဲထိုက် ခြေဖြင့်ဖြတ်ကန်မည်အပြုတွင် အမေက သူ့ ဝင်ဖက်ပြီး ဆွဲသည်။ အမေဝင်ဆွဲသည်ကို အခွင့်ကောင်း ပြီး ဦးအောင်ဖြိုးက ထရံမှ သားလှီးဓါးကို ပြေးယူ၏။

အမေ့မျက်လုံး ပြူးဝိုင်းသွားသည်။

"ကိုအောင်ဖြိုး ရှင်ပထွေးပီပီ မရမ်းကားနဲ့သိလား၊ ကျွန်မသားကို ရှင်မထိနဲ့"

"သတ်မယ်၊ နင့်သားကို ငါသတ်ရမှ ကျေနပ်မယ်"

စကားအသံသာထွက်လာပြီး ဦးအောင်ဖြိုး ခြေလှမ်းက တိုးမလာ၊ ရဲထိုက်က ဦးအောင်ဖြိုးမျက်နှာကို မထီတရီ ည်ပြီးရယ်လိုက်၏။

"သတ္တိကောင်းလို့ ပွဲတောင်းတာလား ဦးအောင်ဖြိုး ရယ်၊ ဓါးကိုင်တယ်ဆိုတာ ထိုးရဲတဲ့ သတ္တိရှိရတယ် ဗျ၊ ထိုးလေ၊ ထိုးလိုက်စမ်းပါ၊ ကျုပ်မှာ၊ ကျုပ်အဖေ သွေးအပြည့်အဝ ပါတယ်၊ လုပ်ရဲရင်ခံရဲတယ်၊ ဒါကို ခင်ဗျား သဘောပေါက်မလား"

ဦးအောင်ဖြိုး ဓါးကိုင်ပြီး တွေနေ၏။

www.burmeseclassic.com



"မှတ်မိတယ်နော်၊ ကျုပ်အမေကို ခင်ဗျား မူးမူးနဲ့
ပိတ်တွန်းခဲ့တုန်းက ခင်ဗျားကို ရှေ့သွားတစ်ချောင်
ကျိုးအောင် ကျုပ် ထိုးခဲ့တာကို"

"အေး အခု မင်းကို ငါက သတ်မှာကွ"

"ခင်ဗျား သတ်မယ်လို့ ကြိမ်းတိုင်း ကျုပ်သေမယ်
ဆိုရင် အခါတစ်ရာ မကတော့ဘူး"

သူတစ်လှမ်းတက်တော့ ဦးအောင်ဖြိုးက နောက်ကို
တစ်လှမ်းဆုတ်သည်။

"ခင်ဗျားမလုပ်ရဲဘူး မဟုတ်လား၊ ခင်ဗျား မလုပ်ရင်
ခင်ဗျားကို ကျုပ်လုပ်မယ်"

ရဲထိုက်က အမေ့လက်မှ ရုန်းသည်။

အမေက သူ့ကို တင်းကျပ်စွာဖက်ထား၏။

"သားရယ်၊ ခြေလွန်လက်လွန် ဖြစ်ပါ့မယ်သားရယ်
အမေ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ကွယ်"

"မဟုတ်ဘူး၊ အမေ့ယောကျ်ား သိပ်လူဝါးဝနေပြီ
ဖယ်စမ်းပါ အမေရာ၊ ဓါးကိုင်ပြီး ဘယ်လောက် သတ္တိ
ရှိတယ်ဆိုတာ သိချင်လို့ပါ"



အမေက သူ့ကိုမလွှတ်။

ဦးအောင်ဖြိုးကနောက်ကို ခြေလှမ်းဆုတ်ပြီး တက်တစ်
တ်ခေါက်ကာ ဓါးကိုနံရံဆီသို့ ပစ်ပေါက်၏။

"အေး... မင်းတစ်နေ့ ငါ့အကြောင်းသိမယ်၊ ရဲထိုက်၊
မိခင်မှု နင်လည်း နင့်သားရှိတုန်း လေကျယ်ထား
ဦးပေါ့ဟာ"

ပြောပြီး အိမ်ပေါ်မှ ဆင်းသွားသည်။

ရဲထိုက်က ဦးအောင်ဖြိုး၏ နောက်ကျောကိုကြည့်ပြီး
ခေါင်းကို အသာခါယမ်းသည်။ ရင်ထဲမှာတော့ အမေ့ကို
သနားမှုပဲ ရှိနေ၏။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com



"အမေ"

သူ့ခေါ်သံကြောင့် အမေက အကျီအစုတ်ကလေးများကို ဖါထေးရင်း သူ့မျက်နှာကိုကြည့်ပြီး....

"ဘာလဲသား"

"ပြောရမှာတော့ မကောင်းဘူးပေါ့ဗျာ"

ဆေးပေါ့လိပ်ကို ဖွာလိုက်သည်။

မီးခိုးငွေ့များကို အတွေးမဲ့ဖွာလိုက်ကြည့်နေမိ၏။

"ဘာပြောမှာလဲသားရဲ့...အမေ့ကိုမှ ပွင့်ပွင့်လင်းလင်း မပြောရင် သားဘယ်သူကို သွားပြောဖြစ်ဦးမှာလဲ"

"အမေ့ကို အားနာလို့ပါ"

အမေကပြုံးရင်း..

"သားအမိချင်း အားနာမနေပါနဲ့ကွယ်"

"ဒါဖြင့် ပြောမယ်နော်"

အမေက ခေါင်းညိတ်ရင်း သူ့ကို စိတ်ဝင်တစား ကြည့်၏။

"အမေ့ယောကျ်ားကို ကွာလိုက်ပါလားဟင်"

သည်စကားကိုတော့ အမေဘယ်လိုမှ မျှော်လင့်ထားသိမ့်မည်မဟုတ်။ စကားအသံထွက်မလာဘဲ အမေ့မျက်နှာ အဖျက်ပျက်အယွင်းယွင်း ဖြစ်သွား၏။

"အမေ စဉ်းစားကြည့်၊ အဖေ့လက်ထက်ကပါလာတဲ့ ပစ္စည်းဆိုလည်း သူ အရက်သောက်ဖြုန်းပစ်လို့ကုန်ပြီ၊ အမေ့ကိုလည်း ကြင်ကြင်နာနာ ပေါင်းလို့လား၊ ကျွန်တော်အိမ်မှာ မရှိရင် အမေ့ကို ရိုက်နှက်နှိပ်စက်နေတာပဲလို့ ဘေးကလူတွေက ပြောကြတယ် အမေ၊ အမေ စိတ်မချမ်းမသာဖြစ်မှာစိုးလို့ ဒီလူနဲ့ ကျွန်တော် ထိပ်တိုက်မတွေ့ခဲ့ဘူး၊ ကျွန်တော့် စိတ်ဓါတ်ကို အမေ သိပါတယ်ဗျာ၊ ဒီလူနဲ့ပတ်သက်ပြီး ကျွန်တော် စိတ်ကို အရမ်း ထိန်းသိမ်းနေရတယ်"

"သားရယ်... အမေနဲ့ပတ်သက်နေမှတော့ အဖေပဲ ပေါ့ကွယ်၊ သူက မူးနေရင်သာ မကောင်းတာ၊ မမူးရင် ကောင်းရှာပါတယ်"





www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အမေ ဦးအောင်ဖြိုးကို မပြတ်နိုင်ဘူးပေါ့၊ မကွာနိုင်ဘူးပေါ့"

"တစ်ပင်လဲလို့ အမေ တစ်ပင်ထူတယ်ကွယ်၊ အမေ့လက်ထဲမှာ ကောင်းမလာတာကတော့ အမေ့ကုသိုလ်ကံပဲပေါ့၊ ကွာလိုက်ပြီ ပြတ်လိုက်ပြီပဲထား၊ ပတ်ဝန်းကျင်က အမေ့ကို ဘယ်လိုပြောကြမလဲ၊ ပြီးတော့ ကွာတယ်ဆိုတာကလည်း သူက ကွာပေးမှ ကွာလို့ရတဲ့ဟာ"

"သူ အမေ့ကိုကွာပေးဖို့အတွက် ကျွန်တော်တာဝန်ယူမယ်လေ၊ သူနဲ့ပြတ်လို့ကတော့ ပတ်ဝန်းကျင်က အမေ့ကို ဘာမှ ပြောကြမှာ မဟုတ်ဘူး၊ ဝဋ်ကျွတ်သွားရှာပြီဆိုပြီး အမေ့အတွက် ဝမ်းသာပေးကြမှာ"

အမေ့ထံမှစကားသံ ထွက်မလာ။

အမေက ချုပ်ပြီးသည့် အကျႌလုံချည်ဟောင်းများကို သိမ်းဆည်းသလိုလုပ်ရင်း...

"သား အပြင်မသွားဘူးလား"



"စကားလမ်းကြောင်း မပြောင်းပါနှင့်အမေ၊ အမေ ဦးအောင်ဖြိုးကို မပြတ်နိုင်ဘူးအဟုတ်လား"

"သားရယ် အိမ်ထောင်ပြုတယ်ဆိုတာ ဈေးဝယ် သလို မကြိုက်ရင် ပြန်လဲလို့ရတဲ့ အရာမျိုးမှ မဟုတ်ဘဲကွယ်၊ တစ်နေ့သူ ဘာသာသူ ပြုပြင်လာမှာပါ"

"အမေ့ ယောကျ်ားလား ပြင်မှာ၊ နေထွက်ကနေ လထွက်တဲ့အထိ အရက်ကို ဖင်ထောင်အောင်သောက်နေတဲ့လူ၊ အမေ့ကိုဘာများလုပ်ကိုင်ကျွေးမလဲ၊ အမေ ဈေးရောင်းထွက်ရင် နောက်ကနေ တောင်းထမ်းလိုက်ပို့ပေးတာကို အလုပ်လို့ထည့်မပြောနဲ့၊ အဲ့ဒါကလည်း ဆယ်ခါမှာတစ်ခါလောက် အမေ့ကိုကူတာ၊ သူ အရက်ဖိုးရအောင် အမေ့ကိုကပ်ချွဲတာ"

သူ့စကားကို အမေက ရယ်ပါ၏။

"ရယ်မနေနဲ့အမေ၊ အမေ မပြတ်နိုင်ဘူးဆိုရင်တော့ ကျွန်တော်ဘာမှ ဆက်မပြောတော့ဘူး၊ တစ်ခုတော့

www.burmeseclassic.com

www.burmeseclassic.com



အမေ့ယောကျ်ားကိုပြောထား ကျွန်တော်ရှေ့မှာ အမေ့ကို ရိုတ်လား ပုတ်လားလုပ်ရင်တော့အသက်နဲ့ ကိုယ် အိုးစားကွဲပြီးလို့ ပြောလိုက်"

"သားကစိတ်ကြီးလိုက်တာ၊ ကိုအောင်ဖြိုးက မင်းရန်သူမဟုတ်ပါဘူး"

"အမေ့ကိုစော်ကားရင်တော့ ကျွန်တော်ရန်သူပဲဗျာ၊ နောက်ပြီးအမေ့ကိုလည်း ကျွန်တော်အံ့ဩတယ်"

အမေ့အကြည့် သူ့မျက်နှာဆီသို့ရောက်၏။

"ရှေ့တန်းမှာ တိုင်းပြည်အတွက် အသက်လှူသွားတဲ့ အဖေ့မျက်နှာကို အမေ မထောက်ဘူး၊ နောက်အိမ်ထောင် ထူထောင်တယ်"

"သားအဖေ တိုက်ပွဲမှာကျပြီး သုံးနှစ်ပြည့်မှ အမေထူထောင်တာပါကွယ်"

"အဲဒီလူကလည်း ကောင်းကောင်းကန်းကန်းပဲဗျာ"

အမေ့မျက်နှာ ခပ်ဝေဝေလေးဖြစ်သွား၏။



အတန်ကြာလောက်တော့မှ...

"တစ်နေ့တော့ နားလည်လာမှာပေါ့ကွယ်"

"လာပြန်ပြီ တစ်နေ့နားလည်လာမှာပေါ့တဲ့၊ တစ်နေ့မပြောနဲ့ တစ်သက်နားလည်လာမဲ့လူမဟုတ်ဘူး"

အမေ သူ့ကို ဘာမှမပြောတော့။

ညကိုးနာရီ ခွန်းစွန်းလောက်မှာ ဦးအောင်ဖြိုးဒယီးဒယိုင်နှင့် ပြန်ရောက်လာသည်။ သူနှင့်အမေ့ကို ကြည့်ပြီး အိပ်ခန်းထဲဝင်သွား၏။

ရဲထိုက်က အသံကိုနားစွင့်သည်။

ငါးမိနစ်ခန့် အကြာတွင် အိပ်ခန်းထဲမှ ဝေါကနဲထိုးအန်သံ ထွက်ကြားရ၏။

"သွားလိုက်အုံးလေ၊ အမေ မလာလို့ အော်ဆဲနေရင် ကျွန်တော်နဲ့ပြဿနာတက်မယ်၊ အမေကတော့ အရက်သမားကို ရွေးယူမိသလိုဖြစ်နေပြီ၊ အန်ဖတ်ဆိုပြီး ဘယ်တော့ သေမလဲ မသိဘူး"

"သားကလည်းကွယ်" -

www.burmeseclassic.com

www.burmeseclassic.com



အမေထွက်သွားမှ သူကြမ်းပြင်ခင်းပေါ် ကျောကိုလှဲချသည်။ ရင်ထဲမှာညနေက အဖြစ်အတွက် စိတ်မကောင်း။

တကယ်တန်းကျလည်း...

ပထွေးဖြစ်သူ ဦးအောင်ဖြိုးက မကောင်းမကောင်းပဲ နိုင်လွန်းသည်။

☆☆☆

[၃]

ရင်မှာသိမ့်ကနဲ ဖြစ်သွားပြီး တိုက်ပြီဆိုသည့် အသိက ...နှောက်ထဲသို့ ဒိုင်းကနဲရောက်လာ၏။

ကိုယ်ရှိန်ကို တန့်လိုက်သော်လည်း မရ။

ရင်ညွှန့်သည် ကား၏ကိုယ်ထည်နှင့် ခပ်ဆတ်ဆတ် ...ိသွားသည်။ သူလမ်းပေါ်သို့ ဖင်ထိုင်အကျဝယ် ကား ...ရိုတ်အုပ်သံ ခပ်ကြမ်းကြမ်းကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ"

အသံနှင့် အတူကားတံခါး ဖွင့်သံ။

ပြီးတော့ကားပေါ်မှ ဆင်းလာသည့် ခြေတစ်စုံ။

ဆိတ်ငြိမ်ရပ်ကွက်၏ လမ်းချိုးကွေ့ဖြစ်သဖြင့် အေး ပတ်ဝန်းကျင် လူရှင်းသည်။ နံနက်ခင်းက ပီပီသသ ဖြစ်နေ၏။

ထံပါးမှာတန့်သွားသည့် ခုံဖိနပ်စီး ခြေထောက်လှလှ လေးသည် သူ့ကို စွဲဆောင်မှု မရှိသည်ကိုတော့ သူသိသည်။

ခပ်မျက်မျက်ဝေဒနာလေးမှ လွဲ၍ ကြီးကြီးမားမားဒဏ် ရာ မရှိခြင်းကိုတော့ ရဲထိုက် ကိုယ့်ကိုကိုယ်သိ၏၊ အပြစ် ကလည်း မိမိအပြစ်၊ လမ်းဖြတ်လမ်းကူး ပေါ့ဆတတ်မှုကြောင့် သည်လိုအဖြစ်မျိုးကိုလည်း သူ မကြာခဏ ကြုံခဲ့ဘူးသည်။

သူကိုယ်ကို အလွန့်မှာ သူ့နဘေးသို့ မွှေးရနံ့ သင်း သင်းနဲ့ကောင်မလေးကဒူးကိုညွတ်ကွေးပြီး သူမ၏လက်ချောင်း ကလေးများ သူ့လက်မောင်းပေါ် ကျရောက်လာသည်။

"မကိုင်နဲ့ဗျာ"



"အယ်..."

လက်ကလေးတန့်သွားပြီး သူမမျက်နှာပေါ်မှာ အံ့ဩ ခြင်းများ ရုတ်ချည်းဖြစ်ပေါ်လာ၏။

"တောင်းပန်မလို့ပါ တော်တော်နာသွားမှာပဲနော်"

"မနာပါဘူး"

သူ့အသံခပ်ဆတ်ဆတ်ကို သူမက အတော်သည်းခံနေ ပုံရ၏။ သူက လက်ကိုအားပြုထောက်ပြီးလဲရာမှ မတ်တတ်ထ ရပ်လိုက်သည်။ ခြေထောက်မှာ မျက်တက်တက်ကလေး ဖြစ် သွားသည်ကို သိလိုက်၏။

"တောင်းပန်တာကို လက်ခံပါ"

"တယ်ခက်ပါလား၊ ဘယ်သူကတောင်းပန်ခိုင်းလို့ ခင်ဗျားက တောင်းပန်စကားကို ထပ်ခါတလဲလဲ ပြော နေရတာလဲ၊ ကျုပ်အပြစ်နဲ့ ကျုပ်မို့ဘာမှ မပြောဘဲ နေ တာ၊ လမ်းဘေးမှာ လျှောက်တုန်းဝင်တိုက်လို့က တော့ခင်ဗျားကားကို စိစိညက်ညက်ကျေအောင် နဲ့ ထုမှာ"

"ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဟင်းရပြန်တာလဲ၊ ဘာမှန်းလည်း မသိဘူး၊ လမ်းပေါ်မှာ အကြောင်ကြောင်နဲ့"

စကားကိုပိုင်းဖြတ်ပြီး ရဲထိုက်က ကိုယ်ကိုချာကနဲ လှည့်ပြီးထွက်သွားသည်၊ မြေလှမ်းကို မှန်မှန်လျှောက်ရင်း ကိုက်ငါးဆယ်လောက်အရောက်တွင် သူမ၏ ဓနုရောင် ဆန်နီရောင်ပါ ဆလွန်းကားလေး နံဘေးသို့ရောက်လာ၏။

"လိုက်ပို့ပေးမယ်လေ"

"ဘယ်ကိုလဲ"

"အိမ်ကိုပေါ့ ဒါမှမဟုတ်ရင် သူသွားချင်တဲ့ နေရာတစ်ခုခုကိုပေါ့"

"ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့လဲဟင်"

"ခင်ဗျားနဲ့ ကားစီးသွားတာကို သူငယ်ချင်းတွေ တွေ့ရင် တို့ကို အထင်လွဲသွားမှာပေါ့"

သည်တစ်ခါတော့ သူမ မျက်နှာ စပ်တင်းတင်းလေး ဖြစ်သွား၏။ သည်အနေအထားပေါ်မှာလည်း ရဲထိုက်က သူမအပေါ် စိတ်ဝင်စားခြင်းမရှိ၊



"ကြိုးကျယ်လိုက်တာ ဒီဘက်ကအလွန် ဖြစ်မှာစိုးလို့ စေတနာနဲ့မေးတာ၊ ဘယ်လိုလူမှန်းမသိဘူး၊ သူ့ကိုယ်သူ ရုပ်ရှင်ရိုက်နေတယ်များ ထင်နေလားမသိဘူး၊ ဖွတ်...ရူး"

ဂီယာကို စပ်ကြမ်းကြမ်းတင်ပြီး ဝူးကနဲမောင်းထွက်သွားသော ကားကလေးကို ကြည့်ပြီး ရဲထိုက်ပြုံးလိုက်ပါ၏။

သို့သော်လည်း အကြောင်းအရာ တစ်ခုကတော့ သူ့ထံ အပ်ညှိပါလာပါသည်။

☆☆☆

"ဖွတ်...ရူးဆိုတာ ဘာအဓိပ္ပါယ်လဲကွ"

"အေး... ငါလည်း အဲဒါကို တစ်လမ်းလုံး စဉ်းစားလာတာ၊ လှမ်းအော်ခေါ်ပြီး မေးဦးမလို့ပဲကွ ကားက မောင်းထွက်သွားတာ အရမ်းမြန်လို့"

www.burmeseclassic.com

www.burmeseclassic.com



အာကာက သူ့မေးစေ့မှ တစ်ပင်ထဲသော မွေးမျှင်က လေးကို လက်နှင့်ပွတ်သည်။ ဖွတ်...ရှူးဆိုသည့် ပြဿနာကြီး က လက်ဖက်ရည်ဝိုင်းတွင် အတော့်ကို အဓိပ္ပါယ် ဖော်မရဖြစ် နေ၏။

"အဓိပ္ပါယ်ရှိတယ်ကွ အဓိပ္ပါယ်မရှိဘဲနဲ့တော့ ငတိမ မင်းကို ဖွတ်...ရှူးလို့ပြောမသွားဘူး"

ဖိုးချိုကပြောပြီး လက်ဖက်ရည်ခွက်ကို မယူသော သည်။ လမ်းဘေး လက်ဖက်ရည်ဆိုင်ကလေးကတော့ သူ သူငယ်ချင်းသုံးယောက် ထိုင်နေကျဆိုင်၊ စရေပင်ကြီးအော မှာတည်ရှိပြီး ကဗျာဆန်သည်ဟု ဖိုးချိုကပြောဘူး၏ ဒါကလည်း သူစိတ်မဝင်စားသည့်အရာ။

"အင်း... ဖွတ်ရှူး...ဖွတ်ရှူး တော်တော်အစဉ်း စာ ခက်တယ်ကွာ၊ ပြောင်းပြန်လှည့်ခေါ်ရင်တော့ ရှူး ဖွတ်လို့ပဲ အသံထွက်မှာပဲ၊ ရှူး...ဖွတ်ဆိုတာလည်း ဘာမှအဓိပ္ပါယ် မရှိဘူး"



အာကာက နက်နဲစွာ ဆက်တွေးသည်။

သူတို့နှစ်ယောက်ကို ကြည့်ပြီးရဲထိုက် အနည်းငယ် စိတ်ပျက်ချင်လာ၏။ ပြောမိကာမှ လက်ဖက်ရည်ဆိုင်တွင် ဖွတ်...ရှူး ဆိုသည့် ပြဿနာက အဓိကကျနေ၏။

"ဦးနှောက်ခြောက်ခံပြီးတော့ တွေးမနေစမ်းပါနဲ့ကွာ၊ ဒီတစ်ခါ ငတိမကိုဘယ်မှာတွေ့တွေ့ ငါလိုက်မေး မယ်၊ ဖွတ်...ရှူးရဲ့အနက်အဓိပ္ပါယ်ကို ဖွင့်ပေးပါလို့"

"ငတိမက တော်တော်လှလား ရဲထိုက်"

ဖိုးချိုက ဖြတ်မေးသည်။

"လှတယ်ကွ လှတာမှရက်ရက်စက်စက်ကိုလှတယ်၊ သူ့မျက်လုံးရွဲကြီးတွေက မည်းနက်နေတာပဲ"

"ဒါတောင် မင်းက ဗွကလန့် စကားပြောခဲ့ရလားကွ"

အာကာက သူ့ကို မချင့်မရဲ ဖြစ်နေပုံရသည်။

သူ၏ရက်ရက်စက်စက်ကို လှတာဆိုသည့် စကားအ ဓိပ္ပါယ် ငတိနှစ်ကောင် စိတ်ဝင်စားပုံရ၏။

"ခင်းသာလီမှာပါ၊နုပ်ရင် အနေအထားက တကယ် ကို စာတ်လမ်းဖွင့်လို့ ကောင်းတဲ့ အနေအထားကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ တမင် ဂျစ်တိုက်ပစ်လိုက်တာ"

"ဘာဖြစ်လို့လဲ"

"မိန်းမလှဆိုတဲ့ငတိမတွေကယောကျ်ားတစ်ယောက်ကို နွဲ့နွဲ့ကလေး လုပ်ပြလိုက်ရင် သွားကြီးဖြည်းသွားမယ်လို့ ထင်နေကြတာ၊ ဒီနေ့နံနက်ခင်းမှာ သူတို့တွေ အရိုးစွဲနေတဲ့အတွေးအခေါ်ကို ငါ တော်လှန်ပစ်လိုက်ပြီကွ"

"ဂုဏ်ယူပါပဲကွာ"

အာကာက လေးလေးသွဲ့သွဲ့ ပြောပြီး ဖိုးချိုက…

"လှပလာမယ့် ဇာတ်လမ်းတစ်ခုကို မင်းဖျက်ဆီး ပစ်လိုက်တာပဲ ရဲထိုက်၊ တကယ်ဆိုသူက ကားပေါ်ကဆင်းပြီး မင်းကိုထုမယ်ကွာ၊ တောင်းပန်ပါတယ်နော်စိတ်မကောင်းပါဘူးနော်၊ သူ ဘယ်နာသွားသေးလဲဟင်ဆိုတဲ့ အကြင်နာစကား ဆိုမယ်ကွာ၊ မင်းက နည်းနည်း နာတာတောင် များများနာပြမယ်ကွာ၊ သူ ပျာယာခတ်သွားတာနဲ့ ဇာတ်လမ်းက လှလှပပလေး ဖြစ်သွားရမဲ့ဟာ ခုတော့ကွာ…"



"ငါက မိန်းမဆိုရင် ငါ့အမေကလွဲလို့ ဘယ်သူ့ကိုမှ ကြည့်လို့ရတာ မဟုတ်ဘူး နောက်ပြီး ကောင်မလေးတွေနဲ့ ပတ်ပတ်သက်သက်ကို မလုပ်ချင်ဘူးကွာ၊ ဒါက ငါ့ဘ၀ အခြေအနေတွေလည်း ပါပါတယ်"

"မင်း မပတ်သက်ဖူးလို့ပါ"

စကား မတုန့်ပြန်မဲ့ ဖိုးချိုဆက်လာမည့်စကားကို သူ နားစွင့်သည်။

"မိန်းကလေးတွေရဲ့ ရင်ထဲမှာ နူးညံ့တဲ့ အချစ်ရှိသလို နက်နဲတဲ့အချစ်လည်းရှိတယ်ကွ၊ ဘယ်လိုအချစ်ပဲ ရှိရှိပေါ့ကွာ၊ အချစ်ဆိုတာ အရမ်းစိတ်ဝင်စားစရာ ကောင်းတယ်၊ နောက်ပြီးပျော်စရာလည်း ကောင်းတယ်၊ သူတို့ရဲ့နူးညံ့တဲ့ စိတ်ပိုင်းဆိုင်ရာက ဖြစ်ပေါ်လာတဲ့ အကြောင်းတရားတွေကို မင်းကြမ်းကြမ်းတမ်းတမ်း သွားလုပ်လို့မရဘူး သွားပြောလို့ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေသော်လည်း အကြောင်းစကားတွေက သူ့ ရင်မှာ ထူးခြားမှုမရှိ၊ မိန်းမတွေရဲ့ အလှနှင့်အချစ်သည် လက်ဖက်ရည်ရှိုဆိမ့် တစ်ခွက်၏ အရသာလောက် မက်မောတွယ်တာဖွယ်မရှိဟု သူက ယုံကြည်ထားသည်။

"ဖိုးချိုပြောသလို မင်းစာတ်လမ်းလေး ဖွင့်လိုက်ဖို့ တော့ ကောင်းတယ်"

"စိတ်ကူးမယဉ်ချင်ဘူးကွာ၊ ခံလည်း မခံစားချင်ဘူး၊ နောက်ပြီး တေမ အခြေအနေကသေးသေးကွေးကွေး ထဲကလည်း မဟုတ်ဘူး၊ ဒါ မင်းတို့ပြောသလို ငါ စာတ်လမ်းဖွင့်တော့ကော သူက ပွင့်မှာမို့လို့လား၊ ငါ့ ကိုကားနဲ့လိုက်ပို့လည်း သူ့တာဝန်ပိုင်းလောက် အနေ အထားနဲ့ပဲ ဆက်ဆံမှာပေါ့၊ ငါ့ကိုအထင် အမြင်သေး ပုံရရင် ဆေးဖိုးငါးရာ တစ်ထောင်ထုတ် ပေးမယ်ကွာ၊ မင်းတို့ပြောသလို စာတ်လမ်းကတော့ ပေရှည်သွားမှာ မဟုတ်ဘူး"





သူ့စကားကို ဖိုးချိုက ခေါင်းတယမ်းယမ်းနှင့် လက်ခံ၊ အာကာက ရေနွေးအိုး မ,ပြီး ရေနွေးလှမ်းတောင်း သည်။

"ဒါကတော့ မင်းကရွဲရမှာပေါ့ ရဲထိုက်ရာ"

"ဘယ်လို ရွဲရမှာလဲ"

"မင်း တော်တော်ကိုတုံးတဲ့ကောင်ပါလွား၊ ရွဲတယ်ဆိုတာက သူ့ကားနဲ့ဝင်ဆောင့်လို့ မနာတဲ့ဒဏ်ရာကို သူ့ရှေ့မှာ အား...ကျွတ်..ကျွတ်လို့ ညည်းပြရမယ်၊ သူက သူ့ကြောင့်ဖြစ်ရတာဆိုပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်မယ်၊ ဒီတော့ မင်းက ရပါတယ်ဗျာ၊ အပြစ်က ကျွန်တော့်အပြစ်ပါဆိုပြီး ကဗျာလေးတွေနဲ့ နွဲ့ပစ်ရမယ်၊ မိန်းမပဲကွာ၊ သူတို့သနားစိတ်ဝင်လာပြီဆိုရင်သူတို့ နှလုံးသားကို တစ်ဝက်သိမ်းပိုက်ထားမိပြီလို့ မှတ်လိုက်"

အာကာကတော့ ခေါင်းတညိတ်ညိတ်။

"မင်းပြောသလို သနားမှု ဖြစ်ရင်လည်း တစ်ခထော နေမှာပေါ့ ဖိုးချိုရာ၊ တို့လို နွမ်းနွမ်းပါးပါး ဘဝမျိုးထဲက ကောင်တွေကို မိန်းကလေးတွေက မသနားတတ်ဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ မင်းက မိန်းမအကြောင်း ဘာနားလည်လို့လဲ၊ အချစ်နဲ့ပတ်သက်တဲ့ ဝတ္ထုတွေကော တစ်အုပ်တောင် ဖတ်ဖူးလို့လား"

"မဖတ်ဖူးပါလား"

"မင်း ငါ့ကို တတ်ယောင်ကား လာပြောမနေနဲ့၊ ရဲထိုက်၊ အချစ်မှာ မျက်စိ မရှိဘူးကွ၊ ချမ်းသာတဲ့ သူချင်းညားရမယ်၊ ဆင်းရဲတဲ့သူချင်း ညားရမယ်လို့ အစိုးရက အမိန့်ထုတ်မထားဘူး"

"အစိုးရကတော့ ဘယ်ထုတ်မလဲကွ၊ သူတို့မိဘတွေကတော့ တစ်ရက်လွှတ်အမိန့် ထုတ်မှာပေါ့"

"ဟုတ်တယ်၊ အဲဒါတော့ ရဲထိုက်ပြောတာမှန်တယ်"

ဖိုးချိုက အာကာကို ဆတ်ကနဲကြည့်၏။ အာကာက မသိကျိုးကျွံပြုပြီး အကြမ်းပန်းကန်ထဲ ရေနွေးငှဲ့ထည့်နေသည်။

"အဲဒါက သူတို့မိဘတွေနဲ့ ပတ်သက် ဆက်နွယ်တဲ့အကြောင်းတရားလေကွာ၊ သူတို့ရင်ထဲက အချစ်နဲ့တော့ မပတ်သက်ဘူး"





လက်ဖက်ရည်ဆိုင်မှာ အချစ်ဒဿနတွေက ကျယ်လောင်နေ၏။ လက်ဖက်ရည်လာသောက်သူများကပင် သူတို့စားပွဲဆီသို့ တစ်ချက်ကို တချေတချောင်း လှမ်းကြည့်ကြသည်။

"ဒီမယ်ဖိုးချို၊ မင်းအချစ်တွေ အနှစ်တွေကို တို့စိတ်မဝင်စားဘူး၊ ခု... တို့စိတ်ဝင်စားနေတာက ဖွတ်...ရှုး ဆိုတဲ့ ပြဿနာကွ"

ဖိုးချိုငြိမ်သွားသည်။

အာကာ့စကားကြောင့် အတွေးထဲသို့ ဖွတ်...ရှုးကြီး ရောက်လာပြန်၏။ အလုပ်တော်တော် ပြန်ရှုပ်သွားသည်။

"အင်း...မင်းကို အချစ်ဦးလို့ ခေါ်လိုက်တာကို မင်းက ဖွတ်...ရှုးလို့များ ကြားလိုက်တာလားရဲထိုက်ရာ"

"အဓိပ္ပါယ်မရှိကွာ၊ သူက ငါ့ကိုအချစ်ဦးလို့ ဘာလို့ခေါ်ရမှာလဲ၊ ခေါ်မယ့်ခေါ်ရင် အရူးလို့ပဲ ခေါ်မှာပဲ"

စကားကို သဘောကျစွာဖြင့် အာကာနှင့်ဖိုးချိုတို့ ရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



သည်သို့နှင့်သူတို့သုံးယောက် ဖွတ်…ရှူးဆိုသည့် အဓိပ္ပါယ်ကို ဆက်စဉ်းစားကြသည်။ ငြင်းခုံကြသည်။ ဓါတ်ကြသည်။

ဖွတ်…ရှူးကြီးသည် လက်ဖက်ရည်ဝိုင်းတွင် အလည်လည်ကြီးဖြစ်နေတော့၏။

☆☆☆

[၄]

"ဈေးရောင်း မကောင်းဘူးကွယ်၊ လူစည်ပြီးတော့ အလကားပဲ"

တောင်းကို ပခုံးပေါ်ထမ်းလျှောက် နေရင်းမှ ရဲထိုက်ခွလှမ်းကို စိပ်လိုက်သည်။

"အမေ့ကို ပြောသားပဲ၊ ကုန်ပြောင်းတင်ပါလို့"

"ဘာကို ရောင်းရမှာလဲ"

"ဂေါ်ဖီလာသားရောင်း အမေရာ၊ ဒိုင်နီဆောက်တော့ အခြေအနေအရ တင်ပေါ့၊ ဝယ်အားကောင်းရင် ဒိုင်နီ

www.burmeseclassic.com

www.burmeseclassic.com



ဆောအသည်းနှလုံးပါ တင်ရောင်းရင် ကြက်မြစ်ကြက်သည်းတဲ့ ဈေးသည်တွေ ထိုင်ငိုသွားမယ်"

"ဈေးရောင်းမကောင်းရတဲ့အထဲ ဒီကောင်လေး ပေါက်တီးပေါက်ရှာတွေ လာပြောနေတယ်"

ရဲထိုက် တဟားဟားရယ်သည်။

အမေက သူမ၏ နားသယ်စပ်မှ စီးကျလာသော ချွေးစကိုလက်နှင့်အသာသပ်တင်သည်။

"မင်းအဖေ အိမ်မှာ ရှိလား"

"အမေ့လူကြီးက၊ ဘယ်ကအရက်တစ်လုံး ရလာသလဲမသိဘူး၊ အိမ်ဦးခန်းမှာ ပုလင်းထောင်ပြီး မြိန်နေတယ်၊ ကျွန်တော့်ကိုတောင် ရဲထိုက်လာကွာ၊ အမြည်းစားဆိုပြီး စေတနာပိုနေသေးတယ်"

"သူမှာ အမြည်းဝယ်ဖို့ ပိုက်ဆံရှိလို့လား"

"အဲဒါတော့ မသိဘူး၊ အမြည်းကတော့ ဘဲကင်အမေရေ၊ အချိုရည်တွေနဲ့ အိနေတာပဲ၊ ကျွန်တော်တောင် တစ်ဖတ်နှစ်ဖတ် ဝင်စားခဲ့သေးတယ်"





အမေ့မျက်နှာတွင် ပြုံးရိပ်ထင်သည်။

သူနှင့်ဦးအောင်ဖြိုးကို အမေက ရင်းရင်းနှီးနှီးနေတာမြင်ချင်သည်။ ဦးအောင်ဖြိုးဆိုသည့် ပုဂ္ဂိုလ်ကလည်း မမူးလျှင်အရမ်း ကောင်းသည်။ မူးပြီဆိုရင်တော့ အမေ့ကို ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ကျိုကျိုတော့၏။ နောက်ပြီး ရပ်ကွက်လူထုကိုလည်းဝိုင်းတကာဆဲနည်းများနှင့်ပက်ပက်စက်စက်ကိုင်တုတ်တာတ်သည်။

"ကိုအောင်ဖြိုးက စိတ်ရင်းစေတနာ မဆိုးပါဘူး သားရယ်၊ သူ့ကောင်းတဲ့စိတ်ကလေးကို အရက်က ဖျက်ဆီးနေတာပါ"

"ဆယ့်နှစ်ရာသီ အရက်သောက်နေမှတော့ ကောင်းတဲ့စိတ်ကဘယ်အချိန်မှာ ပေါ်လာနိုင်မှာလဲ အမေရဲ့၊ အမေ့ယောကျ်ားတော့ အသည်းမှ ရှိသေးရဲ့လား မသိဘူး"

"ဘာဖြစ်လို့"

"ဒီလောက် နေ့ရောညရောအရက်သောက်နေမှတော့ အသည်းကျွမ်းလောက်ပြီပေါ့အမေရ"



www.burmeseclassic.com

www.burmeseclassic.com



"သေသွားလည်း အေးတာပေါ့ကွယ်"

အမေ့စကားကို ရဲထိုက်ရယ်တော့ အမေက မလုံမလဲ နှင့်ပြုံး၏။

"မင်းက ဘာရယ်တာလဲ"

"အမေကတော့ အပြောကောင်းဗျာ၊ သေသွားအေး တာပဲတဲ့ ကျွန်တော့်ရှေ့မှာ ဟန်လုပ်ပြီးပြောမနေ စမ်းပါနဲ့ အမေရာ ဒီအရက်အိုးကြီးကို အမေအရမ်း မြတ်နိုးနေပြီးတော့"

"တော်စမ်းကောင်လေး ငါ့ကို နားရှက်စရာတွေလာ ပြောမနေနဲ့"

အမေမျက်နှာကို တဖက်သို့လွှဲသည်။

တက်နေကပူအားကောင်းဆဲ။ တောင်းဝက်မျှကျန်သော ကြက်သွန်၊ ငရုတ်များ၏ဖိအားက ပခုံးစွန်းကို ကျဉ်တက်လာ သည်။ ခေါ်ကိုလေးငါးလှမ်းမျှ ဆက်လှမ်းပြီး တောင်းကို ပခုံးမှ ချသည်။

++++++++++++++++++++++++++++++++++++++++





"လေးပြီလား၊ အမေ့ ပေးလေ"

"ရပါတယ် အမေရာ၊ ဒါနဲ့ ကြက်ဥတွေကော ရောင်း ကုန်ရဲ့လား"

အမေ့လက်ထဲမှ ကြိမ်ခြင်းတောင်းကြီးကို ကြည့်ပြီးမေး သည်။ လမ်းဘေးတစ်နေရာတွင် ဆီနှင့်ငရုတ်၊ ကြက်သွန် ရောင်းချစားရသော ရဲထိုက်တို့ဘဝသည် ကုံလုံပြည့်စုံသည့်ဘဝ မျိုးထဲမှမဟုတ်။ လက်လှုပ်မှ ပါးစပ်လှုပ်ကြရသည်။

ကြက်သွန်တွေ ရောင်းမကုန်၍ ရက်ကလေးကြန့်ကြာ လာလျှင် အညှောင့်အတက်တွေက ထွက်လာတတ်၏။ ထို သည့်အခါ အရှုံးကို အမေ ရင်ဆိုင်ရသည်။

"ကုန်တယ်သား ငါ့သားရဲ့ မွေးမြူရေးခြံထွက်တော့ အမေတို့ စားဝတ်နေရေးအတွက် တကယ့်ကို တအား ပဲ"

အိမ်နောက်ဘက် မြေကွက်တွင်တဲငယ်လေး ထိုးပြီး တစ်နိုင်တစ်ပိုင် မွေးမြူထားသည့် ဥစားကြက်မ အကောင် ငါးဆယ်ကို ပြေးမြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကြက်တွေမွေးခဲ့စဉ်က ဝါသနာကြီးမားပြီး မွေးခဲ့သည်မဟုတ်။ တစ်နယ်တစ်ကျေးသို့ ပြောင်းမည့် သူငယ်ချင်းက လက်ဆောင်အဖြစ်ပေး၍ မွေးထားခြင်းမှ စီးပွားရေးတွက်ခြေကိုက်မှန်း သူသိလာခဲ့ရသည်။

သူစနစ်တကျ မွေးလာတော့ ရေရှည်မှာ မဆိုး။ ကာကွယ်ဆေးကို သူအချိန်အခါနှင့် ထိုးသဖြင့် အသေအပျောက်မရှိသည်ကို ဝမ်းသာနေရ၏။

"မြန်မာကြက် သုံးလေးကောင်လောက် ဝယ်ပြီးအကောင်ဖောက်ဦးမယ်၊ ဒါပေမယ့် အမေရာ ကြက်မွေးရတာလည်း ရင်တထိတ်ထိတ်ပါ"

"ကြက်တွေကို မြွေဝင်ဆွဲလို့လား၊ လင်းမြွေတွေက ကြက်ဥကို ဖောက်သောက်တတ်တယ်"

"မြွေဝင်ဆွဲလို့ကတော့ အသေကိုရိုက်သတ်ပြီး ဟင်းလုပ်ပစ်မှာပေါ့အမေရာ၊ ခုဟာက ခြံထဲကို မြွေဝင်တာမဟုတ်ဘူး၊ အမေ့ယောက်ျား"

"ဟင်"



"အမေ့ယောက်ျားက ကြက်တွေကို လာ,လာပြီး မျက်စောင်းထိုးနေတာ၊ ဟိုနေ့ကလည်း ကျွန်တော် ဥကောက်ထားတာ အလုံးလေးဆယ်၊ ပြန်ရေကြည့်တော့သုံးလုံးလျော့နေတယ်၊သုံးလုံးကိုအမေ့ယောက်ျားယူလိုက်တာ"

"နှစ်လုံး သုံးလုံးလေးနဲ့ သားရယ်"

ရဲထိုက် စကားမဆက်၊ လမ်းလျှောက်ရင်း အမေ့အကြောင်း စဉ်းစားနေမိသည်။

အမေနောက်အိမ်ထောင်ထူခြင်းနှင့်ပတ်သတ်၍ မကျေနပ်သော်လည်း အမေ့ကို အပြစ်မဆိုချင်၊ အသက် ဆယ့်ရှစ်နှစ်မှာ အဖေနှင့်အိမ်ထောင်ကျသောအမေသည် သူ့ အသက် နှစ်ဆယ်တွင် မုဆိုးမဖြစ်သည်။ သူ့ အသက် နှစ်ဆယ့်သုံးနှစ်တွင် နောက်အိမ်ထောင်ပြုသောအခါ အမေ့အသက်သည် လေးဆယ်စွန်းရုံမျှ ရှိသေး၏။ လေးဆယ်ဝန်းကျင်သည် အမေ့အတွက် အရွယ်ကောင်းပါ။ ထို့ကြောင့် သည်အချက်နှင့်ပင် သူ အမေ့ကို ခွင့်လွှတ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"ဘာလဲ"

"အမေ့ဆိုင်ဘေးမှာ ပန်းရောင်းတဲ့ ကောင်မလေးကို ကျွန်တော်အစက မတွေ့မိပါလား"

"အဲဒါဘာဖြစ်လဲ"

"အမေကလည်း မေးကြည့်တာပါ၊ ကောင်မလေးက မဆိုးဘူးဗျ၊ အမေ့ကို ဈေးကူသိမ်းပေးတော့ ကျွန်တော့်ကို လှည့်ကြည့်လှည့်ကြည့် လုပ်ပြီး မျက်စိမှိတ်ပြတယ် အမေရ၊ အမေ့သား ဖိုးစွံကြီးဖြစ်နေတာကို ခုမှ တိတိကျကျကြီး သိရတယ်ဗျာ ဟား... ဟား"

ရယ်ထိုက်က ရယ်သည်ကို အမေက မျက်စောင်းထိုးပြီး...

"ထမနေနဲ့၊ အဲဒီကောင်မလေးက မျက်ကြောလိုက်နေတာ၊ မင်းကို မျက်စိမှိတ်ပြတာမဟုတ်ဘူး၊ ပြီးတော့ သူ့မှာယောကျ်ားနဲ့"

"အမ်..."



"ဘယ်လိုကောင်လေးမှန်းလည်းမသိဘူး၊ အပျိုလား၊ အအိုလားဆိုတာ မစုံစမ်းဘဲနဲ့"

သူ အမေ့မျက်နှာကို မကြည့်တော့။

ရှက်စိတ်နဲ့ တစ်ကိုယ်လုံး ပူထူနေဆဲမှာ ကားတစ်စီးက နံဘေးမှာ တုန့်ကနဲ ရပ်လာ၏။

သူနှင့်အမေ ကားကို ဆတ်ကနဲ လှည့်ကြည့်ဖြစ်ကြသည်။

☆☆☆

"သြော် ခင်ဗျားလေးကိုး"

သူမ မျက်နှာမှာ အပြုံးရိပ်ကိုတွေ့သည်။ အမေကသူ့မျက်နှာနှင့် သူမမျက်နှာကို တစ်လှည့်စီကြည့်၏။

"ဘယ်က ပြန်လာကြတာလဲဟင်"

"ဘာလုပ်မလို့လဲ"

သူမမျက်ခုံးတန်းလေး တွန့်တက်သွားပြီး ကြည်လင်နေသည့် မျက်နှာထားက ခပ်မှုန်မှုန်ကလေး ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အကောင်းမေးနေတာ"

"အိုး...အကောင်းဖြေနေတာပဲ"

အမေက ကြားဝင်၍...

"သားကလည်းကွယ်၊ ကိုယ့်သူငယ်ချင်းကို အဲသလို မာမာတင်းတင်းကြီး ပြောရသလား၊ သမီးလေး အမေ တောင်းပန်ပါတယ်နော်၊ သားကတစ်ယောက်ထဲသား ဆိုတော့ ညီအစ်ကိုမောင်နှမ မရှိဘူးကွဲ့၊ အဲဒီတော့ ညှာတာရမှန်း စာနာရမှန်းလည်း သူ ဘာမှ မသိဘူး"

အမေကဘုမသိ ဘမသိနှင့်ပြောချင်ရာဖွတ်ပြောသည်။ သူက အမေ့မျက်နှာကို ဖျက်ခနဲကြည့်ပြီး...

"ကျွန်တော်ကို ကားနဲ့တိုက်သတ်မို့ ကြံစည်တာ သူ လေ"

"အယ်... အဲသလိုမပြောပါနဲ့၊ သူလည်း ဘာမှမဖြစ် ဘဲနဲ့"

"ဖြစ်တာပေါ့ဗျ၊ ကျုပ် နှစ်ရက်တိတိ တင်ပါးမှာ မျက် တက်တက်ကြီး ဖြစ်နေရတာ၊ ခုလည်း ခင်ဗျား ကျုပ် ကို သေကြောင်းကြံမလို့ မဟုတ်လား"



"မွေးကတည်းက ယုတ်မာတဲ့စိတ်ဆိုတာ မရှိဘူး သိ လား၊ စာနာစိတ်နဲ့ ဒီက မေးတာ"

"ဒါဖြင့် မေးပြီးရင်လည်း သွားတော့ဗျာ"

"ကြီးကျယ်လိုက်တာ"

အမေက ဝတီမကို အားနာစွာ အကြည့်မှာ...

"အန်တီ့သားက သိပ်မိုက်ရိုင်းတာပဲ၊ အန်တီ့ကိုတော့ သမီး အားနာပါတယ်"

ပြောပြီး ကားကို ခပ်ကြမ်းကြမ်း မောင်းထွက်သည်။ အဝေးသို့ ပြေးရောက်သွားသည့် ကားကလေးကို ကြည့်ရင်း မှ...

"အာ ခုမှ သတိကလည်း ရဖြစ်တယ် အမေရာ"

"ဘာများလဲကွဲ့"

"ဖွတ်...ရှူးဆိုတာကြီးရဲ့ အနက်အဓိပ္ပါယ်ကို မမေး လိုက်ရဘူး၊ ဟိုတလောက ကျွန်တော်ကို ဖွတ်...ရှူး ဆိုပြီး ပြောသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို အမေက အူကြောင်ကြောင်။ ဒါလည်း သဘာဝကျပါသည်။ ဖြစ်ခဲ့သည့် အခြေအနေကို အမေက ဘာမှ မသိတာပဲဟာ။

"မိန်းကလေးတစ်ယောက်ကို ကြမ်းကြမ်းတမ်းတမ်း ကြီးပြောတာကိုတော့အမေ မကြိုက်ပါဘူးကွယ်"

"မခင်မင်ချင်တဲ့ သဘောပါအမေ၊ သူ့ကိုရင်းရင်းနှီးနှီး စကားပြောလိုက်ရင် ခင်မင်သွားကြမှာ၊ ရိုးရိုးသားသား ခင်မင်နေကြလို့တော့ ဘာမှမဖြစ်ဘူးပေါ့၊ သူက ချစ်စရာကောင်းတော့ ခင်ပြီး ကျွန်တော်ကချစ်သွားရင် ကျွန်တော်ပဲ စိတ်ဆင်းရဲရမှာအမေရ၊ ဟုတ်ဘူးလား၊ သူတို့က ပိုက်ဆံချမ်းသာတယ်၊ ကျွန်တော်တို့က ဆင်းရဲတယ်လေ"

နေရောင်အောက်မှာ အမေ့မျက်နှာ ခပ်ညှိုးညှိုးကလေး ဖြစ်သွားသည်ကို သူသတိပြုမိ၏။





ကုက္ကိုပင်ကြီးအောက် အရောက်တွင် အမေကပြောသည်။

"ကလေးမလေးက တော်တော်လှတယ်၊ အမေက မင်းနဲ့ သူငယ်ချင်းတွေ အောက်မေ့လို့"

ရဲထိုက် အမေ့ကို ဘာစကားမျှမပြောတော့။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

## [၅]

"မင်းကွာ မဟုတ်သေးပါဘူး"

ဖိုးညိုက လက်ထဲမှ ဆေးလိပ်တိုကို မြေပေါ်သို့ ပစ်ပေါက်ရင်း ပြောသည်။ အာကာက မျက်လုံးတစ်ဖက် မှေးဆင်းပြီး ရဲထိုက်ကိုကြည့်၏။

"မင်း အရမ်းကို အူတူတူနိုင်နေပြီ ရဲထိုက်"

"ဘာ အူတူတူ နိုင်တာလဲကွ"

"မိန်းကလေး တစ်ယောက်က ဒီလောက်လိုက်လျှောတာကို မင်း ပစ္စလက်ခတ် ပြောဖို့မကောင်းဘူး"



သည်အကြောင်းအရာကို မပြောမိလျှင်အကောင်းသားဟု သူ နောင်တရနေသည်။ ခုတော့သူက စကားကျွံထား ပြီးပြီ။ နောက်ပြီး သည်အကြောင်းကို ပြောချင်နေမိသည်ကို လည်း ရဲထိုက် ကိုယ့်ကိုကိုယ် အံ့သြနေရ၏။

"အာကာ"

ဖိုးရိုးက အာကာကိုလှမ်းခေါ်သည်။

"ဘာလဲဟ"

"ချစ်ခြင်းအစ မျက်စိက ဆိုတာရယ်၊ မြင်မြင်ချင်း ကွယ်ဘာကြောင့်များ ချစ်ချင်တယ် ဆိုတဲ့စာသားရယ်ကို လက်ခံသလား"

"လက်ခံတာပေါ့ကွာ"

ဖိုးရိုးက လက်ဖြောက်တစ်ချက် တီးပြီး...

"အဲ့ဒါအဖြေပဲ ရဲထိုက်၊ မင်းကို ကားနဲ့ ငထိမကာ မြင်မြင်ချင်း ချစ်နေပြီ"

"ဘာမှမဆိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဆိုင်တာပေါ့ ရဲထိုက်ရ။ မင်းကိုမြင်တာနဲ့ အကြောင်းရှာပြီး စကားပြောတယ်၊ မင်းက ဂျစ်တိုက်တာတောင် စေတနာစကားကို ပြောတယ်၊ အဲဒါ အချစ်ပဲ"

သူခေါင်းကိုခါယမ်းသည်။ သူတို့အမျိုးမျိုးပေးနေသော ထင်ကြေးသည် အဖြေမဟုတ်။

"အကြောင်းရှာတာတော့ ဟုတ်မယ်မထင်ဘူးကွာ လမ်းကြုံရင်း တွေ့တာနဲ့ မေးမြန်းသွားတာပါ"

ပြောပြီး သူက လက်ဖက်ရည်ခွက်ကို မ, ယူသောက်သည်။

"ရုပ်ရှင်ရိုက်သလို လုပ်မနေစမ်းပါနဲ့ ရဲထိုက်ရ၊ ဘာ ဘောက်ခေတ်ဆိုတာ ကုန်သွားပါပြီ"

ဆန့်ကျင်ဘက်စကားတွေ ပြောခဲ့တာ စေတနာ့ထွင်ခြင်း မဟုတ်သည်ကိုတော့ ကိုယ့်ကိုကိုယ်သိသည်။

"သူ့နာမည် ဘယ်သူဘယ်ဝါမှန်းလည်း ငါမသိဘူး ကွ"



"မင်းမမေးဘဲနဲ့တော့ သူက ပြောမလားကွ"

"ငါ့နာမည်ကိုလည်း မမေးဘူး"

"ငပေါ။ မိန်းကလေးက စပြီးမင်းကို နာမည် မေးမလားဟ တုံးရ"

"တော်တော့ကွာ၊ ငါအဲဒါတွေ စိတ်မဝင်စားဘူး၊ တို့ဘဝ အခြေအနေကလည်း အချစ်ကို စိတ်ဝင်စားနိုင်လောက်အောင် ဖန်တီး မပေးဘူး"

စကားဝိုင်း ငြိမ်သက်သွားဆဲမှာ အာကာက ရေနွေးအိုးဆို မြှောက်ပြသည်။ ရေနွေးအိုးဖြည့်ရန် စားပွဲထိုးလေးက အပြေးလာယူ၏။

"ဖွတ်...ရှူးပြဿနာကြီးက ရေစုန်မျောပြီပေါ့"

အာကာက ကောက်ကာငင်ကာမေးသည်။

"သည်တစ်ခါဆုံရင်တော့ စကားကို အဆင်ပြေအောင်ပြောပြီး မေးကြည့်ရမယ်ကွာ၊ မင်းတို့လိုပဲ ငါလည်းဖွတ်...ရှူးဆိုတာကြီးကိုသိပ်စိတ်ဝင်စားနေတယ်"

"မင်းကို ဘာသာစကားတစ်မျိုးနဲ့ ဆဲလိုက်တာများလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘာသာစကားလဲ"

"အဲဒါတော့ မသိဘူးလေ၊ နိုင်ငံတကာ ဆဲနည်းတွေ ထဲမှာ တစ်နည်း ပါသလားလို့"

အာကာက အသံထွက်အောင် ရယ်ပြီး စီးကရက် တစ်လိပ်ကို နှိက်ယူသည်။ သူ့ရင်မှာမူ စပ်လှုပ်လှုပ်ကလေး ဖြစ်ချင်လာ၏။ ဖွတ်...ရှူးဆိုသည့် ပြဿနာနှင့် ဆက်နွယ်လာ သူ၊ ရည်လွဲသော မျက်ဝန်းညိုကြီးနှင့် ကြည့်သွားသောသူ။ ဖိုးရှိုး ပြောသလို အချစ်သည် မထင်မှတ်စွာ ဖြစ်ပေါ်နေရော သလား။

ရဲထိုက်ခေါင်းကို လေးသွဲ့စွာ ခါယမ်းနေမိသည်။

☆☆☆

အိမ်ရှေ့တွင် ဦးအောင်ဖြိုး၏ အရိပ်အယောင်ကို မတွေ့ရ။ ရဲထိုက် အိမ်ထဲသို့ အသာငုံ့ကြည့်သည်။ အမေလည်း ပြန်ရောက်မလာသေး။

"တံခါးကြီး ပွင့်လျက်ကြီးပါလား"

အာကာလှမ်းပြောသည်။



"အေးကွ၊ အဘိုးကြီး အရက်မူးမူးနဲ့ အိမ်တံခါးမ ပိတ်ဘဲနဲ့ ဘယ်လျှောက်သွားလဲ မသိဘူး"

"အိမ်သာတက်ချင်တက်နေ၊ ဒါမှမဟုတ် မီးဖိုထဲမှာ အရက်သောက်နေ တစ်ခုခုပဲ"

ဖိုးရှိုးက ပြောရင်းဝင်းတံခါး တွန်းဖွင့်သည်။

"နေတာထိုင်တာက တကယ့်ကို စည်းမရှိကမ်းမရှိကွာ၊ ဟိုတစ်လောကလဲ အိမ်ကိုတံခါး မပိတ်ဘဲ အရက်ဆိုင်သွားတာ အမေ့ထဘီနဲ့ ငါ့အင်္ကျီပါ သွားရော"

"အဲ့ဒါကလည်းကွာ၊ အဲဒီလူကြီးကို ဘယ်လိုမျက်စိ အကြည့်မှားပြီး သဘောကျသွားလဲ မသိဘူး"

"ရေစက်ပေါ့ကွာ"

ရဲထိုက် အာကာ့မျက်နှာကို လှည့်ကြည့်တော့ အာကာ [illegible] ရယ်ကျဲကျဲလုပ်နေ၏။

"ဘာရေစက်လဲ"

"ဟ...အဲဒါရေစက်လို့ ခေါ်တာပေါ့ကွ ရဲထိုက်ရ၊ ရှေးရေစက် မကုန်လို့ သူတို့ ပြန်တွေ့ကြတာ၊ ပြန်

www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့ အချိန်မှာ ဦးအောင်ဖြိုးက လူပျိုကြီးနော်၊ သ
ဘယ်လောက်ပဲ မူးတောတော၊ သူ့အချစ်ကိုတော့ မှတ်
တိုင်စိုက်ထူရမယ်"

"ဘယ်မှာ စိုက်မှာလဲ၊ အရက်ဆိုင်မှာစိုက်မှာလား

အလကားလူကြီး ငါတစ်စက်မှ ကြည့်လို့ကိုမရဘူး"

အိမ်ပေါ်သို့မတက်ဘဲ အိမ်သေးမှ တွေ့ပတ်ပြီး ခြံနောက်ဘက် ဝင်ခဲ့သည်။ ကြက်ခြံနားသို့ ရောက်သောအခါ ရဲထိုက် ခြေလှမ်း တုံ့ကနဲ ရပ်သွား၏။ ဦးအောင်ဖြိုးကို အာကာနှင့်ဖိုးမို့ လည်း မြင်သည်။

"မင်းအဘိုးကြီး ဘာလုပ်နေလဲ မသိဘူးရဲထိုက်"

"ဘာလုပ်နေတာမှ မဟုတ်ဘူး၊ ကြက်ဥခိုးနေတာ"

"ဟေ..."

ကုန်းကွကွ လုပ်နေသောအမူအရာကို မြင်ကတည်းက ရဲထိုက် တန်းသိသည်။ ဦးအောင်ဖြိုးက ရဲထိုက်ကို မမြင်။

ကြက်ခြံတံခါးကို ကမန်းကတန်း ပိတ်ပြီးအပြင်သို့ ခပ်သုတ်သုတ် ထွက်လာ၏။ ခပ်ယိုင်ယိုင်ပုံစံကြောင့် အရက်





နေမှန်း ရဲထိုက်သိ၏။

"တောက်"

ရဲထိုက် "တောက်"ကို ခပ်ပြင်းပြင်းခေါက်တော့ အာကာ
ရဲထိုက်လက်မောင်းကို ဖြတ်ခနဲ ဆုတ်ကိုင်လိုက်၏။

"ရဲထိုက် ဘာမှတန်ဖိုး မရှိတာလေးနဲ့ ပြဿနာကို မီးမထွန်းနဲ့ကွာ၊ အဘိုးကြီး အရက်မူးနေတယ်"

☆☆☆

အရက်နံ့က နှာဝသို့ ပြေးကပ်သည်။

ရှေ့တွင် ရဲထိုက်ကို မားမားမတ်မတ်ကြီးမြင်တွေ့လိုက်သဖြင့် ဦးအောင်ဖြိုး မျက်လုံး ပြူးသွားသည်။

"ဟဲ...ဟဲ သား ဘယ်အချိန်က ပြန်ရောက်နေတာလဲ"

"ဘာ သားလဲ"

"လူကလေးကလည်းကွာ ဘာဖြစ်လို့ ဒေါသတွေကြီး နေရတာလဲ"

အသံက အာလေးလျှာလေး။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချိုသွေးရင်း တစ်စုံတစ်ခုကို ဖုံးဖိနေ၏။ ဖုံး
သော်လည်းမလုံ၊ ဦးအောင်ဖြိုး ခါးပိုက်ထောင်ထဲမှာ ကြက်ဥ
လေးငါးလုံးက ထင်းကနဲ လင်းကနဲ။

"ခင်ဗျားဟာက အလုပ်မဟုတ်တော့ဘူး ဦးအောင်ဖြိုး
တစ်ခါပြောလည်းမရဘူး၊ နှစ်ခါပြောလည်း မရဘူး"

"လေးလုံးထဲပါ ရဲထိုက်ရာ၊ ငါ့အရက်နဲ့မြည်းဖို့ မရှိ
လို့ပါ"

"ခင်ဗျားဟာက သောက်ပဲသောက်နိုင်လွန်းတယ်ဗျာ၊
နေ့လည်းသောက် ညလည်းသောက်နဲ့၊ နောက်ပြီး
ကြက်ဥတွေကိုလည်း ခဏခဏ ခိုးပြီးကြော်စားတယ်"

"ခဏခဏတော့ မဟုတ်ပါဘူးကွာ၊ ဒါပါနဲ့ မှ သုံးခါပဲ
ရှိပါသေးတယ်"

အာကာရယ်၏။

ဖိုးချို က...

"ဦးလေးသုံးခါဆိုတာ တနေ့သုံးခါနှုန်းကို ပြောတာ
မဟုတ်လား"





"မင်းတို့ကလည်းကွာ လာနောက်နေပြန်ပြီ၊ မင်းတို့
သူငယ်ချင်းက ဒေါသကြီးရတဲ့အထဲ"

မျက်နှာတွင် အရက်ဆီများ ပြန်နေသည်။ ခြံတိုင်ကို
ထိဖြင့် ဆုပ်ထားသော်လည်း ကိုယ်က ယိုင်တိုင်တိုင်။

"စု ဘယ်နှစ်လုံး ယူလာသလဲ"

"ဟဲ... ဟဲ... သုံးလုံးထဲပါကွာ"

"မှန်မှန်ပြောနော်၊ ကျုပ်စိတ်ကို ခင်ဗျား သိတယ်"

"လေးလုံးပါကွာ"

ရဲထိုက် ဖင့်သက်ချသည်။ အမေ့မျက်နှာနှင့် သည်းခံခဲ့
သည့် အကြိမ်တွေ မနည်းတော့။

"နောက်တစ်ခါဆိုရင်တော့ ကျွန်တော် သည်းမခံနိုင်
တော့ဘူး ဦးအောင်ဖြိုး၊ ဒါနောက်ဆုံးအကြိမ်ပဲ"

သွားသာရှိလမ်းကို ဖယ်ပေးသည်။

ဦးအောင်ဖြိုး ဒယီးဒယိုင်နှင့် အိမ်ပေါ်တက်သွား၏။

"ခဏခဏပဲကွာ၊ ဟိုတလောက ဆိုရင် စပ်ကြပ်မနဲ့ဥ
ဖောက်ထားတာ၊ ငါက ဘယ်သိမလဲ ကြက်မအောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဥတွေ ရှိနေတယ်ပဲ ထင်တာ၊ ကြက်မ အစာသ
ကောက်မှ ဥတစ်လုံးမှ မရှိတော့တာ သိတာ၊ အဲဒီတု
က ငါနိပ်ပစ်မလို့ အမေဆွဲတာနဲ့ ငတိကြီး သက်သ
သွားတာ"

"အင်း... မင်းနဲ့မင်းပထွေးကတော့ ရောဂါပဲ၊ ကို
က လူငယ်ပဲကွာ၊ သည်းခံပါ"

"ဘာပြောတယ်ကွ အာကာရ၊ လူကြီးတွေ မဟု
တာ လုပ်တာကို လူငယ်က ခွင့်လွှတ် လက်ပိုက်
ရမှာလားကွ"

အာကာ နေရာတကာမှာ အေးအေးစက်စက်၊ အရာ
ကိုသည်းခံစိတ်နှင့် ကြည့်သည်။ ဖိုးချိုကတော့...

"ကမ္ဘာ ငြိမ်းချမ်းရေးကြီးရအောင် နိုင်ငံပေါင်းစုံ 
ဆွေးလို့ရမယ်၊ ပထွေးနဲ့မယားပါသား၊ လင်ပါသမီး
မိထွေး သင့်မြတ်အောင်ဆွေးနွေးလို့ကတော့ 
သက် မရဘူး"

ခြံထဲဝင်ကြသည်။ အာကာက ကြက်ခြံတိုးရဲ့လျှင်အ
အနီးပါမည်ဟု ပြောသည်။ ဖိုးချိုကတော့...





"ငါက ကြက်သားနဲ့ ကြက်ဥကြော်ကိုတော့ အသေ
အလဲ ကြိုက်တာ၊ ဒါပေမယ့် ကြက်ချေးနံ့တော့ မခံ
နိုင်ဘူးကွ"

ပြောပြီး ကျင်းထဲမှ ကြက်ဥတစ်လုံးကို နိုက်ယူ၍...

"အချစ်ဆိုတာ ကြက်ဥနဲ့ ဘဲဥနဲ့လည်း တူတယ်ကွ"

အမှိုက်စများ ဝင်နေသော ကြက်သောက်ရေခွက်ကို သွန်
ယ်နေရာမှ သူက ဖိုးချိုကို ဆက်ကနဲကြည့်၏၊ အာကာက
ကြက်တောင်တစ်တောင်ကို လှမ်းကောက်ရင်း...

"ဘာဆိုင်လဲ"

"ဟောဒီ ကြက်ဥရဲ့ အစကို မင်းရှာစမ်းကွာ၊ အစကို
ရှာလို့ တွေ့ရင် ငါ့ကိုပြော"

ကြက်ဥကို လှမ်းပေးသည်။

အာကာ ကြောင်တိကြောင်တောင်နှင့် ကြက်ဥကို ဘယ်
ညာပြန် ဖင်လှည့်ခေါင်းလှည့် ကြည့်၏။

"တွေ့လား"

"မတွေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒါ ချစ်ခြင်းရဲ့ အဖြေပဲ"

အာကာတော့မသိ။

သူ့နားမှာ အရှမ်း ရှုပ်ထွေးသွား၏။

"သည့်နေ့ ကောင်မလေးတွေရဲ့ အချစ်ဆိုတာ ကြက်ဥ
ဘဲဥလိုပဲကွ၊ ဘယ်တော့မှ အစရှာ မရဘူး၊ ဒါပေမယ့်
အ ပုပ်တော့ဖြစ်တယ်၊ ကြက်ဥကို ပြုတ်စားစား၊ကြော်
စားစား၊ ချဉ်ရည်လေးပဲ ချက်ချက် ဖြစ်တယ်၊ အဲ
အပင်ပန်းခံ ပြီးတော့ အစ သွားမရှာနဲ့ ဦးနှောက်
ဝက်အူတွေ ချောင်သွားလိမ့်မယ်"

စကားတွေ ဘယ်အခြေအနေကို ရောက်နေပြီလဲတော့
ရဲထိုက် မသိ၊ ဝပ်နေသော ကြက်မအောက်မှ ဥများဝပ်
ကြက်မကို လက်နှင့် အမဝယ်၊ သူမကို သတိတရ ရှိမိလိုက်၏။

"အင်း ဖိုးချို့ပြောတာ ဖြစ်နေမလား၊ အို... အချစ်
ကြက်ဥ ဘာမှမဆိုင်ပါဘူး"

သူ ပင့်သက်ကိုတော့ ခပ်လေးလေး ချမိပါသည်။

☆☆☆



[၆]

မြောင်းဘောင်ပေါ်မှ ဖြတ်ကနဲ ခုန်ဆင်းလိုက်သည်။
အသင့် အနေထားမှာ နေရင်း ရဲထိုက်မျက်နှာကို မှုန်ကုတ်ထား
လိုက်၏။ အခြေအနေသည် အကောင်းဘက်မှ ရပ်တည်မှု
ရှိသည်ကို လုံးဝ သိသည်။

"ဟင်း... ဟင်း ... မင်းတစ်ယောက်ထဲလားကွ
ရဲထိုက်ရ"

ခပ်ရိုးရိုးမေးလာသည့်စကား။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မျက်လုံးကို မှေးစင်းပြီး ကြည့်လာသည့် ပုံဟန်တွေ မြင်ကတည်းက ဒီကောင်တွေနှင့်ငြိမ်းချမ်းရေးရစရာ အကြောင်း မရှိသည်ကို သူသိသည်။

"မမြင်ဘူးလား"

"အလဲ့ ... မင်းအသံက မသိမ်မွေ့ပါလား ရဲထိုက်ရာ တို့ မင်းကို ရှာနေတာ ကြာပြီကွ"

ဝင်းကြည်၏ မျက်နှာကို သူစပ်ရဲရဲကြည့်ပစ်လိုက် သည်။ တစ်လောက သူရက်ရက်စက်စက် နှိပ်ကွပ်ခဲ့သည့် အဖြစ်ကို ဒီကောင်တွေ မေ့လို့ရမည်မဟုတ်သလို သူကလည်း လုံးဝ မမေ့။ တစ်နေ့ သည်လိုအနေအထား ဖြစ်ပေါ်လာမည်ကိုလည်း တွက်ဆထားပြီးသား။

"ဒီမယ် ဝင်းကြည်... ရဲထိုက်ကို ကမ္ဘာပတ်လမ်း ကြောင်းပေါ်တက်ပြီး အပင်ပန်းခံ ရှာနေစရာမလိုဘူး၊ ဒီနေရာ ဒီတစ်ဝိုက်မှာ ရဲထိုက်ဆိုတဲ့ကောင် အမြဲ ရှိတယ်"





သူ့စကားကို ဝင်းကြည် နံဘေးမှကောင်က ဟက်ကနဲ ...ယ်သည်။ သည်အရယ်ကတော့ ရန်စသည့်အရယ်။

"ငါ့မျက်နှာပေါ် မျက်ခုံးစွန်းနားက အမာရွတ်ကလေး ကို ကြည့်စမ်း ရဲထိုက်၊ မင်း ငါ့ကိုရက်စက်သွားတာ လေ၊ အဲဒါကို မင်း မှတ်မိတယ် မဟုတ်လား"

စကားနှင့်အတူ လှုပ်ရှားမှုက အရှိန်းသွက်လက်သွား ...ည်။ ဝင်းကြည်ကို အာရုံထားမိသည့် ကိုယ့်အမှားကိုလည်း ...ိုက်အရှိန်း နှောင်တရသွား၏။

ဘေးမှ မိမိကို တိုက်စစ်ဆင်လာသည့်ကောင်...

ရဲထိုက် ရှောင်တိမ်းချိန် မရလိုက်၊ နားရင်းတွင် ပူကနဲ ...လိုက်ရပြီး မျက်စိတွင် ကြယ်ပွင့်များ ဝင်းလက်သွားသည်။ ...ဆက်တည်းမှာပင် အတွဲလိုက်ဝင်လာသည့် လက်သီးများ... အကာအကွယ်မဲ့သလို ဖြစ်သွားရသည်။

မြင်းထန်သောလက်သီးတစ်လုံးက အရှိက်ကို မှန်သည်။ ...ညွှတ်အကျဝယ် နဖူးရင်းမှ ဖြောင်းကနဲ မြည်သံနှင့်အတူ ...ြက်မြေပေါ်သို့ ဒိုက်ဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင်တွေ ပြေး ... ပြေး... ပြေး"

ဝင်းကြည်၏ အသံနှင့်အတူ ပြေးလွှားသွားသည် ခြေ
သံများကို သူကြားသည်။

မှုန်နောက်ပြာဝေသည့် ကြားမှ ရဲထိုက် အံကိုတင်းတင်း
ကြိတ်ပြီး လဲရာမှ ကုန်းထသည်။ ရှေ့သို့ ပြန်ငိုက်အကျဝယ်
နဖူးစွန်းမှ သွေးစက်များက မြေပေါ်သို့ ပေါက်ကနဲကျ၏။ နဖူးမှ
သွေးများကို လက်နှင့် သပ်ချပြီး ဒုတိယအကြိမ် ကုန်းအထဝယ်
သူ့မျက်နှာကို ရဲထိုက် ဝေသီစွာ မြင်လိုက်ရပါသည်။

"ဩော် ... ခင်ဗျား"

ရဲထိုက် စကားသံက တစ်ဝက်တစ်ပျက်။

☆☆☆

သူမအလှသည် ဝေဒနာကို မေ့ပျောက်နိုင်လောက်အောင်
အစွမ်းထက်သည်ကို ရဲထိုက် ပထမဆုံး ယုံကြည်လိုက်မိပါ၏။

သူ့ကို စိုက်ကြည့်နေသည့် မျက်ဝန်းညို့ညို့။





မလှုပ်တလှုပ် ဖြစ်သွားသည့် သူမ နှုတ်ခမ်းသား အိအိ
လေး။ သူမ မောင်းနေကျ ခဲနုရောင် ဆလွန်းကားလေးက
နံဘေးဝယ် ငြိမ်သက်လျက်ရှိသည်။

"ကျွန်တော့်ကို ကြည့်ပြီး ခင်ဗျား အရမ်းနာနေသလား"

ခေါင်းမညိတ်သော်လည်း သူမမျက်ဝန်းမှ ညှာတာမှု
များကို သူတွေ့သည်။ သူ ယဲ့ယဲ့ကလေး အပြုံးမှာ သူ့နဖူး
ထောင်းမှ သွေးက အဆက်မပြတ် ကျဆင်းနေဆဲဖြစ်၏။ သူ
လက်နှင့် ထပ်မံ၍ သပ်ချလိုက်သည်။

"အဲဒီလိုပါပဲဗျာ ကျွန်တော်က ဦးရင်လည်း သူတို့
ခံရတာပဲ၊ သူတို့က လူအုပ်တောင့်ပြီး နှိပ်သွားရင်
လည်း ကျွန်တော်မှောက်ရတော့တာပဲ"

"ယူ ... ယူ့ခေါင်းမှာ သွေးတွေ အရမ်းထွက်နေတယ်"

"မဆန်းဘူးလေ၊ တိုက်ပွဲဆိုတာ သွေးထွက်သံယို
တော့ ရှိမှာပေါ့"

"ဟို ... ယူ့တို့ဟာက တိုက်ပွဲမဟုတ်ဘူး၊ ရန်...ရန်ပွဲကြီး"

www.burmeseclassic.com

www.burmeseclassic.com



ရဲထိုက် အသံထွက်စွာ ရယ်လိုက်၏။

သူ၏ အရယ်ကြောင့် သူမ၏ နှုတ်ခမ်းသားလေး ပိုမိုတုန်ခတ်သွားသည်။

"တိုက်ပွဲနဲ့ ရန်ပွဲမတူဘူးလားဗျ၊ ကိုယ့်အသက် သူများလက်မပါအောင် ကိုယ့်ခေါင်း သူများ ရိုက်မခွဲ အောင် ကာကွယ် တုန့်ပြန်တာဟာ တိုက်ပွဲပေါ့ဗျာ"

သူမက ခေါင်းကို လေးတွဲစွာ ခါယမ်းသည်။

"ထိုးကြကြိတ်ကြတယ်၊ သတ်ကြဖြတ်ကြတယ်၊တိုက်ကြ ခိုက်ကြတယ်ဆိုတာ တိုက်ပွဲမဟုတ်လို့ ဘောလုံးပွဲဖြစ်ရမလားဗျ ခင်ဗျား သိပ်အူတယ်"

"ဘာအူတာလဲ၊ လူကို တိရစ္ဆာန်နဲ့ နှိုင်းတာလား"

"အ,တယ်ဆိုတာကို စကားတစ်မျိုးနဲ့ ပြောလိုက်တာဗျ၊ သွားမယ်ဗျာ၊ ကျွန်တော့်ကို မိန်းမတွေထဲက စာနာ ညှာတာတတ်တဲ့သူဆိုလို့ အမေနဲ့ခင်ဗျားပဲ ရှိပါတယ်၊ ကျေးဇူးတင်လည်းတင်ပါတယ်၊ ကျွန်တော် သွားမယ်"

သူလှည့်ထွက်တော့ သူမ နောက်ပါးမှကပ်လိုက် လာပြီး...





"သွေးတွေ အရမ်းထွက်နေတယ်လေ၊ တို့ကားနဲ့ ဆေးခန်း လိုက်ပို့ပေးမယ်"

"ဆေးခန်းသွားရင် ဆရာဝန်က ဘာဖြစ်တာလဲ၊ ရန်ဖြစ်တာလား၊ လဲလာတာလားဆိုပြီး အရစ်ရှည်နေဦးမှာ၊ ရပါတယ်ဗျာ အရာရာဟာ သူ့ဘာသာသူ ပြီးဆုံးသွားမှာပါ"

သူ့ခြေလှမ်းတွေ လေးလံနေ၏။

နောက်ပါးမှ သက်ပြင်းချသံကိုတော့ သူကြားပါသည်။ လှည့် မကြည့်ဖြစ်အောင် စိတ်ကို ထိန်းချုပ်ထားပါ၏။

☆☆☆

"ဒီလောက်တောင်မှ သတ္တိကြောင်ကြသလားကွ၊ တစ်ယောက်ချင်း ချကြပါလား"

အာကာ၏ ဒေါသကို ရဲထိုက်က ပထမအကြိမ် မြင်ဖူးခြင်း ဖြစ်သည်။ အာကာက အနီးတွင် ရှိသော သစ်ကိုင်းကို လက်ဝါးစောင်းဖြင့် ဖြောင်းကနဲ ခုတ်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာမှာ ဒဏ်ရာတွေ မနည်းဘူးကွာ၊ တစ်ယောက်ချင်းချလို့ မင်းခံရတယ်ဆိုရင် ငါခံသာပါတယ်၊ ခုတော့ သုံးယောက်နဲ့ တစ်ယောက် သိပ်လွန်တယ်၊ တောက်..."

"အာကာ စိတ်ကိုထိန်းကွာ၊ သုံးယောက်တစ်ယောက် ဆိုပေမယ့် ငါမနပ်လို့ ခံရတာ၊ ငါ အသုံးမကျလို့ ခံရတာ"

"လာကွာ ရဲထိုက်၊ စကားကြာတယ်၊ သူတို့ အပိုင်းကို သွားမယ်၊ သူတို့ ရှင်းချင်တဲ့ ပုံစံနဲ့ တို့ပြန်ရှင်းမယ်"

အာကာ ခြေကို အကြွမှာ သူက အာကာ့လက်မောင်းကို ဆိုပ်ကိုင်ထားလိုက်၏။

"မဟုတ်သေးဘူး အာကာ"

"မင်းဘာမှ မသိပါဘူး ရဲထိုက်ရာ၊ မင်းနဲ့သူတို့နဲ့ တလောက ဖြစ်တဲ့ကိစ္စကို ငါသွားပြီး တောင်းပန်ခဲ့တယ်၊ ငါနဲ့ စကားပြောတုန်းက ကောင်းတိ ကောင်းရက်နဲ့၊ ခုတော့ကွာ"

ပြောရင်း အာကာက သူ့မျက်နှာမှ ဒဏ်ရာများကို မရှိတင်ကဲစွာကြည့်သည်။ မျက်နှာတွင်သွေးများကမပျောက်သေး။



က်နှာကို ရေနှင့် ကျင်းထားသဖြင့် ဒဏ်ရာကို ပီပီပြင်ပြင် င်တွေ့နေရသည်။

"မိုက်ရိုင်းတယ်ကွာ၊ မင်းက တစ်ချက်လေးတောင် ပြန်မလုပ်လိုက်ရဘူးလား"

ရဲထိုက် ခေါင်းကိုယမ်းသည်။

ပွဲက သူ တစ်ဖက်သတ်ခံလိုက်ရသည့်ပွဲ။

"မဟုတ်ဘူး၊ ဒီကောင်တွေနဲ့ ငါဒီနေ့ကို တွေ့ပစ်မယ်"

"စိတ်လျှော့လိုက်ပါ အာကာ၊ မင်းငါ့အကြောင်း သိပါတယ်၊ ရဲထိုက်ဆိုတဲ့ကောင်က သူ့သွေး တစ်စက်မြေကျရင် ကမ္ဘာကြီးကို အစိတ်စိတ်အမြွာမြွာဖြစ်အောင် ဆွဲဆုတ်ပစ်မဲ့ ကောင်ပါကွ၊ ဒါပေမယ့် ခုဖြစ်တဲ့ကိစ္စမှာ ဝင်းကြည်တို့ မှန်တယ်"

"ဘာကွ"

"ဒေါသမကြီးနဲ့ကွာ၊ ငါ့ဘက်ကနေ မင်းခံပြင်းနေတယ် ဆိုတာ ငါ သိပါတယ်၊ ငါ့ကို မင်း ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ကြီးတယ်ဆိုတာလည်း ငါသိပါတယ်၊ ခု
ပြဿနာက ငါက စပြီး ရက်စက်ခဲ့တာလေကွာ၊ ဝင်း
ကြည်နေရာမှာ ငါဆိုလည်း ဒီပုံစံမျိုးပဲ ဖြစ်မှာပဲ"

"ဟ... ကိုယ်က အကွဲခံပြီး ဓာတ်သိမ်းလိုက်ရမှာလား"

"ကျေပြီလေကွာ၊ သူကွဲ ကိုယ်ကွဲဖြစ်ခဲ့တဲ့ ကိစ္စပဲ သရေ
ပွဲ မဟုတ်ဘူးလား ဟား ... ဟား..."

သည်သို့နှင့် ...

ဖြစ်ခဲ့သည့် ရန်ပွဲများ ပြီးဆုံးသွားပြီဟု သူနားလည်
သဘောပေါက်ထားလိုက်၏။

☆☆☆

[၇]

အနီရောင်ဖုန်းခွက်ကလေးကို အသာမသည်။ လက်ဖြင့်
...စ်ဖွဖွ ဆုပ်ကိုင်ပြီး ဂဏန်းကွက်လေးများကို လက်နှင့် နှိပ်
...သည်။ ပြီး ဖုန်းခွက်ကို နားမှာ ကပ်လိုက်၏။ တစ်ဖက်မှ ဖုန်း
...ထံမှ,ယူသံကို ကြားသည်။

"မေဦးလား"

"........."

"အင်းတွေ့မှ တွေ့ပါ့မလားလို့ဟယ်၊ နန္ဒီပါ"

"........."



www.burmeseclassic.com

www.burmeseclassic.com



"ရင်ထဲမှာ မောနေတယ်ကွာ"

"..............."

"ဆေးခန်းပြပါလား ဟုတ်လား၊ ဆေးခန်းပြလို့ ရင်ထဲက အမောတွေပြေမယ်ဆိုရင်၊ အထုးကုနဲ့ကို သွားပြလိုက်တယ် သိလား"

ဖုန်းခွက်ထဲမှ ရယ်သံကို ဆုနန္ဒီကြားသည်။

"မရယ်နဲ့ မေဦးရာ၊ တို့ရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မင်းသိလို့လား"

"..........."

"မသိဘူး ဆိုရင်ကိုယ်ပြောပြချင်တယ်ကွာ၊ ခု မေဦး အားလား"

"..........."

"အားရင်လာခဲ့ကွာ၊ ကော်ဖီခါးခါးလေးသောက်ပြီး စကားပြောရအောင်၊ ကားလွှတ်လိုက်ရမလား"

"..............."

"အိုကေနော်... မေဦး၊ အသေအချာ စောင့်မယ်"

ရယ်သံသဲ့သဲ့နှင့် မေဦးက ဖုန်းချသွားသည်။



ဆုနန္ဒီပင့်သက်ကြီးကို မှုတ်ထုတ်ပြီး လက်ထဲမှ ဖုန်းခွက်ကို အသာချလိုက်သည်။

☆☆☆

စကားများကို မေဦးက စူးစိုက် နားထောင်သည်။ သူမ စကားဆုံးတော့ မေဦးက အံ့ဩမျက်နှာကလေးနှင့်...

"အံ့ဩလိုက်တာနန္ဒီရယ် မင်းဟာက ဟုတ်မှဟုတ်ရဲ့လား၊ တို့ကို အတည်ပေါက်ကြီးနဲ့နောက်နေတာလား"

"ရော်... ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လားလို့ မေးသလို ဖြစ်နေပါပြီ၊ ကိုယ် နောက်နေတာ မဟုတ်ဘူး မေဦး၊ အတည်ပြောနေတာ၊ ကိုယ့်ကိုကိုယ်လည်း အရမ်း အံ့ဩတယ်၊ မေဦး သိပါတယ်ကွာ၊ ကျောင်းမှာ ဘယ်ယောကျ်ားကလေးနဲ့မျှ ခင်မင်ဖူး၊ ပတ်သက်ဖူးလို့လဲ၊ ဒါပေမယ့် သူ့ကျတော့ ကိုယ်က စပြီး စွဲစွဲလမ်းလမ်း ဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



မေဦးမျက်နှာမှာ အုံ့ဆိုင်းရိပ်တွေ မပျောက်သေး။

"မင်း ပြောသလိုဆို ပုံစံက ဝဂလန့်ပုံကြီးပဲကွ"

"ကိုယ်က အဲဒီ နွကျကျပြောတာကို သဘောကျတာ မေဦးရယ်၊ ခုခေတ်ကောင်တွေလိုအခွင့်အရေးသမား၊ အချောင်သမား မဟုတ်တာတော့ သေချာတယ်၊ အခွင့်အရေးသမားဆိုရင် ကိုယ်ရောလိုက်ကတည်းက ဖော်လို လိုက်လာမှာ၊ ခုတော့ စောစောက ကိုယ်ပြောသလို ဂျစ်ဆတ်ဆတ်မှ တကယ့်ကိုဂျစ်ဆတ်ဆတ်ကွ"

"ဟီးရိုးဆန်ဆန်လုပ်နေတဲ့သူများလား နန္ဒရာ"

ပြောပြီးမေဦးက ကော်ဖီခွက်ကို မ,ယူ သောက်သည်။ သူငယ်ချင်းနှစ်ယောက်က ကော်ဖီခါးခါး ကြိုက်သည့်နေရာမှာလည်း တူညီမှု ရှိကြပါသည်။

"ဘွဲ့တစ်ခုရအောင် သင်လာခဲ့တာကွာ၊ ကိုယ် မလေ့လာတတ်ဘဲနေမလား၊ အဓိကက သူ့မျက်လုံးတွေရဲ့ ရိုးစင်းမှုပဲ မေဦး၊ အချိန်တိုင်း သတိတရ ရှိနေတာကို





အချစ်လို့ပြောရင် ကိုယ် သူ့ကို ချစ်မိနေတယ်ဆိုတာ ဝန်ခံရဲပါတယ်"

မေဦးက နှုတ်ခမ်းကလေးတွန့်ပြီး ပြုံး၏။

"နန္ဒရယ်...မင်းရင်ထဲကအချစ်ကို အဲဒီလူသာ သိရင် ဝမ်းသာလုံးဆို့ပြီးလမ်းလယ်ကောင်မှာ ကျွမ်းအပတ်တစ်ထောင်လောက်လောက် ထိုးမလား မသိဘူး"

"ထင်သလား"

ချိတ်ညှပ်ထားသည့် ပေါင်မုန့်ချပ်ကို မေဦးရှေ့ တွန်းရွှေ့ပြီး...

"အဲသလိုလူစားမျိုး မဟုတ်ဘူး၊ ကိုယ်က ရင်နှီးဟန်နဲ့ လမ်းမကလေးဖွင့်ပေးတာတောင် ဒီလူ ခြေရာမီ မလိုက်ဘူး၊ ကိုယ်နဲ့သိကျွမ်းသွားရမှာကို စိုးရိမ်တဲ့ပုံ ပဲကွ"

"သဘာဝတရားမှာ အချစ်ကို ယောကျ်ားကလေးက စတင်ရတယ် နန္ဒ"

"တရားဝင် စာ ထွက်ထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မေဦးက ရယ်၏။

"ဒါနဲ့ သူနာမည်က ဘယ်သူ"

"သိဘူးကွ"

"ဘယ်မှာ နေတာလဲ"

"အဲဒါလည်း ကိုယ် မသိဘူး"

"မင်းဟာကလည်း ခုက္ခပါပဲ၊ ဘယ်လိုအမျိုးအနွယ်၊ ဘယ်လိုအတန်းအစားထဲကလဲ ဆိုတာကိုတော့ သိထားဖို့လိုတာပေါ့ နန္ဒီရာ"

"အိုကွာ... နှလုံးသားကိစ္စမှာ အဲဒါတွေ အခြေခံကျလို့လား၊ အချစ်မှာ အရောင်အဆင်း ရှိလို့လား"

"မင်းက မိန်းမတွေရဲ့အချစ်တစ်ခေတ်ကို ထူထောင်ဖို့ မြေစမ်းခရမ်းပျိုးနေတာလား"

စကားကြောင့် ကော်ဖီခါးခါး၏ အရသာပင် လျှာပေါ်မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား၏။

"မိန်းကလေးက စချစ်တဲ့သဘောကို ပြောတာလား မေဦး"





"စိတ်ထဲမှာ မဝံ့ရဲသလို ခံစားနေရလို့ပါ"

"မေဦးရယ်၊ ခုဟာက မိန်းကလေးက စချစ်တာပဲကွ၊ တို့မိန်းမတွေမှာလည်း ချစ်ခွင့်ဆိုတာ ရှိပါတယ်၊ ခုကိစ္စမှာ ကျွန်မကို ချစ်ပါ၊ ကြိုက်ပါ၊ ရှင့်ကိုတော့ ကျွန်မ အစွဲလမ်းကြီး စွဲလမ်းပြီး ချစ်မိနေပါပြီလို့ မိန်းမက ရည်းစားစကား လိုက်ပြောတာမှ မဟုတ်ဘဲဟာ"

အချစ်၏နက်ရှိုင်းမှုများကို မေဦးသိစေချင်သည်။ မေဦးနှင့် တွေ့ဆုံခြင်းက အချစ်ကို ဝေဖန်သုံးသပ်ပေးဖို့မဟုတ်။ အချစ်နှင့်ပတ်သက်သောအကူအညီများရယူလိုမှုသာဖြစ်သည်။

"ကဲ... ပြောပါ၊ နန္ဒီရဲ့အချစ်နဲ့ပတ်သက်ကိစ္စတွေကို ကိုယ် ဘာကူညီပေးရမလဲ၊ သူငယ်ချင်း စိတ်ချမ်းသာဖို့ဆိုရင် ကိုယ်က ဘာပဲ ကူညီရ၊ ကူညီရပါ"

"အဲဒါ ကိုယ်အလိုချင်ဆုံးအဖြေပဲ"

အတွေးတွေ ဝေ့တက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် တွေ့ဆုံဖို့အရေးသည် အတွေးမှာပင် ချာလည်
လည်ဖြစ်ရသည်ကတော့အမှန်။

သူ ဘယ်မှာနေတယ်ဆိုတာကိုလည်း ကိုယ်မသိ။

စတင်ဆုံစည်းခဲ့သည့် နေရာဝန်းကျင်လောက်မှာ သူ
ရှိမည်ဟုတော့ စိတ်မှာ ယုံကြည်နေသည်။

"ပြောလေ... ကိုယ် ဘာလုပ်ပေးရမလဲ"

"ကိုယ် သူ့ကို တွေ့ချင်တယ်"

"ဟင်..."

မေဦး မျက်လုံးကလေး ဝိုင်းဝိုင်းလည်သွားပါ၏။

☆☆☆



[၈]

ကားဘရိတ်ကို ခပ်သာသာကလေး နင်းဖိပြီး ရပ်
တ်သည်။ မေဦးအကြည့်က လမ်းနံဘေး ခရေပင်ကြီးဆီ
ရောက်ပြီး ဆုနန္ဒီကမှ မြေနီလမ်းချိုးကလေးဘက်သို့
ကြည့်ကို ပို့သည်။

သူ့ကို သည်နေရာမှာ စတင်ဆုံစည်းရပါလားဆိုသည့်
တွေးကလည်း ခေါင်းထဲ ဝင်လာ၏။

"အဲဒီနေရာမှာ သူနဲ့ဆုံတာ၊ ဟိုလမ်းဘေး မြက်ခင်း
စပ်မှာ သူ ဖင်ထိုင်လျက်ကြီး လဲကျတာပေါ့၊ အဲဒီ
တုန်းက ရှုံ့မဲ့မဲ့ဖြစ်သွားတဲ့မျက်နှာကိုကြည့်ပြီး သနား
လိုက်တာကွာ၊ အရမ်းပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှုံ့မဲ့မဲ့မျက်နှာက သနားစရာပုံပေါ်လို့လားကွ၊ ကိုယ်
အတွေးနဲ့ပုံဖော်ကြည့်တယ်၊ ဘယ်လိုမှ ကဗျာဆန်
ပုံ မဟုတ်ဘူး"

"အဲဒီလို မပြောပါနဲ့ကွာ၊ သူထွက်သွားတော့
ကလေး တော့နဲ့တော့နဲ့နဲ့၊ အဲဒီညက တို့အရမ်း စိ
မကောင်းဖြစ်တာပဲ"

"အင်း... ငါ့သူငယ်ချင်းတော့ ဒုက္ခပါပဲ၊ မင်း တစ်
အဲသလို မဖြစ်ဖူးပါဘူး နန္ဒီရာ၊ ကိုယ်တော့ အံ့ဩ
ရင်း အံ့ဩရင်းပဲ"

"မတတ်နိုင်ဘူးကွာ၊ အချစ်ပဲ၊ ကိုယ်တော့ မိန်
ဖြစ်ရတဲ့ ဘ၀ကို သိပ်ရင်နာတာပဲ"

"ဘာလို့"

"ကိုယ်က စတင်ပြီး အချစ်ကို တင်ပြနိုင်ခွင့် မရှိ
ပေါ့ကွ၊ ယောကျ်ားလေးဆိုရင် ကိုယ်က ချစ်
ချစ်တဲ့အကြောင်းကို လွတ်လွတ်လပ်လပ် တင်ပြ
ရတယ်"



"ချစ်မိမှတော့ ပူပန်မနေနဲ့ နန္ဒီ၊ တွေ့ရင် မင်းလူကို
ချစ်တယ်လို့သာ ပွင့်ပွင့်လင်းလင်းပြောလိုက်"

"သူက မချစ်ရင်ကော"

"ကားတင်ပြေးကွာ"

နှစ်ယောက်သား သဘောကျစွာ ရယ်ကြ၏။

"တို့နှစ်ယောက် ရယ်နေလို့တော့ မဖြစ်ဘူး နန္ဒီ၊
ယောကျ်ားလေးတွေကလက်ဖက်ရည်ဆိုင်ကိုဖင်ပြုတ်
စွဲအောင်ထိုင်တတ်ကြတာ၊ ဒီတော့ အနီးပတ်ဝန်းကျင်
ကလက်ဖက်ရည်ဆိုင်တွေကို မျက်လုံးဝေ့ရင်မကောင်း
ဘူးလား"

"စိတ်ကူးကောင်းလိုက်တာမဥ္ဇူရာ၊ ဒါကြောင့်ကိုယ်
ဘာပဲလုပ်လုပ် မဥ္ဇူနဲ့ တိုင်ပင်ရတာ"

ပထမဆုံးကြုံတွေ့ရသည့် လက်ဖက်ရည်ဆိုင်ကလေး။
ပိတောက်ပင်ကြီးအောက်မှာ တည်ရှိပြီး ဆိုင်အမည်ကို
ည်း "ပန်းပိတောက်" ဟု အမည်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မေဦးလက်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး ဆိုင်ထဲ ဝင်ခဲ့သည်။ အကြည့်တွေ မိမိတို့ထံ ရောက်လာသော်လည်း ပိုရဲပိုကဲသော အကြည့်များမပါ။ လက်ဖက်ရည်ဆိုင်ကို အမျိုးသမီးတွေ လွတ်လပ်စွာ ထိုင်ရဲခဲ့သည်မှာလည်း ကြာပါပြီ။

ထောင့်စားပွဲလေးမှာထိုင်ပြီး ကော်ဖီခါးခါး နှစ်ခွက်မှာသည်။ စားပွဲထိုးလေးက....

"တစ်မျိုးကြီးပါလား"

"ဘာကိုတစ်မျိုးတာလဲ"

"ကျွန်တော်တို့ဆိုင်က လက်ဖက်ရည်နဲ့ နာမည် ထွက်ခဲ့တာ အစ်မရ၊ အစ်မတို့က ကော်ဖီခါးခါးဆိုတော့ အထူးအဆန်းဖြစ်သွားတာပေါ့"

"ဒါဖြင့်လည်း လက်ဖက်ရည် နှစ်ခွက်ယူခဲ့တယ်"

"အဲဒီလို လုပ်စမ်းပါ အစ်မရဲ့"

စားပွဲထိုးလေးက ဖေါ်ဖေါ်ရွှေရွှေ ရယ်ရယ်ပြုံးပြုံး။

"မေဦး"





"ဟင်"

"သူနဲ့ တူတဲ့လူဆိုလို့ တစ်ကောင်တစ်မြီးတောင် မတွေ့ဘူး"

"နန္ဒီလူက ဒီဆိုင်မှ ထိုင်မှထိုင်ရဲ့လားမသိ"

"အဲဒါတော့ မသိဘူးလေ"

ဆုနန္ဒီမျက်နှာမှာ စိတ်ပျက်လက်ပျက် အမူအယာ ပေါ်သည်။

"ကိုယ် ဒီလို လုပ်ချင်တယ်"

"ပြောလေမေဦး"

"စားပွဲထိုးလေး ကြည့်ရတာ ဖေါ်ဖေါ်ရွှေရွှေနဲ့ ပျော်ပျော်ရွှင်ရွှင် နေတတ်ပုံပဲကွ၊ ကောင်လေးကို ပုံသဏ္ဌာန်ပြောပြီး လာတတ်သလား ဆိုတာကို မေးကြည့်ရင် မကောင်းဘူးလား"

"ကောင်းတယ်မေဦး"

မကြာမီ စားပွဲထိုးလေးက လက်ဖက်ရည်နှစ်ခွက်လာချသည်။ မေဦးက ချာတိတ်မျက်နှာကို စေ့စေ့ကြည့်ပြီး...

www.burmeseclassic.com



"အစ်မတို့ကို ကူညီပါလား"

"ပြောလေအစ်မ"

"အကူညီဆိုတာက မေးချင်တာပါ ဒီလိုကွာ၊ မင်းတို့ဆိုင်ကို မေးမှာ မှဲ့နဲ့လူလေ၊ အဲဒီလူ မင်းတို့ဆိုင်ကို မလာတတ်ဘူးလား"

"နာမည် ဘယ်သူလဲ အစ်မ"

"ငါနာမည်မေ့နေလို့ကွ၊ သူ့မေးဖျားက မှဲ့ကအထင်းသားကြီးကွာ၊ အမွေးသုံးလေးပင်တောင် ရှိသေးတယ်"

ချာတိတ် တွေသွား၏။ ပြီး မျက်လုံးတစ်ဘက်ကို မှေးစင်းပြီးစဉ်းစားဟန်ပြုသည်။

"အမွေးရှိတယ် ဟုတ်လား"

"အေး...မှဲ့မှာ အမွေးရှိတာ ပြောတာ၊ မင်းစကားပြောရင် ပြည့်ပြည့်စုံစုံ ပြောပါကွ၊ မအူမလည် လာမလုပ်နဲ့ ဆွဲဆောင့်လိုက်လို့ အဘားအော်သွားမယ်"

ချာတိတ် မေဦးကို လန့်သွားဟန်ရှိ၏။



ပြီးမှပြုံးသည်။

"အစ်မကလည်း ဒေါသချည်းပဲ၊ ကျွန်တော်က ပိုပြီးတိကျအောင် မေးနေတာပါ"

"အေးလေ စုဆိုစဉ်းစားလို့ရပြီပဲဟာ"

"နေဦးအစ်မရ၊ အဲဒီလူက စကားပြောရင် ဂျစ်တစ်တစ်ပြောတတ်တယ် မဟုတ်လား"

ဆုနန္ဒီက စကားကို ဖြတ်ဝင်ပြီး...

"အေး...အေး...ဟုတ်တယ်၊ ပုံစံက တစ်လောကလုံးကို သူက ဒိုင်ခံလုပ်ကျွေးနေရတဲ့ ပုံစံကွာ"

ချာတိတ်က ရယ်သည်။ ရယ်ပြီးမှ...

"အဲဒါ...ကိုရဲထိုက် အစ်မရ"

"ရဲထိုက် ဟုတ်လား"

ဆုနန္ဒီအသံက အနည်းငယ် လွတ်ဝတ်နေ၏။

"သိပ်ဟုတ်တာပေါ့အစ်မရာ၊ လူတစ်ယောက်ကို ကြည့်ရင် ပမာမခန့် ပုံစံလည်း သိပ်ကြည့်တတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"သူ...သူတို့က ဒီမှာ မထိုင်ဘူးလား"

သူမ စကားလောသွားသဖြင့် မေဦးက သူ့ဒူးခေါင်းနှင့် အသာ ခတ်ပြီး သတိပေးသည်။

"ညနေမှ ထိုင်တာ အစ်မရ၊ ညနေခြောက်နာရီလောက် ဆို သူတို့အုပ်စု ရောက်လာပြီ"

"အများကြီးလား"

"မများပါဘူး၊ ကိုရဲထိုက်တို့က သုံးယောက်ထဲတွဲတာ၊ ကိုရဲထိုက်ရယ်၊ ကိုအားကာရယ်၊ ကိုဖိုးချိုရယ် ဒါပဲ တွဲတာ"

စကားကို ရှေ့ဆက်စရာ အကြောင်းမရှိတော့။

ကျသင့်ငွေရှင်းပေးပြီး ထိုင်ရာမှထတော့ ချာတိတ်က လက်ဖက်ရည်ခွက်များသိမ်းရင်း...

"ကိုရဲထိုက်လာရင် ကျွန်တော် ဘာပြောလိုက်ရမလဲ အစ်မ"





"ဘာမှ ပြောမနေပါနဲ့ကွာ၊ တို့မေးတယ်ဆိုတာကို လည်း မင်း လေသံတောင် သွားမဟာပါနဲ့၊ တို့မေးတာ ပေါက်ကြားရင် မင်း ကိုင် အပေါက်ခံရပြီသာမှတ်"

"အစ်မတို့က ဂျူဒိုတတ်လို့လား"

"ငါကတော့ မတတ်ဘူး၊ ဟော့ဒီ ငါ့သူငယ်ချင်းက ခါးပတ်အနက် ရထားတာ၊ လက်ဝါးစောင်းကလည်း ဘာထက်သလဲ မမေးနဲ့ အုတ်ခဲငါးလုံးကို ထက်ပိုင်းကျိုးအောင် ခုတ်နိုင်တယ်"

"ကြားတာနဲ့ သွေးတောင်ပျက်ချင်ပြီ အစ်မရာ"

ကောင်လေးမျက်နှာ ပြုံးရိပ်သန်း၏။

ဆုနန္ဒာနှင့်မေဦး ကားပေါ်တက်မည်ပြုတော့...

"အစ်မ"

"ဘာလဲ"

"နောက်လည်း လာသောက်နော်အစ်မ၊ ကျွန်တော်တို့ ဆိုင်ကလက်ဖက်ရည်က သူ့ထက်ကောင်းတာတောင် သူ့လောက်မကောင်းတဲ့ ဆိုင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကြွားလေးပဲ"

ကားကို မောင်းထွက်ခဲ့သည်။

ဆုနန္ဒိရင်မှာ စုန်လှုပ်မှုနှင့်အတူ မျှော်နေရသည်ကိုတော့ ကိုယ့်ဘာသာကိုယ် သိသည်။

☆☆☆

[၉]

"အချစ်ဆိုတာ ကိုယ်ဝန်ဆောင်မိန်းမလိုပဲကွ ရဲထိုက်ရ၊ အဲဒါကို သဘောပေါက်နိုင်တဲ့ အရည်အချင်း မင်းမှာရှိရင် အချစ်နဲ့ ပတ်သက်တဲ့ ဒဿနတွေကို ငါမင်းကို မပြောတော့ဘူး"

ဖိုးချို စကားအဆုံးမှာ စားပွဲထိုးလေးက အကြမ်းအိုးကို အသစ်လာလဲပေးသည်။ အာကာက စီးကရက်ကိုခဲရင်း ဖိုးချိုကို ကြည့်သည်။ ရဲထိုက်က လက်ဖက်ရည်ကို တစ်ကျိုက်သောက်ပြီး—

www.burmeseclassic.com

www.burmeseclassic.com



"အချစ်နဲ့ ကိုယ်ဝန်ဆောင် မိန်းမနဲ့က ဘာဆိုင်လို့လဲကွ၊ မင်းစကားပြောရင် စာလိုလို၊ ကဗျာလိုလိုနဲ့ ဖိုးချို၊ ငါကရှင်းရှင်းပြတ်ပြတ်ပြောတာကိုပဲသဘောကျတယ်"

"မင်း တယ်စက်ပါလား ရဲထိုက်ရာ၊ အချစ်နဲ့ ပတ်သက်တဲ့အတွေးအခေါ်တွေ မင်းဦးနှောက်မှာ မရှိရှာပါလား"

ဒါကိုတော့ သူ ဝန်ခံပါသည်။

လူလားမြောက်ကတည်းက အချစ်ကို သူများပြော၍သာ ကြားဘူးသည်။ ရုပ်ရှင်ဗွီဒီယိုကြည့်၍သာ သိသည်။

"ဆိုစမ်းပါဦး၊ အချစ်နဲ့ ကိုယ်ဝန်ဆောင်မိန်းမက ဘယ်လိုကြီး ပတ်သက်နေလို့လဲ"

အာကာကတော့ စိတ်ဝင်တစားနှင့်မေးသည်။

"ပတ်သက်တာကို ပြောတာ မဟုတ်ဘူးကွ၊ တူညီတာကို ပြောတာ၊ မင်းစဉ်းစားကြည့်လေ၊ ကိုယ်ဝန်ရှိတဲ့ မိန်းမက သူ့ဗိုက်ကို သုံးလလေးလနဲ့ပဲ ရုပ်တန့်နေစမ်းဟဲ့လို့ ဖုံးထားဖိထားလို့ ရသလား"





"သဘာဝမှ မဟုတ်ပဲကွာ"

"အဲ...ရဲထိုက်၊ မင်း သိပ်နားမဝေးတော့ဘူး၊ ရှင်းလို့ လင်းလို့ လွယ်ကူတဲ့ အဆင့်ကို ရောက်လာပြီ"

စကားလုံးက မြင့်လာ၏။

ဖိုးချိုဟန်ကိုကြည့်ပြီး သူ့အတော့်ကို အမြင်ကတ်လာ၏။

"အေး..ကိုယ်ဝန်ဆောင်မိန်းမက သူ့ဗိုက်ကြီးကို ရုထွက်လာမှာစိုးလို့ ဘယ်လိုပဲ လက်နဲ့ဖိထားဖိထားမရဘူးကွ၊ သူ့ဗိုက်ကြီးကတော့ အချိန်တန်ရင် အော်တိုမက်တစ် ပူထွက်လာမှာပဲ၊ အချစ်ဆိုတာလည်း အဲဒီလိုပဲ၊ ဖုံးထားထား၊ ဖိထားထား တစ်နေ့ကျရင် ကိုယ်ဝန်ဆောင်မိန်းမရဲ့ဗိုက်လိုပေါ်တင်ကြီး ဖြစ်လာမှာပဲ"

"မင်းဆိုလိုချင်တာက ဘာလဲ ဖိုးချို"

"အဲဒါပဲလေ၊ မင်းလဲ မင်းရင်ထဲက အချစ်ကို ဘယ်လိုပဲ ဖိထား ဖိထား တစ်နေ့ပေါ်လာမှာပဲ"

ဖြစ်နိုင်ပါ့မလား။

သို့သော်လည်း သူမကို အချိန်တိုင်းလိုလိုမှာ အသိတရရှိနေသည်ကတော့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုကိုယ် လိမ်မနေစမ်းပါနဲ့ ရဲထိုက်ရာ၊ မင်း
သူ့ကို အမြဲသတိရနေပါတယ်"

"အဲဒါတော့ အမှန်ပဲ ဖိုးရှိူ"

"ဟား...ဟား...အဲဒါ အချစ်ပေါ့ကွ၊ မင်းသူ့ကို ချစ်
ပြီ၊ ဖွတ်...ရှုးလို့ အသားလွတ်ပြောသွားတဲ့ ငတိမ
မင်းစွဲလမ်းနေပြီ၊ စွဲလမ်းတယ်ဆိုတာ အချစ်ပဲကွ၊ ချစ်
စွဲလမ်းလို့ရတာ"

ရင်မှာတော့ ခပ်နွေးနွေးကလေး ဖြစ်သွား၏။

အချစ်သည် ရင်ကိုနွေးထွေးစေသည်ဆိုသည့် အ
တစ်ခုကိုတော့ သူရသည်။ စီးကရက်တစ်လိပ်ကိုဆွဲယူ မီးညှိ
ရင်း သူ့အကြည့်က ဆိုင်အပြင်ဘက်သို့ ရွေ့လျားသွား၏။

"ဟင်..."

သူ့တစ်ကိုယ်လုံး တောင့်တင်းအေးစက်သွားသည်
လက်မှာကိုင်ထားသည့် စီးကရက်လေးပင် စားပွဲပေါ် ပြုတ်
ကျ၏။

ဒါကို ဖိုးရှိူနှင့်အာကာ အံ့အားတသင့်နှင့် ဖြစ်နေပါသည်



သူပါလား။

သူ ဘာလာလုပ်တာပါလိမ့်။

☆☆☆

သူပြောပြတော့ အာကာနှင့်ဖိုးရှိူ မျက်လုံးပြူးဝိုင်း
သွားကြ၏။

"လှတယ်ကွာ၊ နှစ်ယောက်စလုံးလှတယ်၊ ဘယ်သူနဲ့
ပဲပြိုင်ပြိုင်၊ မင်းတန်တယ် ရဲထိုက်"

"ဟော့ကောင်၊ ဈေးရောင်းဈေးဝယ် လုပ်နေတာ
မဟုတ်ဘူး၊ ငါနဲ့ဆုံဆည်းခဲ့တာက မိုးပြာရောင်ဝတ်စုံ
ဝတ်ထားတဲ့ ကောင်မလေး"

"သူက ပိုလှတယ်"

"မင်းတို့ မျက်လုံးတွေ ဒီဘက်ပြန်လှည့်ဦးကွာ၊ အဲဒီ
က တော်တော်ကို မဲနေပြီ"

စမှ တော်နေစ်ကောင် ဆင်ခြင်ရမှန်း သိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်မှာ လှုပ်ရှားနေသော်လည်း စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ပြန်စုစည်းသည်။ မျက်လုံး တစ်ဆေ့အကြည့်မှာတော့ သူတို့က လက်ဖက်ရည်တောင် မှာပြီးနေပြီ။ နောက်ပြီး စကားပွဲထိုးချာတိတ်က သူ့တို့အနားကပ်ပြီး တီးတိုးစကားပြောသည်ကိုလည်း ရဲထိုက် သတိပြုမိ၏။

"အကြည့်ကတော့တို့ဘက်ကို ဖြတ်ကနဲဖြတ်ကနဲရောက်တယ် ရဲထိုက်၊ မင်းလှုပ်ရှားဖို့တော့ ကောင်းပြီ"

"ဘာလှုပ်ရှားရမှာလဲ"

"ပြဿနာပါလား၊ သူတို့ ဒီမှာလာထိုင်တယ်ဆိုတာ အကြောင်းရှိတယ်ကွ"

"ဘာအကြောင်းလဲ"

မိုးချို သူ့ကို ကြည့်သည့်အကြည့်က သနားစရာ သတ္တဝါ ပုံစံအမြင်မျိုးဖြင့် ကြည့်သည်။

"တို့ ဒီဆိုင်မှာ လာထိုင်လာတာ ဖင်ကျွတ်ဆွဲလုပြီ ကွာ၊ သူတို့ လာထိုင်တာ ဘယ်နှစ်ခါ တွေ့ဖူးလို့လဲ"

"ဒါကတော့ သူတို့က ခုမှ လာထိုင်လို့ နေမှာပေါ့"





"ရဲထိုက်...နှလုံးသားနဲ့ပတ်သက်တဲ့ မင်းအတွေးအခေါ်တွေ အရမ်းအောက်နေပြီကွာ၊ အချစ်အကြောင်းတွေကိုလည်း ငါမင်းကို ဖန်တစ်ရာတေအောင် ပြောပြီးပါပြီ၊ အချစ်ဆိုတာကို မင်း နားလည်ဖို့တော့ ကောင်းပါပြီ"

"မိုးချိုပြောတာ ဖြစ်နိုင်တယ် ရဲထိုက်၊ ငတိမ မင်းကို လာရှာတာပဲ ဖြစ်ရမယ်"

"ခုတွေ့ပြီလေကွာ၊ ဘာထူးခြားလို့လဲ"

"အား...ရဲထိုက်ရာ၊ မင်းအရမ်းကို တုံးနေပြီ၊ မင်းက စပြီး ဩော်... ခင်ဗျားတို့ လက်ဖက်ရည် လာသောက်တာလား ဒီဆိုင်ကလက်ဖက်ရည်ကကောင်းတယ်နော်၊ ကျွန်တော်တို့က ဒီမှာ အမြဲ ထိုင်တာ ဆိုပြီး လျှာကလေးကို နည်းနည်းတော့ ရှည်ပေးရမှာပေါ့ကွ"

"အာကာ ပြောတာမှန်တယ် ရဲထိုက်၊ မင်း မသွားဘဲနဲ့တော့ သူ ထလာမှာ မဟုတ်ဘူး၊ မိန်းကလေး ဆိုတာ သစ်သီးလိုပဲကွ၊ တံချူနဲ့ မချူဘဲ လေမတိုက်ဘဲနဲ့တော့ သူ့အလိုအလျောက် ကြွေမလာဘူး"



www.burmeseclassic.com

www.burmeseclassic.com



ငြင်းစေချင့် မပြုမိခြင်းကိုက မိမိ၏ အားနည်းချက်မှန်း နားလည်သိသည်။ တကယ်ဆို နိုးနိုးမှန်ရာကို ငါ့မှသူ့ကို မချစ်တာရိုသည့် စကားထွက်ဖို့ကောင်းသည်။ သို့သော်လည်း ဒီစကားကိုတော့ သူဘယ်လို့မှ မပြောထွက်ရက်။ အဲဒါကိုကပဲ အရှုံးပြစ်နေပြီလားမသိ၊

"ကိုယ့်ကိုကိုယ် သိပ်ပြီး ထိန်းချုပ်မနေနဲ့. ရဲတိုက်၊ အချစ်ဆိုတာ ရှက်စရာ မဟုတ်ဘူး"

"အင်း…ရင်မှာတော့ နည်းနည်း လှုပ်ရှားတယ်ကွာ"

"ဟား…ဟား…အဲဒါ မင်းရင်ခုန်နေတာ၊ ရင်ခုန်မှုဆိုတာ အချစ်ရဲ့ ရှူးသက်တော်ပဲကွ၊ သေချာတယ် မင်းသူ့ကို ချစ်နေပြီ"

"မင်းအသံကြီးကလည်း ကျယ်လိုက်တာ၊ ကြားသွားရင် အားနာစရာကြီး"

"နလုံးသားချင်း၊ မျက်စိချင်းသိနေတဲ့ ကိစ္စကွာ၊ ကြားပါစေပါစေလ"

ဗိုးရိုးကတော့ အရယ်မပျက်။



သူက ခိုတံမလုံမလဲနှင့် သူမကို စွန်းကြည့်သည်။

သူမက အကြည့်မှင်ဆုံတော့…။

အင်း…နှီးနွှံးပြောသလို ရင်ခုန်တာ အချစ်ပြစ်နေပါပြီ။

★★★

သူ့အကြည့်အတွက် ရင်မှာ လှုပ်ခတ်မှုပြစ်နေရာနေရာဆိုတော့ ရှုခဲ့ ကိုယ့်ကိုကိုယ်သိသည်။ မျဉ်းမျှက်နှာကို သူမက ရှက်ပြုံးကလေးနှင့်ကြည့်ပြီ—

"အဲဒီအသားလတ်လတ်၊ မျက်နှာကောင်းကောင်း မျက်လုံးကောင်းကောင်းနဲ့ လှတဲ့ မချိုး"

"ကိုယ်အကဲခတ်မိပါတယ်၊ ဂုဏ်ကတော့ [illegible] လုံးကို ထိမထင်တဲ့ မျက်နှာထားမျိုးပဲကွ၊ ဟော… ဟော… ကိုယ်တို့ဘက်ကို လှည့်ကြည့်နေပြီဗျ"

ရာနှုန်းကတော့ ခေါင်းကို အသာငုံ့ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘေးမှာ ထိုင်နေတဲ့ အရပ်ပုပုပြတ်ပြတ်ကောင် မျက်နှာကတော့ တကယ့်ကို အပိုးမကျိုးပဲကွ၊ ကြည့်.. တို့ကို ပြောင်စပ်စပ် လုပ်ပြနေတယ်"

"ပြောင်စပ်စပ်နေတတ်လို့ ထင်ပါရဲ့ကွာ"

မေဦးက လက်ဖက်ရည်ပန်းကန်ကို မ,အယူမှာ စားပွဲထိုးလေးအနား ရောက်လာ၏။

"အစ်မ.. ဟိုမှာ ကိုရဲထိုက်လေ၊ အစ်မနဲ့သိတယ်ဆို"

"သိရုံ သိတာကွာ၊ ရင်းရင်းနှီးနှီး စကား မပြောဖူးပါဘူး၊ ပြောစရာအကြောင်းလည်း မရှိဘူး"

"ကိုရဲထိုက်က မျက်နှာတင်းတင်းနေတတ်ပေမယ့် သဘောကောင်းတယ် အစ်မရဲ့၊ သူများတွေလို ဘာဘာညာညာ မရှိဘူး"

"ဘာသဘောကောင်းတာလဲ၊ သူ့ကိုတွေ့လိုက်ရင် ဆယ့်နှစ်ရာသီ ရန်ဖြစ်သတ်ပုတ်နေတာများ"

"အဲဒါ အစ်မအမြင်မှားတာပဲ၊ ကိုရဲထိုက်က မဟုတ်မခံစိတ်ဓါတ်ဗျ အစ်မရေ၊ မဟုတ်မခံတတ်တဲ့လူ အတော်များများဟာ ရန်ဖြစ်တတ်ကြတာပဲ"





မေဦးက လက်ဖက်ရည်ကို ငုံသောက်ပြီး စကားဖြတ်ထင်၏။

"ဟို...အရပ်ပုပု ပြောင်စပ်စပ်လူကဘာယ်သူလဲ"

ချာတိတ်က လှမ်းကြည့်သည်။

"ဟဲ့...သေသေချာချာ သွားကြည့်မနေနဲ့၊ သူတို့အကြောင်း ဘာတွေလာမေးတာလဲဆိုပြီး လာဂျစ်နေမှ နေရင်းထိုင်ရင်း အရှက်ကွဲရဦးမယ်"

"အဲသလို လူများတွေ မဟုတ်ပါဘူး အစ်မရ၊ အဲ... အစ်မ ပြောတဲ့လူက ကိုဖိုးချိုလေအစ်မရဲ့၊ သူက အချစ်ဒိုင်ကြောင်တွေ သိပ်ကောင်းတယ်"

"ဘာဒိုင်ကြောင်လဲ"

"အချစ်ဒိုင်ဖွင့်ကောင်းတာ၊ ကိုဖိုးချိုဘေးက လူကကိုအာကာတဲ့၊ တကယ့်ကိုအေးအေးဆေးဆေးသမား' ကောင်လေး တစ်ဖက်ဝိုင်းသို့ ကူးသွား၏။

"ခက်တယ်နော်"

"ဘာကိုလဲ နန္ဒ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဖက်သတ် စိတ်ဝင်စားရတဲ့ အဖြစ်ကို ပြောတာပါကွာ၊ ကိုယ်တို့မှာ သည့်ထက်အရှိန်ယူပြီး လက်ဖက်ရည်ဆိုင်မှာ ထိုင်လို့ကလည်း မကောင်း"

"အေးလေ၊ မင်းရဲ့ ရဲထိုက်ဆိုတဲ့ ပုဂ္ဂိုလ်ကလည်း ဝါတော်လေးဆေယ်ရ ရဟန်းကြီးကျနေတာပဲ၊ ထ, ထက်လာပြီး နှုတ်ဆက်ရင်ပြီးတဲ့ဟာများ၊ နန္ဒကို မသိတာလည်း မဟုတ်"

"အေးလေ"

ဆုနန္ဒ ပင့်သက်ချသည်။

သည့်ထက်လည်း မိန်းမသူရဲကောင်း မဆန်ပဲ။ လက်ဖက်ရည်ဆိုင်ထဲ ဝင်ရသည်ကပင် လွန်လှပြီ။

"ပြန်ကြပါစို့ မဦးရေ၊ လောကမှာ ဖြစ်သင့်ဖြစ်ထိုက်တာထက် လုပ်သင့် လုပ်ထိုက်တာကို လုပ်တာ အကောင်းဆုံးပါပဲ၊ ခုတိုယ်တို့ ပြန်တာ လုပ်သင့် လုပ်ထိုက်တာပဲ"

လက်ဖက်ရည်ဖိုး ရှင်းပြီး ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။



ထမ်းတစ်ဖက်မှာ ရပ်ထားသည့် ကားဆီသို့ လျှောက်သွားသည်ထိ ကိုယ်တော်က လှည့်ကြည့်မေါ်မရ။

ဘယ်လိုလူလဲ။

အလှအပဆိုတာကို စဲစားတတ်ပါရဲ့လား။

ပြီးတော့...

အသည်းနှလုံးကော ရှိရဲ့လား။

☆☆☆

"မင်းအရှိန်ရွဲနေလို့ ဟိုမှာထသွားပြီကွ ရဲထိုက်ရ"

ဖိုးရိုး မကျေနပ်သံ။

အာကာက ကမျာကယာ လှမ်းကြည့်သည်။

"သူတို့လည်း ထပြန်တာ ပြန်လိုက်တာကွာ၊ ငါ့မှာ အရှိန်လူတုန်း ရှိသေးတယ်"

"လုပ်မနေနဲ့ ရဲထိုက်၊ လိုက်ပြီးတော့ နှုတ်ဆက်ကွာ၊ အခွင့်သာရင် တစ်ခါထဲ ရည်းစားစကားပြောပစ်လိုက်၊

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ တစ်ခါတလေ အာလူးသီးလိုပဲကွ၊ အသုံးမချပဲ ကြာကြာထားရင် ပုပ်သိုးသွားမယ်"

ဖိုးချိုစကားအဆုံးတွင် အာကာက လက်ဖက်ရည်ဖိုး အမြန်ရှင်းသည်။ ပြီးဆိုင်ထဲမှ ခပ်သွက်သွက်ကလေး ထွက်ခဲ့ကြ၏။

အပြင်ရောက်တော့ အရိပ်ကလေးနှစ်ခုက ကားနားသို့ ပင်ရောက်နေပြီ။

"ဟော့ကောင်၊ လုပ်...လုပ်"

"ဟုတ်တယ်လေကွာ၊ မင်းကြောက်မွေးပါမနေနဲ့၊ ရဲထိုက်"

အာကာကလည်း တွန်းတွန်းတိုက်တိုက်။

"ငါ ရင်တွေတုန်နေတယ်ကွာ၊ ကြက်သီးကလည်း တဖြန်းဖြန်းပဲ"

"အဲဒါဟာလဲ အချစ်သင်္ကေတတစ်ခုပဲကွ၊ သွားကွာ သွားစမ်းပါ"





တွေဝေနေ၍ မဖြစ်တော့။

သူစိတ်ကို တင်းပစ်လိုက်သည်။

အချစ်နှင့်ပတ်သက်ပြီး မိန်းမတစ်ယောက်၏ထံပါး သို့ သွားရောက်ခြင်းသည် ဘဝမှာ ပထမဆုံးအကြိမ်ပါပဲ။

☆☆☆

ထံပါးရောက်သည်နှင့် ကိုယ်သင်းရနံ့မွှေးမွှေးကလေးကို ခံစားရသည်။ သူချောင်းတစ်ချက်ဟန့်တော့ သူမက ဆတ်တနဲ လှည့်ကြည့်လာ၏။

သူခပ်ကြောင်ကြောင်ကလေးရပ်တော့ သူမက သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ သို့သော်လည်း သူမမျက်နှာမှာ ပြုံးရိပ်ထင်နေ၏။

သူစကားကို မပြောဝံ့ဘဲ ပင့်သက်ကြီးကို ဖူးကနဲမှုတ်ထုတ်လိုက်သည်။ သူဖူးကနဲ အသံကြီးကြောင့် ကားတံခါးဖွင့်ပြီး ကားပေါ်တက်မည့် သူတို့ ခြေလှမ်းများ တုန့်ဆိုင်းသွားပါ၏။

www.burmeseclassic.com

"ဘယ်လိုဖြစ်နေတာလဲ အနားလာပြီး တဖူးဖူးနဲ့"

သူ့အရဲ့နှန့်ရပါတော့မည်။

"စကားပြောဖို့ အားအသွင်းနေတာပါ၊ နောက်

မဟုတ်ပါဘူး"

"ဘာစကားပြောမှာလဲ"

ပင့်သက်ကို ဖူးကနဲ မှုတ်ထုတ်ပြန်၏။

"လာပြန်ပြီ ဒီဖူးကြီးက"

"ပြောမယ့်စကားက နည်းနည်းခက်သလိုဖြစ်နေတယ်"

"ပြော...ပါငွေစကားမပြောမလို့ထင်တယ်၊ ရှာယန်၊

က ပါငွေစကားလည်း တတ်တယ်"

ပြောပြီး သူမရယ်၏။

သူမရယ်တော့ သူမအေးက ဝေဒီကလည်း လိုက်

ရယ်သည်။

"မနောက်ပါနဲ့ဗျာ၊ ခင်ဗျားကသနဲ့ ဝိတ်တိုက်တာ

နှစ် တင်ပါးမှာ ဖျက်နေတုန်းပဲဗျ"

"ပြောမဲ့စကားက အဲဒါလား"

"အဲ..ပြောမှာက အဲဒီစကား မဟုတ်ဘူးဗျ"





ရဲထိုက် အကြည့်က ကားတံခါးကို ကိုယ်တစ်ခြမ်းစောင်း

နေသည့် ဝေဒီဆီ ရောက်သည်။ ရည်းစားစကား ဆို

နမ်းကိုယ်ကြာ၊ ပြောသင့်သည့်စကား၊ သော်မှာ ဝေဒီမ

ပြောချင့်စကားတွေ လည်ပင်းမှာ တစ်နေ၏။

"အင်း...စက်တယ်ဗျာ"

"သိပြီ...သိပြီ၊ ယူပြောဖို့ ခက်နေတဲ့ စကားကို တို့သိ

ပြီ"

"ဒါဖြင့် ဘာလဲ"

"ယူ့ကို ကားနဲ့တိုက်မိတာ ခု အလျှော်တောင်းချင်

လို့ မဟုတ်လား"

"ခေါ်ကားရဲ့လိုက်တာဗျာ၊ ခင်ဗျားက ကျုပ်ကို ငွေ

မက်တဲ့ကောင်၊ အလျှော်လိုချင်တဲ့ ကောင်လို့ထင်နေ

လို့လား"

"ဒါဖြင့် ဘာပြောမှာလဲ ပြောလေ"

မေးလာတော့မှ ရဲထိုက်က ဆုံးဖြတ်ချက်ချသည်။

www.burmeseclassic.com



"ဘေးမှာ ခင်ဗျား သူငယ်ချင်း ရှိနေတော့ ပြောမထွက်ဘူး ဖြစ်နေတယ်ဗျ"

"ရပါတယ်၊ မေဦးက တို့ရဲ့ကောင်းတိုင်ပင် ဆိုးတိုင်ပင် သူငယ်ချင်းပါ၊ သူ့ရှေ့မှာလည်း ယူပြောချင်တာကို ပြောနိုင်ပါတယ်"

"ခက်ပါလားဗျာ"

ညနေနှောင်းစ လေအေးက ဝှေကနဲတိုက်ခတ်သည်။ လမ်းနဘေး အုန်းပင်ပေါ်မှ ရှဉ့်ကလေးတစ်ကောင် ပြေးဆင်းလာ၏။

"ကဲ... ပြောတော့မယ်ဗျာ"

"ပြောပါ"

"ကျွန်တော် ခင်ဗျားကို ချစ်နေတယ်ဗျ"

ပြောပြီးရင်မှာ မောဟိုက်သွားသည်။

ချစ်တယ်ဆိုသည့်စကားနှစ်လုံးသည် ဘာမှမဟုတ်သော်လည်း ပိသာချိန်ပေါင်းများစွာထက် လေးလံသည်ကို ရဲထိုက် သဘောပေါက်လိုက်၏။





"အဲဒါပါပဲဗျာ၊ ပြောချင်တာက အဲဒါပါပဲ"

သူမ ခေတ္တခဏ ငြိမ်သက်သွားသည်။ အတန်ကြာတော့ သူမထံမှ ပင့်သက်ချသံကို သူကြားရ၏။

"တို့ ယူ့ကို ဘာပြန်ပြောရမလဲဟင်"

"ချစ်တယ်လို့ပဲ ပြောပါဗျာ၊ ကျွန်တော့်ကို ချစ်တယ် ဆိုတာကိုပဲ ကြားချင်တာပါ"

သူမက နံဘေးမှာ ရပ်နေသည့် သူမ သူငယ်ချင်းကို ခေါ်သည်။

"မေဦး"

"ဟင်"

"ကိုယ်သူ့ကို ဘယ်လို ပြောလိုက်ရမလဲဟင်"

"ချစ်တယ်လို့ပဲ ပြောလိုက်ကွာ"

"ဟင်း..."

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို နောက်နေတာတော့ မဟုတ်ပါဘူး နော်"

ယုံချင်သော်လည်း မယုံရဲမှုတွေက ရင်မှာတင်းကြပ်နေ မည်။ မျက်နှာနှစ်ခုကိုကြည့်တော့ တည်တည်ငြိမ်ငြိမ်။ ကြား ထားသည့် သူမ၏ နာမည်ကိုလဲ ရင်မှာစွဲငြိနေ၏။

ဆုနန္ဒိတဲ့။

ဒါက သူ့နာမည်ကော သူသိလို့လားဟုမေးပြီး မဦး ပြောပြသည့် နာမည်။

ရပ်ထားသည့် ကားနဘေး မြောင်းအုတ်ဘောင်မှာ ထိုင် ဖြစ်တော့ ချစ်ခြင်းကို ယုံကြည်သည့်အင်အားတွေ ရဲထိုက် ရင်မှာ ဖြစ်တည်လာ၏။

နေက မညိုသေး။

ဝါးရနံ့ကို သယ်ယူလာသည့်လေပြေက ကဗျာတစ်ပုဒ် ဖြစ်နေ၏။

"ယူ့ တို့ကို ချစ်တယ်ဆိုတာ တကယ်မှ ဟုတ်ရဲ့လား လို့ ကိုယ့်ကိုကိုယ် ဝေဖန်သုံးသပ်မှုကော ရှိရဲ့လား"





"ဖြစ်တာကတော့ ခင်ဗျားကိုစတွေ့ကတည်းကချစ်တာ ပါဗျာ၊ အဲဒီတုန်းက ခင်ဗျားက ကျုပ်ကို ဖွတ်...ရှူးလို့ တောင် ပြောသွားသေးတယ်။ မနေ့က လမ်းလျှောက် ရင်း ဆိုက်ကားတစ်စီးဘီးပေါက်တော့ ဖွတ်...ရှူးဆိုတဲ့ အသံကြီးထွက်တယ်၊ ခင်ဗျားကို အရမ်း သတိရတာပဲ"

"အမယ်လေးဟဲ့၊ သတိရတတ်မှုကလည်း ကဗျာဆန် လိုက်တာ"

ရဲထိုက်က ပြုံးသည်။

မဦးက ပါးစပ်ကို လက်ကိုင်ပုဝါလေးနှင့်ဖိပြီးရယ်၏။

"ဘာဖြစ်လို့"

"ကိုယ့်ကိုယ်ကို ကာကွယ်တာပါ၊ ယုံချင်ယုံ၊ မယုံချင် လည်းနေပါ၊ ကျွန်တော့်ဘဝမှာ ဆုနန္ဒီကို ချစ်မိတာ ဟာ ပထမဆုံး အချစ်ပါပဲ၊ အဲဒီအချစ်အတွက် အားငယ်မှုတွေ ဖြစ်ပေါ်ပေမဲ့ ဆုနန္ဒီဆီက အချစ်ကို ကျွန်တော် လိုချင်တာ အမှန်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဆုနန္ဒီမျက်နှာ ခပ်ဝေဝေလေး ဖြစ်နေ၏။

"ခက်လိုက်တာ ကိုရဲထိုက်ရယ်"


"ကျွန်တော် လက်ခံထားပြီးသားပါဗျာ၊ ဆုနန္ဒီက ကျွန်တော်ကို ချစ်မြတ်နိုးရင်တောင် အခက်အခဲတွေ အများကြီး ဖြစ်ပေါ်မယ်ဆိုတာ ကျွန်တော်ခဲ့စားထားပြီးသားပါ"

ဘာပဲဖြစ်ဖြစ်...

သည်ညနေအေးကစပြီး သူနှင့်ဆုနန္ဒီ ချစ်သူရည်းစား ဖြစ်သွားကြပြီကို နှစ်ယောက်စလုံး နားလည်လိုက်ကြပါ၏။

☆☆☆






www.burmeseclassic.com

www.burmeseclassic.com

## [၁၀]

"ဟာ... အမေ ဘယ်သွားလဲ"

ဆိုင်မှာ အမေ့ကိုမတွေ့။

သူ့အသံကြောင့် ဗိုင်းကြည်ကြည်က ဖြတ်ကနဲ လှည့်ကြည့်သည်။

"ဩော်...ကိုရဲထိုက်ဝါလား"

"အေး..အမေ ဘယ်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းချက်စရာ ဝယ်ရဦးမယ်ဆိုပြီး ဈေးထဲ ဝင်သွားတယ်၊ ဝိုင်းကြည်ကို ဆိုင်အပ်ခဲ့တာပါ"

"အင်း...အမေ့ဘဝကလည်း မအေးချမ်း၊ မငြိမ်းချမ်းလိုက်တာဟာ၊ ပြီးတော့ အမေ့စမျာ အိမ်ထောင်ရေးကံကလည်း ဆိုးတယ်"

အမေထိုင်သည့် ဖင်ထိုင်ခုံကလေးမှာ ဝင်ထိုင်သည်။ ဝိုင်းကြည်ကြည်က ရဲထိုက်ကို မျက်လုံးဝိုင်းကလေးနှင့် ကြည့်ပြီး..

"ဝိုင်းကြည်တို့ ကိုရဲထိုက်တို့ ဘဝက ငွေကြေးချမ်းသာတဲ့ ဘဝမျိုးမှ မဟုတ်ဘဲ ကိုရဲထိုက်ရယ်၊ ဒီတော့ ငြိမ်းချမ်းမှုဆိုတာ ဘယ်ရှိနိုင်ပါ့မလဲ၊ ဒါပေမဲ့စိတ်တော့ချမ်းသာပါတယ်၊ ရတာလေးနဲ့ ဝအောင်စား၊ ရှိတာလေးနဲ့ လှအောင်ဝတ်၊ မငြိမ်းချမ်းပေမဲ့ ပူပန်မှုကြီးကြီးမားမားတော့ မဖြစ်ပါဘူး"

"အဲဒါက အပြောပါဟာ၊ ငွေမရှိရင် စိတ်သောကတော့ အနည်းနဲ့အများ ရှိကြတာချည်းပဲ"





"ခု ကိုရဲထိုက်တို့မှာ ငွေ မရှိတာလား၊ ငွေပိုငွေလျှံမရှိတာလား"

သူက ဝိုင်းကြည်ကြည် မျက်နှာကို ဆတ်ကနဲ ကြည့်၏။

"နင် အမေနဲ့ ငါ့ဘဝကို အပြည့်အစုံသိတယ်၊ အပိုစကားတွေ လာမေးမနေနဲ့၊ အရက်သမား၊ လောင်းကစားသမား တစ်ယောက်ရှိနေတဲ့ မိသားစုမှာ ငွေပိုငွေလျှံဆိုတာ ရှိနိုင်မလားဟာ"

"ဟုတ်ပါတယ်၊ ဝိုင်းကြည် သဘောပေါက်ပါတယ်၊ ဦးအောင်ဖြိုးကြီးအတွက်လည်း ကိုရဲထိုက်တို့ သားအမိမှာ တစ်ဒုက္ခပါပဲ"

"အမေကတော့ ဒုက္ခလို့ ထင်ချင်မှ ထင်မှာပေါ့ဟာ"

ဝိုင်းကြည်ကြည် မျက်နှာပြုံးရိပ်သန်းသည်။

ဈေးဝယ်လာတော့ စကားပြတ်သွား၏။ အမေ့ရောင်းကုန်တွေထဲမှာ ကြက်ဥတွေတော့ ရောင်းပန်းဝယ်ပန်းကောင်းသည်။ အမေ့ကို ကြက်ဥတစ်မျိုးတည်း အစိက ကုန်ထားပြီး ရောင်းဖို့ သူပြောဖူး၏။

မကြာမီ အမေ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ကလှည့်လာတာလဲ'ဆိုသည့် အမေးစကားကို အမေ မေး၏။

"အမေ ဆိုင် စောစောသိမ်းမလားလို့ပါ"

"ဖြည်းဖြည်းပေါ့သားရယ်၊ အိမ်ရောက်တော့လည်း မင်း အဖေအရက်အိုးက ဆီးပြီး အရက်ဖိုး တောင်းဦးမယ်"

"ခင်းအဖေဆိုတဲ့ စကားကို မသုံးပါနဲ့ အမေ၊ ကျွန်တော့်မှာ အဖေတစ်ယောက်ပဲရှိတယ်၊ အဲဒီအဖေက လည်း သေပြီ၊ ဒါပဲ ရဲထိုက်မှာ အဖေမရှိဘူး"

အမေ ငြိမ်သက်သွား၏။

ဝိုင်းကြည်ကြည်က...

"အစ်ကိုကလဲ ကြီးဒေါ် စိတ်မကောင်း ဖြစ်အောင် ဘာလို့ပြောရတာလဲ"

သူ ဘာစကားမှ မပြောတော့။

ဦးအောင်ဖြိုးနှင့်ပတ်သက်၍ စကားပြောတိုင်း အမေ့ မျက်နှာညှိုးညှိုးငယ်ငယ် ဖြစ်ရသည်ကတော့ ခုမှမဟုတ်။





ဆိုင်သိမ်းသောအခါ အမေက သူ့ကိုတာဝန် တစ်ခု ပေးအပ်သည်။

"သား ဝိုင်းကြည်ကို အိမ်အထိ လိုက်ပို့ပေးလိုက်၊ သူ့မှာ မနိုင်မနင်းနဲ့၊ အမေ ဒေါ်ကုလားမကို့ဆီ ဝင်ဦးမယ်"

"တောင်းတွေကကော အမေရဲ့"

"သူ့ဆိုင်မှာပဲ အပ်ထားခဲ့မယ်၊ ပြီးတော့မှ အမေ အေးအေးဆေးဆေး လျှောက်ပြန်ခဲ့မယ်"

သူ အမေ့မျက်နှာကို ရှုတည်တည်ကြည့်တော့ အမေက မျက်နှာလွှဲသည်။ အမေဘယ်ကို ဝင်မည်ကိုလည်း သူ တန်း သိ၏။

"အမေဆိုင်ကို ဝင်ဦးမလို့ မဟုတ်လား"

"ဘယ်ဆိုင်လဲ"

"အရက်ဆိုင်ကိုလေ"

အမေ့မျက်နှာကွက်ကနဲ ပျက်သွား၏။

"အမေ အဲဒီလောက်ထိ အလို မလိုက်နဲ့ဗျာ၊ ပိုက်ဆံ ပေးလိုက်၊ သူ့ဘာသာသူ သွားသောက်ပစေပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



အမေ့ဟာက အနှိပ်စက်ခံဖို့အတွက် ကိုယ်တိုင် အရက်ဝယ်ပေးနေရသလို ဖြစ်နေပြီ”

“မဝယ်ပါဘူးသားရယ်၊ ကိုအောင်ဖြိုးလည်း အရင်လို လွန်လွန်ကျူးကျူး မသောက်တော့ပါဘူး”

“နေထွက်ကနေ လ,ထွက်တဲ့အထိသောက်ပဲ သောက်တယ်ပေါ့လေ”

အမေရယ်သော်လည်း သူ့မျက်နှာကတော့ မှုန်တည်တည်။ ဝိုင်းကြည်ကြည်က သွားကြမယ်ဆိုမှ ဝိုင်းကြည်ကြည်နှင့်အတူ ဈေးလမ်းမှ ထွက်ခဲ့သည်။

☆☆☆

“ကြီးတော်လည်း ဦးအောင်ဖြိုးအတွက် တစ်ဒုက္ခပဲနော်”

ဝိုင်းကြည်ကြည်လက်ထဲမှ ပလပ်စတစ်ဆွဲခြင်းကိုပါ ဆွဲယူပြီး...





“ငါအတော်ကို သည်းခံနေရတာ ဝိုင်းကြည်၊ တစ်လောကလည်း အမေ့ကို ရန်ရှာလို့ ငါထလုပ်တာ မသေရုံတမယ်ပဲ၊ အမေကတော့ ဝဋ်ခံနေရတာပါဟာ ဒီအရက်အိုးကြီးကို လင်လုပ်ပြီး အိမ်ပေါ်တင်ကျွေးထားရတာ”

“အယ်... ကိုယ့်အမေကို အဲဒီလို ပြောရသလား”

“အမှန်ကိုပြောတာ၊ သူ့ယောကျ်ားနဲ့ ငါ့ စကားများရင် အမေ့မျက်နှာလေးကို ငဲ့လို့၊ သားကိုလည်း မပြောရဲ၊ လင်ကိုလည်း မပြောရဲနဲ့၊ ကြာတော့ ငါ အမေ့ကို အရမ်း သနားလာတယ်၊ တော်တန်ရုံ ကိစ္စကို မျက်နှာလွှဲ၊ နားလွှဲလိုက်တာပဲ”

“ဦးလေး အောင်ဖြိုးက အစ်ကို့ကို ကြောက်ပါတယ်”

ညနေဈေးမှ အပြန်အလင်းရောင်က မမှဲသေး။ အမေနှင့် ဝိုင်းကြည်ကြည်က နံနက်နှင့်ညနေဈေးကို နှစ်ကြိမ်ထွက်သည်။

“ငါ စိတ်ဆတ်တာကို သူ သိတယ်လေ၊ အရက်သမားများ တစ်ခါတစ်ခါကျတော့လည်း သနားဖို့ကောင်းတယ် ဝိုင်းကြည်ရ”

www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းကို ဖြတ်ကူးသည်။

ဝိုင်းကြည်ကြည်က သူ့လက်ကို ဆုပ်ကိုင်ပြီး ဟမ်းတို ခပ်သွက်သွက်ကလေး ကူး၏။

"မနေ့က ငါလစ်ပြီဆိုပြီး ကြက်ဥ ခိုးတယ်လေ၊ ငါက လည်း အပြင်က ပြန်အလာနဲ့ တန်းတိုးပါရော"

"ဟုတ်လား"

"မွှးမွှးရှူးရှူးနဲ့ တောင်းပန်လိုက်တာဟာ၊ ပြီးတော့ ငါ ဆွဲထိုးမယ်အထင်နဲ့ အကြောက်လွန်ပြီး သေးတွေ တဖြန်းဖြန်းနဲ့"

"ဖြစ်မှဖြစ်ရလေ အစ်ဆိုရယ်၊ ကြက်ဥတစ်လုံးနှစ်လုံး လေးနဲ့များ"

"ငါ ဘာမှ မပြောပါဘူး"

"မပြောပေမဲ့ အစ်ကို့မျက်နှာကြီး ဘီလူးသရဲလို လုပ် ပြနေမှတော့ ဟိုက ကြောက်သေးပါတော့မှာပေါ့"

"ဒေါ်သနဲ့တော့ ကြည့်မိမှာပေါ့ဟ၊ ကြက်ဥခိုးတော့ဒီ တစ်ခါမှ မဟုတ်ဘူး၊ ဒီလူကြီးအကြောင်း ပြောရတာ



အကုသိုလ် များပါတယ်ဟာ၊ နောက်ပြီး အောက်တန်း ကလည်း ကျသေးတယ်၊ ကြက်ဥတွေခိုးပြီးတော့ အမြည်းရောင်းတဲ့ဆိုင်မှာ အရက်နဲ့လဲသောက်တာ၊ ဘယ်လောက် အောက်တန်းကျလဲ"

လေပြေက ခပ်ရွှေးရွှေးကလေး တိုက်သည်။

လမ်းချိုးကွေ့မှာ ကားတစ်စီး အရှိန်နှင့်မောင်းဝင်လာ သဖြင့် ဝင်းကြည်က သူ့လက်မောင်းကို ကမန်းကတန်း လှမ်းဆွဲ၏။

"သေနာကျကား၊ ဝင်တိုက်လို့ကတော့ ပါးကို အချက် တစ်ထောင်ပြည့်အောင်ရိုက်ထည့်လိုက်မယ်"

"ဈေးသည်ပီပီ စကားကတော့ သိမ်မွေ့ပါ့ဟာ"

လမ်းတစ်ဘက်သို့ အရောက်မှာ ဝိုင်းကြည်က စကား ဆက်သည်။

"တစ်နေ့ကလည်း ကြီးဒေါ်ဆိုင်ကို လိုက်လာပြီး ဦးလေး အောင်ဖြူး ပူညံပူညံလုပ်သေးတယ်၊သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ အမေ့ငါ့ကို ဘာမှမပြောဘူး၊ နေပါဦး သူက ဘာပူညံပူညံ လုပ်တာလဲ"

မြေနီလမ်းကလေးဘက် ရှိုးကွေ့သည်။ ရေမြောင်းစပ်နှဘေးမှ မြင်ရှိင်းကဏာန်းနီလေးတစ်ကောင် မြေကျင်း ထဲသို့ ဝင်သွားသည်ကို တွေ့ရ၏။

"ထုံးစံအတိုင်းပေါ့ အစ်ကိုရာ၊ အရက်ဖိုး လိုက်တောင်းတာ၊ ကြီးဒေါ်က နေဦး၊ ငါးရာတန် အမ်းလိုက်ဦးမယ်ဆိုတာကို ရန်လုပ်တာ"

"အမေက ဘာမှ ပြန်မပြောဘူးလား"

"ရှင့်ကို ကျုပ်သားနဲ့ တိုင်ပြောမယ်ဆိုမှ အဘိုးကြီး ငြိမ်သွားတာ အစ်ကိုရ"

ကြစပ်ဝါးများ ပတ်လည်ရိုက်ထားသည့် အိမ်ကလေးရှေ့သို့ရောက်သောအခါ သူ့လက်ထဲမှဆွဲခြင်းကို ဝိုင်းကြည်က လှမ်းယူသည်။

"အိမ်ထဲမဝင်တော့ဘူးလား"





"မဝင်တော့ဘူးဟာ၊ ငါ အာကာတို့နဲ့ လက်ဖက်ရည်ဆိုင်မှာ ချိန်းထားတယ်၊ ဒါနဲ့ဒီနေ့ အဒေါ်ဆိုင်မလာပါလား"

"အမေနေမကောင်းဘူး၊ ဒါကြောင့် ညနေပိုင်းကို ဝိုင်းကြည် ဆိုင်ထွက်ပေးတာ"

"အင်း... အဒေါ်လည်း ချူချာတယ်နော်၊ အဲ... စကားမစပ် မေးရဦးမယ်၊ နင့်ဆီ ဖိုးချို့လာသေးလား"

"ခုတစ်လောပေါ်မလာပြန်ဘူး၊ သူအရျစ်နဲ့ပတ်သက်တဲ့ ကျမ်းစာအုပ်ကြီးတစ်အုပ် ပြုစုနေတယ်လို့လည်း ပြောတယ်"

"ဟာ ... မဟုတ်တာတွေ"

"မဟုတ်ဘူးလား အစ်ကိုရ"

"နင့်ကို ဒီကောင်လျှောက်ပြီးကြွားလုံးထုတ်နေတာ၊ နင်ကလည်း ဖိုးချို့ပြောသမျှကို တော်တော်ကိုယုံ"

"သိဘူးလေ၊ သူက ဟိတ်ကြီးဟန်ကြီးနဲ့လာပြောတာ၊ ပြီးတော့ သူ့လက်ထဲမှာ အင်္ဂလိပ်စာအုပ် ထုထုကြီး တွေ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်္ဂလိပ်စာအုပ်ထူထူကြီး ကိုင်တာနဲ့ နင်က အထင်ကြီးရောလားဟ၊ ဘယ်က တိုလာပြီး သွားရောင်း မလို့လဲမှ မသိတာ"

ဝိုင်းကြည် အသံထွက်အောင် ရယ်၏။

"ဒီကောင် ရှူးပေါ်ပေါ်နဲ့ ဝိုင်းကြည်ရာ၊ နင် နည်းနည်း ပါးပါးတော့ ဆုံးမဦး"

"အို ... ဘာဆိုင်လို့တုံး"

မျက်စောင်းကြီး ဝင့်ပြီး ကိုယ်ကိုချာကနဲလှည့်ထွက် သွားသည်။ သူက ရယ်ပြီး လာလမ်းကို ပြန်လျှောက်ခဲ့၏။ ရေ မြောင်းလေးအလွန် ကတ္တရာလမ်းမသို့ ရောက်သောအခါ—

☆☆☆

ခနဲ့ရောင် ကားကလေးနှင့်အတူ ဆုနန္ဒီကိုပါ မြင်သည်။ ရင်မှာ သိမ့်သိမ့်ကလေး လှုပ်ခတ်သွားပြီး သူ ဆုနန္ဒီဆီသို့ ခြေကို ခပ်သွက်သွက်ကလေး လှမ်းလာခဲ့၏။

"နန္ဒီ"



သူ ခေါ်သည်ကို ကြည့်နေသော်လည်း မျက်နှာမှာ ပြုံးရိပ် မရှိ။

"နန္ဒီ"

"နန္ဒီ တစ်ယောက်ထည်းလားဟင်"

"တစ်ယောက်ထဲပဲ မြင်တယ်မဟုတ်လား"

"စကားတွေက အရမ်း စိမ်းနေတယ်နော်"

သူရယ်သော်လည်း ဆုနန္ဒီမျက်နှာကတင်းနေဆဲ။

"ကိုယ့်ကို နန္ဒီ ဘယ်မှာကတည်းက မြင်တာလဲ"

"ပြောရမလား"

သူက ခေါင်းညိတ်လိုက်သည်။

"ဟိုးလမ်းထိပ်ကတည်းကကောင်မလေးတစ်ယောက် နဲ့ လျှောက်လာတယ်၊ ဒီလမ်းချိုးကလေးကို ဝင်တယ်၊ ဟိုရှေ့ ကြခတ်ဝါးပင်တွေနဲ့ အိမ်ရှေ့မှာရပ် စကားပြော တယ်၊ ပြီးတော့ ဒီဘက် ပြန်လျှောက်လာတယ်၊ နန္ဒီ ကိုတွေ့တော့ ကိုထိုက်ပြေးလာတယ်၊ ကဲ... မြင်ခြင်းပြ



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေ နိုင်လုံသလား၊ မနိုင်လုံ ဘူးလားဆိုတာ
ကိုထိုက်ပြော"

"ပြဿနာပါပဲ၊ အဲဒါ ဝိုင်းကြည်ပါ"

"ဝိုင်းကြည်တွေ၊ ဝိုင်းပလီတွေ ပြောမနေနဲ့၊ စိတ်မဝင်
စားဘူး၊ လောလောဆယ် ကိုထိုက်ကို ဒေါသဖြစ်နေ
တယ်"

"မဖြစ်သင့်တဲ့ ဒေါသပဲ"

"ဘာပြောတယ်"

"နန္ဒီ ဘာလို့ အော်နေတာလဲ၊ ကိုယ့်ကို နန္ဒီ အဓ
အရာရာမှာ အနိုင်ယူပါ၊ ကိုယ်ပြုံးပြုံးကလေးနဲ့ ကျေ
နပ်နေပါ့မယ်၊ ဒါပေမဲ့ မဟုတ်တဲ့အကြောင်းတရားနဲ့
တော့ ကိုယ့်ကို အနိုင်မကျင့်နဲ့၊ တရားခွင်မှာတောင်
ထုချေခွင့်ကို ပေးရသေးတာပဲ"

"လိမ်ပြောရင်ကော"





"အချစ်တစ်ခုကို မွေးဖွားပြီးရင် မရေမရာ ပြဿနာနဲ့
မပျက်စီးစေချင်ဘူးနန္ဒီ၊ နောက်ပြီး ရဲထိုက်ဆိုတဲ့
ကောင်က ကိုယ့်ကိုယ်ကိုလည်း မလိမ်ဘူး၊ ချစ်သူ
ကိုလည်း မလိမ်ဘူး"

ဆိုနန္ဒီ မျက်နှာပျော့ပျောင်းလာသည်ကို သူမြင်သည်။
သည့်နောက် ဝိုင်းကြည်နှင့် ပတ်သက်သောအကြောင်း
စကားကို သူကပြောပြသည်။

"နောက်နောင် အထင်အမြင်မလွဲတတ်ပါနဲ့၊ နန္ဒီရယ်၊
ကိုယ်က နန္ဒီမုန်းမှာကို အကြောက်ဆုံးလူသား တစ်
ယောက်ပါ၊ နောက်ပြီး ကိုယ်ဟာ နန္ဒီနဲ့ ပတ်သက်
ရင်အမြဲ အားငယ်နေရတဲ့သူပါ"

"ဘာတွေ ပြောနေတာလဲ"

"နန္ဒီနဲ့ ကိုယ်နဲ့က စီးပွားရေး၊ လူမှုရေး၊ လူမှုရေးဆို
တာက လူနေမှုစနစ်ကိုပြောတာ၊ အဲဒါတွေ အရမ်း
ကွာခြားမှုရှိတယ်လေ၊ အစက ပူပန်ရတာက ကိုယ်
တို့နှစ်ယောက်ရဲ့ သံယောဇဉ်ကို နန္ဒီပတ်ဝန်းကျင်က

www.burmeseclassic.com



လက်ခံနိုင်မလားဆိုတဲ့အချက်က အဓိကအချက်ပဲ၊ တွေးရင် အိပ်လို့တောင် မပျော်ပါဘူး”

ဆုနန္ဒီက မျက်နှာတည်တည်ငြိမ်ငြိမ်နှင့် ...

“ကိုထိုက် သတ္တိမရှိဘူးလား”

“ကိုယ်က အဆိုးဝါးဆုံး အခြေအနေကို ရင်ဆိုင်ဖို့ ပြင်ဆင်ထားတဲ့လူပဲ”

“ဒါဆိုရင်ပြီးတာပဲ ကိုထိုက်ရယ်၊ အားငယ်တဲ့စကားကို မပြောစမ်းပါနဲ့၊ နန္ဒီက အားလည်း မငယ်တတ်ဘူး၊ အားငယ်စရာ အကြောင်းကိုလည်း မတွေးဘူး၊ အတွေးနဲ့ စိတ်ဆင်းရဲနေကြရမယ်ဆိုရင် မိန်းမနဲ့ယောကျာ်း ချစ်ခွင့်တောင် ရှိလာမှာ မဟုတ်ဘူး၊ ချစ်သူဘဝမှာ သစ္စာရှိရှိနဲ့ ကျောခြင်းကပ် ရင်ဆိုင်ဝံ့ကြဖို့က အဓိက အကြောင်းအရာပဲ”

မိမိထက် သတ္တိတွေပိုကောင်းနေသူကို ကြည့်ပြီး ပြောမိသည့် စကားအတွက်အရှက်ပင် ရလိုက်သည်။

“ကိုထိုက် ဘယ်သွားမလို့လဲ လက်ဖက်ရည်ဆိုင်လား”





သူခေါင်းညိတ်၏။

“နန္ဒီပါ လိုက်ထိုင်မယ်”

ပြောပြီးကားတံခါးဖွင့်ပေးသည်။

သူမဝံ့မရဲ ဝင်ထိုင်သည်ကို ကြည့်ပြီး ဆုနန္ဒီက ပြုံး သည်။ ကားကို စက်နိုးရင်း ...

“ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာ မင်းသားနဲ့မင်းသမီး အဓိကဇာတ်ကောင်ခန်းပါတယ်၊ ဇာတ်လမ်းမှာ မင်းသမီးက ချမ်းသာတယ်၊ မင်းသားက ဆင်းရဲတယ်၊ သူတို့နှစ်ယောက် ချစ်သူ ဖြစ်တယ်၊ ချမ်းသာတဲ့ မင်းသမီးက ခံစားမှု အခွင့်အရေးပေးတယ်၊ မင်းသားက တွန့်ဆုတ်တွန့်ဆုတ် ပုံစံလုပ်တယ်၊ အဲဒီ လိုဇာတ်ကားမျိုး၊ အပြုအမူမျိုးကို နန္ဒီ သိပ်မုန်းတာပဲ၊ အချစ်မှာ အတန်းအစားဆိုတာ မရှိပါဘူး၊ ချစ်သူချင်း ဆက်ဆံတဲ့နေရာမှာဘဝမှ မဝံ့ရဲစရာအကြောင်း မရှိဘူး၊ နန္ဒီနဲ့ကိုထိုက်ချစ်တဲ့အချစ်မှာ ခုစီးနေတဲ့ သိန်းသုံးရာတန်ကားနဲ့

www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာမှ မပတ်သက်ဘူး၊ နန္ဒီတို့မှာရှိတဲ့ ချမ်းသာကြွယ်ဝမှုနဲ့လည်း ဘာမှ မပတ်သက်ဘူး အချစ်ဟာ အချစ်ပါပဲ”

ကားဘီးလိမ့်သည်။

သူ့နှုတ်ကို ဆိတ်ထားလိုက်၏။

“ဆင်းရဲခြင်းလည်း မရှိဘူး ချမ်းသာခြင်းလည်း မရှိဘူး၊ အဲဒါဘာလဲ ကိုထိုက်သိလား”

“နိဗ္ဗာန်ပေါ့”

“ဖွတ်...ရှူး ... ဘာနိဗ္ဗာန်ရမှာလဲ၊ အချစ်ရှင့်၊ အချစ်” ပြောပြီး နန္ဒီက အသံလွင်လွင်ကလေးနှင့် ရယ်၏။

“အဲ... အဲ စုမှ သတိရတယ်၊ အဲဒီဖွတ်...ရှူးဆိုတာ ဘာလဲ နန္ဒီ၊ နန္ဒီနဲ့ ကိုယ် တွေ့တုန်းက ကိုယ့်ကို ဖွတ်...ရှူးလို့ ပြောသွားတယ်လေ”

“ကိုထိုက်ကလဲ၊ တကယ်ရယ်ရတယ်”





“မရယ်ရနဲ့၊ အဲဒီဖွတ်...ရှူး ပြဿနာကြီးက ကိုယ်တို့အုပ်စုမှာ တော်တော်လေး ဂယက်ထသွားတာ၊ ဗိုးချိုကဆိုရင် မင်းကို နိုင်ငံတကာဆဲနည်းတစ်မျိုးနဲ့ ဆဲသွားတာလို့ ပြောတယ်”

“နန္ဒီ မဆဲတတ်ပါဘူး”

“ဒါဖြင့် အဲဒီဖွတ်...ရှူးဆိုတာကြီးက ...”

“နန္ဒီလည်း မသိဘူးကိုထိုက်၊ နန္ဒီနဲ့မေဦး စကားများလို့ မေဦးက စိတ်ဆိုးရင် နန္ဒီ့ကို ဖွတ်..ရှူးလို့ အော်တာပဲ”

“အဓိပ္ပါယ်ကို နန္ဒီက မေဦးကို မေးကြည့်ဘူးလား”

နောက်ပါးမှ ကားတစ်စီး ဖြတ်ကျော်တက်သွား၏။

နန္ဒီက ကားကို ဖုံမှန်သာမောင်းသည်။

“စိတ်ပြေတော့ မေးကြည့်တာပေါ့၊ သူလည်း မသိဘူးတဲ့၊ တစ်ခါက သူကားမောင်းရင်း နွားနို့ပို့ကုလားကြီးကို ကားနဲ့ ပွတ်တိုက်ဖူးတယ်တဲ့၊ အဲဒါ ကုလားကြီးက စိတ်ဆိုးပြီးသူ့ကို ဖွတ်...ရှူး အော်တယ်တဲ့၊ သူလည်း စိတ်ဆွဲပြီး ဖွတ်...ရှူးလို့ ပြောတတ်သွားတာတဲ့”

www.burmeseclassic.com

မြတ်မြတ်ပျော်စာပေ

www.burmeseclassic.com



"အင်း .... စကန့ အဲဒီဖွတ်...ရှူးဆိုတာ ကုလားစကားနဲ့ တူတယ်"

"ကုလား စကားလည်း မဟုတ်ဘူး ကိုထိုက်ရဲ့၊ နန္ဒီနဲ့ သိတဲ့ ကုလားမကြီး တစ်ယောက်ကို မေးကြည့်ဖူးတယ်၊ ဖွတ်...ရှူးဆိုတာ သူတို့ဘာသာစကား မဟုတ်ပါဘူးတဲ့၊ ကုလားလိုဆဲတာလည်း မဟုတ်ပါဘူးတဲ့"

ဖွတ်...ရှူးပြဿနာကြီးကတော့ စမြုပ်သွားပါပြီ။

ကားကို မောင်းလာရင်းမှ လမ်းတစ်ဝက်မှာ နန္ဒီက စိတ်ကူးပြောင်းသည်။ ဘုရားသွားရအောင်ဆိုသည့်စကားဆိုလာ၏။

သူကတော့ နန္ဒီ အလိုကျခေါင်းညိတ်သည်။

ဘုရားရောက်တော့ ရင်ပြင်ပေါ် ဓာတ်လှေခါးနှင့် မတက်စောင်းတန်းအတိုင်းတက်သည်။

မောတယ် ကိုထိုက်ဟု ဆိုသောအခါ သူ ဆုနန္ဒီကို အရမ်းသနားသွားသည်။ သို့သော်လည်း နန္ဒီက စကားကို ဆက်၏။

"ကိုထိုက်နဲ့ နန္ဒီက ဘဝလှေခါးထစ်တွေကို နင်းပြီး တက်ရဦးမှာနော်၊ ဒီလောက်ကလေး မောတာတော့ နန္ဒီက အပျော့လေးပါ"



သူ နန္ဒီ့ကို အရမ်း လေးစားသွားပါ၏။

☆☆☆

ဘုရားကအပြန်မှာ သူ့ကို လက်ဖက်ရည်ဆိုင်ထိလိုက်ပို့သည်။ နန္ဒီ လက်ဖက်ရည်သောက်ဦးလေဟု ဆိုသောအခါ ...

"နောက်မှ ကိုထိုက်နဲ့ နှစ်ယောက်ထဲ သောက်မယ်"

ကားကလေး ဘီးလိမ့်ထွက်တော့၊ နန္ဒီက သူ့ကို လက်ကလေးပြ၏။ သူ အတန်ရပ်ကြည့်နေပြီးမှ ဆိုင်ထဲဝင်ခဲ့သည်။

ထိုင်နေကျထောင့်စားပွဲမှာ အာကာနှင့် ဖိုးချိုကို စီးကက်ကိုယ်စီနှင့်တွေ့၏။

"မြင်တယ်နော်၊ ကို့မြင်တယ်"

ဖိုးချိုက မျက်လုံးကို စွေစောင်းကြည့်ပြီး ပြောသည်။

"ငါက မင်းတို့ မြင်မှမြင်ပါ့မလားလို့ စိုးရိမ်နေတာ"

"ကြွား"

"ရှိလို့ကြွားရတာကွ၊ ကြွားတယ်ဆိုတာ ကြွားချင်ရုံနဲ့ ကြွားလို့ရတာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူ ရင်ကော့ ပြောတော့ ဖိုးချိုက အသံမဲ့ဆဲပြီး ...

"မင်းငါ့ဆီမှာ အချစ်သင်တန်းတက်တာ သုံးလလောက်ပဲ ရှိသေးတယ် ရဲထိုက်၊ ဖင်ခေါင်းလာကျယ် ပြမနေနဲ့၊ ငါ့လမ်းညွှန်မှု သာမရှိရင် မင်း နန္ဒီရဲ့အချစ်ကို ရဖို့ကို မဟုတ်သေးဘူး"

ဒါကတော့ အမှန်တရား ဖြစ်ပါသည်။

သူက 'ကျေးဇူးကြီးပါတယ်၊ သူငယ်ချင်းရာ'ဟုဆိုပြီး လက်ဖက်ရည်တစ်ခွက်လှမ်းမှာ၏။

"ဘယ်က ပြန်လာကြတာလဲ"

အာကာက မေးပြီး စီးကရက် တစ်လိပ်ကိုပါ လှမ်းပေးသည်။

"ဘုရားက ပြန်လာတာ"

"သစ္စာတိုင်ခဲ့ကြတယ် ထင်တယ်"

"မတိုင်ပါဘူး၊ ဘဝကို လက်တွေ့ကျကျ ဆွေးနွေးကြတာ ဒါနဲ့ဖိုးချို"

"ဟင်"





"မင်းကို ငါမေးမလို့"

"ဘာကိုလဲ"

"မင်းအချစ်နဲ့ ပတ်သက်တဲ့ ကျမ်းကြီးတစ်စောင် ပြုစုနေတယ်ဆို"

"ဘယ်သူပြောလဲ"

"ဝိုင်းကြည် ပြောတယ်"

ဖိုးချို မျက်နှာ ပြုံးရိပ်သန်းသည်။

ဖိုးချိုနှင့် ဝိုင်းကြည်အခြေအနေကို သူကော အာကာ ပါသိသည်။

"ငါက နောက်လိုက်တာပါ"

"အေး မင်းကသာ နောက်နေ၊ ဝိုင်းကြည်ကတော့ ဈေးထဲမှာ လျှောက်ပြောနေတယ်၊ ကျမ်းကြီး ပြုစုလို့ ပြီးရင် မင်းငွေတွေ အများကြီး ရမယ်တဲ့၊ ငွေတွေ အများကြီး ရရင် ဝိုင်းကြည်ကို စိန်နားကပ် လုပ်ပေးမယ်လို့ လျှောက်ပြောနေတယ်"

"ဟာ ဒီကောင်မလေး ပေါ်ကြောင်ကြောင်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက သွားကြောင်ထားတာကိုး"

"ငါ အဲသလို မပြောပါဘူးကွာ"

"အေ့ပေး.. မင်းပေါက်ကရတွေ လျှောက်ကြောင်မနေ
နဲ့၊ တော်ကြာ ဖိုးချိုကနေ ဖိုးကြောင် ဖြစ်သွားမယ်"

"မင်း...ဘိုးအေ"

ညအတော်ကလေးနက်မှ လမ်းခွဲဖြစ်သည်။ ဒါတောင်
အာကာက ဂစ်တာ ခေါက်ချင်သေးသည်။ ဖိုးချို က ငါမနက်
အစောကြီး ထပြီး ပန်းပင်တွေ ရေလောင်းရဦးမှာဆိုမှ အစီအစဉ်
ပျက်သည်။

သူတို့ အုပ်စုမှာ ဖိုးချိုက ဥယျာဉ်မှူး...

ခြံမြေကလေးမှာ စပယ်တွေချပြီး ပန်းတွေကို ဖောက်
သည် ပေးသည်။ ဝမ်းစာအတွက် သူတို့သုံးယောက်မှာ ပူပန်
ကြောင့်ကျမှု ဘာမှမရှိ။

ကိုယ့်နည်းကိုယ့်ဟန်နှင့် ဘဝကို ရှန်းကန်ကြရင်းသုံး
ယောက်ပေါင်းစည်းမိခြင်းလည်း ဖြစ်ပါသည်။

☆☆☆

[၁၁]

ကားတစ်စီးနှင့်လျှောက်လည်သည့်အလုပ်သည် သမီး
၏ မူလပင်မအလုပ်ဟု ချစ်ဖေဖေက ချစ်စနိုး ကျီစယ်ဖူး၏။

နောက်ပြီး ...

'ဖေဖေ့ ကုမ္ပဏီလုပ်ငန်းတွေကို သမီး လုံးဝ စိတ်မဝင်
စားဘူးလား' ဟုလည်း ဖေဖေက မေးဘူးသည်။

ဒီတော့ နန္ဒိက 'သမီးက သူဌေးသမီးပဲ'ဟု ပြောသောအခါ
ဖေဖေက မျက်လုံးပြူး မျက်ဆန်ပြူးနှင့် သူမကို ကြည့်ခဲ့
ပါ၏။

www.burmeseclassic.com



"မင်း အဲဒီလို ပြောတော့ အန်ကယ်ကြိုင်က နရှင်း
ထ မရိုက်ဘူးလား"

နန္ဒီ၏ စကားများကို စိတ်ဝင်စားစွာ နားထောင်ရင်း
မေဦးက မေးသည်။

"ဘာ ထရိုက်စရာအကြောင်းရှိလို့လဲကွ၊ သူ့ဒွေးသမီး
ဆိုတာ ဘာစီးပွားရေးကိုမှ စိတ်ဝင်စားနေစရာ မလို
ဘူး၊ သူ့ဒွေးဖြစ်တဲ့ ဖေဖေ ရှာဖွေသမျှကို ဒိုင်ခံ သုံး
ပေးရုံပဲဟာ"

"နန္ဒီက ကုသိုလ်ကောင်းပါတယ်ကွာ၊ ကိုယ့်မှာတော့
အဲဒီလို ဒိုင်ခံသုံးလို့ကို မရပါဘူး၊ ညဆိုဖေဖေ့ရဲ့
စာရင်းတွေကို လုပ်ပေးရသေးတာ၊ ငါ့သမီးက အ
ကွမ်းနဲ့ ကျောင်းပြီးထားတာ စာရင်းဇယားကို ကျွ
တယ်ဆိုပြီး ဖေဖေက မြှောက်ပင့် ပြောသေးတာကွ"

"မင်းက ကျေနပ်တယ်မို့လား"

"အေးကွာ... ကိုယ်ကလည်း အမြှောက်ခံပ်ကြိုက်
ကြိုက်၊ တစ်ခုတော့ ဖေဖေနဲ့ မေမေ့ကို ကျေးဇူး





တင်ပါတယ်၊ ဘာလို့လဲဆိုတော့ နန္ဒီ့လိုပဲ ကိုယ့်ကို
ကားတစ်စီးနဲ့ လွတ်လပ်ခွင့်ပေးထားလို့ပါ"

သည်နေ့ကတော့ နန်းပြားသုတ်စားသည်။

လက်ရာက မိမိနှင့် မေဦး ပူးပေါင်းသည့်လက်ရာ၊
အိမ်မှာ ဖေဖေနှင့်မေမေ အပြင်သို့အချိန်ကြာမြင့်စွာ ထွက်
တိုင်း နှစ်ယောက်သား ဖုန်းနှင့် အချိန်းအချက်လုပ်ပြီး တစ်ခုခု
လုပ်စား လာကြသည်ကတော့ ကြာပြီ။

"မေမေကတော့ ကိုယ့်ကို ကျေးဇူးတင်နေပါတယ်"

"ဘာဖြစ်လို့လဲ နန္ဒီရဲ့"

"ရှာဖွေသမျှကို ဒိုင်ခံသုံးမဲ့ သမီးလေးရှိနေလို့ ပိုက်ဆံ
တွေ မှို မတက်တာတဲ့"

"မင်းကို အန်တီလှိုင်က ရွဲ့ပြီး ပြောတာများလား
နန္ဒီရယ်"

"ဘယ်လိုပဲ ပြောပြောကွာ၊ သူတို့အပြောနဲ့ ညီအောင်
ကိုယ်ကတော့ ဒိုင်ခံသုံးပစ်တာပဲ၊ ခုတစ်ယောက်ထဲ
သုံးရတာ ပျင်းလို့ အဖော်တောင်ရှာထားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုထိုက်ကကော သုံးလား"

"မသုံးဘူးကွ၊ ကိုယ့်ကိုတောင် အသုံးအဖြုန်းမကြီးပါနဲ့ဆိုပြီး ဆရာ လာလုပ်သေးတယ်၊ ဘယ်လို လူကြီးမှန်းလည်း မသိဘူး"

စကားကောင်းဆဲ လူခေါ်ဘဲလ်သံက မြည်လာသည်။

"ဟဲ့… မိခိုင်"

"လာပြီ မမလေး ဘာခိုင်းမလို့လဲ"

"နင် ဘဲလ်သံမကြားဘူးလား၊ ဖေဖေနဲ့ မေမေအပြင်က ပြန်လာပြီ ထင်တယ်၊ တံခါး သွားဖွင့်စမ်း"

မိခိုင် အောက်ထပ်သို့ အပြေးကလေးဆင်းသွားသည်။

မိနစ်ဝက်မျှပင်မကြာ၊ မိခိုင်အပေါ်ထပ်သို့ အပြေးကလေးပြန်တက်လာ၏။

"မမလေး မမလေး၊ ဖေကြီးနဲ့ မေကြီး မဟုတ်ဘူးတော့်၊ ယောက်ျားကြီး"

"အမ် …"

နန္ဒီနှင့် မေဦး မျက်လုံးကလေး ဝိုင်းသွား၏။ တစ်ဆက်တည်းပင် ထိုင်ရာမှ ဆတ်ကနဲ ထလိုက်ကြသည်။





"နင်တံခါး ဖွင့်ပေးလိုက်ပြီလား"

"ဘယ်ဖွင့်ပေးမလဲ မမလေးရဲ့၊ မိခိုင် ကြောက်ပြီး အပေါ်ထပ်ကို ပြေးတက်လာတာ"

"ပြဿနာပဲ ပုံစံက ဘယ်လိုပုံစံလဲ"

"မသိဘူးတော့်၊ ကြောက်ပြီးတော့ပြေးတက်လာတာ"

"နင်ကတော့ အခေါက်ကို ခံချင်နေပြီ မိခိုင်၊ ဘာဆိုဘာမှ စေ့စေ့စပ်စပ်မရှိဘူး"

"လူဆိုးဆိုရင်တော့ ဒုက္ခပါပဲ မမလေးရယ်၊ အရုပ်ကလည်း ထောင်ထောင်မောင်းမောင်းကြီး"

"အိုး… ဒီလောက်တော့ အကြောက်ကြီး မနေနိုင်ပါဘူးဟာ၊ ဒါခြံတံခါးဖွင့်ထားတာကို အခွင့်ကောင်းယူပြီး ဝင်လာတာ၊ မကြောက်နဲ့၊ အောက်မှာသံတံခါးသော့ခတ်ထားတာပဲဟာ၊ လာ'ငါရှေ့က ဆင်းမယ်"

"ခဏနေဦး နန္ဒီ၊ ကိုယ် အန်ကယ့်ဂေါက်တံကြီး ယူလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မေဦးက ဖေဖေဝေါက်ရိုက်သည့် ဝေါက်တံကြီး ပြေးယူ
သည်။ ပြီး သူတို့ အသက်ကို ပြင်းပြင်းရှူပြီး ရဲစိတ်ရဲဟန်
သွင်းပစ်လိုက်၏။

သည်သို့နှင့် ကျွန်းသားလှေကားထစ်ကို တစ်ထစ်ချင်း
နင်းဖိဆင်းပြီး အောက်ကို ရောက်တော့ ...။

☆☆☆

သံဆွဲတံခါးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး တောင်
တောင့်ကြီးရပ်နေ၏။ နန္ဒီက မျက်မှောင်ကို ကြုတ်ပြီး မျက်မှော
စိမ်း ပုဂ္ဂိုလ်ကို ခြုံငုံပြီး လှမ်းကြည့်ပစ်လိုက်သည်။

ပုံစံကတော့ သားသားနားနား ခန့်ခန့်ထည်ထည်...

လူဆိုးရုပ် သူခိုးရုပ်တော့ မပေါ်၊ သူ့နံဘေးတွင် ခရီး
ဆောင်အိတ်ကြီးတစ်လုံး ချထား၏။

"ဘယ်သူ့ကို တွေ့ချင်လို့လဲ"

နန္ဒီက မေးရင်း ခြေဆုံးခေါင်းဆုံး ကြည့်ပြန်၏။



:မင်းကြိုင်၊ ဒေါ်သီတာလှိုင်တို့တိုက် မဟုတ်လား"

"ဟုတ်ပါ့ရှင်"

"အားပါး... ရှာလိုက်ရတာကွာ၊ မင်းက အနက်ကယ်
ကြိုင် အနံ့တီလှိုင်တို့ရဲ့ ..."

သူ့စကားမဆုံးမီ နန္ဒီက...

"သမီးပါ"

"ဆုနန္ဒီဆိုတာနဲ့ တူတယ်"

"ဟုတ်"

"ထွားလာလိုက်တာကွာ၊ ဟိုးအရင် အစ်ကိုလာတုန်း
က မင်းက ငယ်ငယ်လေးပဲ ရှိသေးတာ"

သူပြောမှ ကိုယ့်ကိုကိုယ် မလုံမလဲနှင့် နန္ဒီက ငုံ့ကြည့်
၏။ ဒါကို မေဦးက ရယ်၏။

"အစ်ကိုက ကိုကျော်မိုးလေ၊ နန္ဒီ မမှတ်မိဘူးလား"

"မမှတ်မိဘူးရှင့်၊ ပြီးတော့ သိလည်း မသိဘူး"

"အင်း.. ဖြစ်ရမယ်၊ မမှတ်မိဘူးဆိုတာကိုတော့ လုံးဝ
လက်ခံပါတယ်၊ မသိဘူးဆိုတာကိုတော့ လက်မခံ
ဘူးကွာ၊ ဒါနဲ့ နောက်က ညီမလေးက..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သူငယ်ချင်းပါ"

"ဪ… ဝေါက်ရိုက်သွားကြမလို့လား၊ လက်ထဲမှာလည်း ဝေါက်ရိုက်တံကြီးနဲ့"

မေဦးက မျက်လုံးပြူးကြည့်ပြီး…

"ဝေါက်ရိုက်သွားဖို့ ဝေါက်တံကိုင်ထားတာ မဟုတ်ဘူး၊ လူရိုက်မလို့"

"ဟေ… ဘယ်သူ့ကိုလဲ"

ကိုကျော်မိုးပုံစံကို ကြည့်ပြီး နန္ဒီက ရယ်ချင်လာ၏။ သို့သော်လည်း ရယ်ချင်စိတ်ကို ထိန်းသည်။

ဖေဖေနှင့်မေမေကို သိသည်ဆိုသော်လည်း တံခါးမဖွင့်ရဲ။ ရန်ကုန်မြို့ကြီးမှာ အတည်ပေါက်လိုမ့်ပြီး အနုကြမ်းစီးခံရသည့် အဖြစ်အပျက်တွေ ဒုနှင့်ဒေး။

"ဘယ်သူ့ကိုရယ်လို့ မဟုတ်ပါဘူး၊ အခြေအနေအရ ကိုင်ထားတာပါ"

ကိုကျော်မိုးက ပင့်သက်ရှည်ကြီးချ၏။

"ကဲ… တံခါးလေးတော့ ဖွင့်ပေးပါဦးကွာ၊ ရပ်နေရတာ ခြေထောက်တောင့်လှပြီ"





"ဖွင့်ပေးလို့ မဖြစ်ဘူးရှင့်"

"ဟင်…"

ကိုကျော်မိုး မျက်လုံးပြူးသွားပြီးမှ အခြေအနေကို နားလည်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။

"အစ်ကိုက မန္တလေးကပါ၊ အစ်ကို့ဖေဖေနဲ့မေမေက မင်းဖေဖေ မေမေရဲ့ ငယ်သူငယ်ချင်းတွေကွ၊ ဖေဖေက တောင် အန်ကယ်ကြိုင်ဆီကို စာရေးပေးလိုက်သေးတယ်"

ပြောပြီး တိုက်ပုံအကျႌအိတ်ထဲမှစာအိတ်ကို ထုတ်သည်။ နန္ဒီ့ကို လှမ်းပေးသော်လည်း နန္ဒီက မယူ။

"အဲဒါတွေကို ကျွန်မစိတ်မဝင်စားဘူးရှင့်၊ အခြေအနေအရ ကျွန်မ ကိုကျော်မိုးကို တံခါးဖွင့်မပေးနိုင်ဘူး"

"ဒုက္ခပါပဲ၊ အန်ကယ်နဲ့အန်တီ ဘယ်သွားလဲ"

"ပဲခူးသွားတယ်လို့ ထင်ရတာပဲ၊ ညနေစောင်းလောက်မှ ပြန်ရောက်မှာ၊ အကောင်းဆုံးကတော့ ဖေဖေနဲ့မေမေ ညှို့သည်ဆိုရင် ဖေဖေတို့ပြန်ရောက်မှပဲ လာခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်စောင့်မယ်လေကွာ၊ တံခါးတော့ ဖွင့်ပါဦး"

"ဘယ်ဖြစ်မလဲ၊ ကျွန်မက ရှင့်ကို မမှတ်မိတာမှ လုံးဝကြီးကို မမှတ်မိတာ၊ တံခါးဖွင့်ပေးလိုက်လို့ ရှင်က ပြဿနာရှာရင် ကျွန်မတို့က မိန်းမသားတွေချည်းပဲဟာ၊ ခံကြောဆိုက်သွားမှာပေါ့"

"တကယ်ဖွင့်မပေးဘူးပေါ့"

"နောက်နေတာ မဟုတ်ဘူး"

"အန်ကယ်နဲ့အန်တီလာရင်တော့ မင်းကို ကောင်းကောင်းတိုင်ရမယ်"

"ရယ်ရတယ်ရှင်၊ ကျွန်မအခု အသက်နှစ်ဆယ်ကျော်လို့ ဘွဲ့တောင်ရပြီးပြီ၊ ဖေဖေနဲ့မေမေက ရိုက်ဖို့ မပြောနဲ့၊ ဒေါ်သနဲ့တောင် မအော်ဖူးဘူး"

"မင်းတံခါးဖွင့် မပေးရင် ငါဘယ်ကို သွားရမှာလဲ"

"ရန်ကုန်မြို့က အကျယ်ကြီးပဲဟာ၊ သွားချင်တဲ့နေရာသွားပေါ့"



ကိုကျော်မိုး ရှုံ့ရှုံ့ရှားရှား ဖြစ်လာသည်ကို နန္ဒီနှင့်မေဦး တကြည့်ကောင်းကောင်းနှင့်ကြည့်နေသည်။

"ဘယ်လိုကောင်မလေးမှန်းလည်း မသိဘူး"

ပြောပြီး ဆွဲအိတ်ကြီးကို ဆတ်ကနဲ ကောက်ကိုင်ကာ ခြံထဲမှ ထွက်သွားသည်။

"ဟင်း...ဟင်း...အဲဒါပေါ့ မေဦးရ၊ လူကြီးရက်တော့ ကိုးလိုးကန့်လန့်ဖြစ်တယ်ဆိုတာတော်တော်တရားကျဖို့ကောင်းတဲ့လူကြီး၊ သူဖွင့်ခိုင်းတိုင်း ဖွင့်ပေးလို့ ဖြစ်မလားကွ"

"အေးပေါ့၊ ဖွင့်ပေးလိုက်လို့ ဖွတ်ဝင်လာပြီး ဘာညာလုပ်သွားရင်...အမယ်လေးကွာ၊ မတွေးရဲပါဘူး"

ခုမှ နန္ဒီနှင့်မေဦးပို၍ ရင်ဖို့ဖြစ်တော့၏။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com

|၁၂|

ငွေနားကြက်မျိုးများကို သီးသန့်ခွဲထုတ်သည်။ အိမ်နောက်ဘက်မြေကွက်လပ်တွင်အသစ်ဆောက်ထားဖြစ်သည့် ကြက်ခြံကြောင့် ကြက်ကောင်ရေကို တိုးချဲ့ပြီးမွေးနိုင်ခဲ့သည်။

"အင်း...လက်ထဲမှာသာ ပိုက်ဆံ လုံလုံလောက်လောက် ရှိရင် ခြံတစ်ခြံဝယ်ပြီး ကြက်ဆင်ပါမွေးလိုက်ရလို့ ကတော့ ရဲထိုက်တို့ သူဌေးဖြစ်ပြီ"

တက်ကြွသော စိတ်ဓါတ်အင်အားနှင့် သူအိမ်ရှေ့ဘက် ထွက်ခဲ့သည်။ ကွပ်ပျစ်ပေါ်မှာ ကျောခင်းပြီး ခေတ္တ ခဏ အနားယူမည်အပြုမှာ...





"ဟော့... အောင်ဖြိုးတဲ့ကွ၊ နောင်ရိုးမှာ စစ်တိုက်ခဲ့တာ ငါ မဟုတ်ဘူး၊ ဝေါ့..."

အသံကြောင့် သူ့ခေါင်း ဆတ်ကနဲ ဖြစ်သွားရသည်။

အသံက မလှမ်းမကမ်း လမ်းပေါ်မှအသံ။

ဦးအောင်ဖြိုး၏ အသံမှန်းလည်း ချက်ချင်းသိ၏။

"အမေ...အမေ"

သူအော်ခေါ်တော့ အမေ မီးဖိုချောင်မှ အပြေးကလေး ထွက်လာ၏။

"ဘာလဲသား၊ ဘာလဲ"

"ဘာလဲလုပ်မနေနဲ့၊ အမေ့ယောကျ်ားကြီး လမ်းပေါ် မှာ စကားရှည်နေတယ်"

အမေက လမ်းမဘက်လှမ်းကြည့်သည်။

"ကိုယ့်ပိုက်ဆံနဲ့ ကိုယ်အရက်သောက်တာကွ၊ ဘယ် ကောင်မှ ဂရုမစိုက်ဘူး၊ မိုက်တဲ့ကောင် ထွက်ခဲ့"

အမေက သူ့ကိုလှမ်းကြည့်တော့ သူကတော့ အေးအေး ဆေးဆေးအမူအယာ၊ ဘာမှမပတ်သက်ချင်ဘူးဆိုသည့်သဘော



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ စိတ်ညစ်တယ်၊ လမ်းထဲမှာ အရှက်ကတော့ ကွဲပြီးရင်း ကွဲရင်းပါပဲဟယ်"

"အဲဒီအပူတွေကို အမေ့ဖာသာ အမေရှာတာဗျာ၊ ဘယ်သူ့ဂမှ ရှာခိုင်းတာ မဟုတ်ဘူး"

"တဆိတ်ရှိ မင်းကလည်းအမေ့ပဲအပြစ်တင်နေတာပဲ"

ဦးအောင်ဖြိုးအသံ နားဆီသို့ ဖြတ်ဝင်လာပြန်၏။

"ဟား...ဟား...အားလုံးကို စိန်ခေါ်တယ်ဟေ့၊ ဘယ်ကောင်မှ မထွက်ရဲဘူးလားကွ"

ရဲထိုက် ခေါင်းကို အသာခါယမ်းသည်။

သည်ပုံစံ သည်အဖြစ်မျိုးကတော့ သူနှင့်အမေ့အတွက် ရိုးနေပါပြီ။

"အမေ သွားထိန်းထားဦးဗျာ၊ အမြင်ကတ်တဲ့ လူက ထွက်ရိုက်နေမှ ဆေးဖိုးဝါးခ အဆစ်ကုန်နေရဦးမယ်"

သူ့စကားအဆုံးမှာ အမေ ပျာပျာပျာပျာနှင့် ထွက်သွားသည်။ သူက ကွပ်ပျစ်ပေါ်ပြန်လှဲရင်း မျက်စိ အသာပြန်မှိန်းထား၏။





"ရှင်နဲ့တော့ ကျွန်မ စိတ်ညစ်တယ် ကိုအောင်ဖြိုးရယ် သောက်လာရင်လည်း အေးအေးဆေးဆေး အိမ်ပြန်လာပေါ့၊ ခုတော့ ရှင့်ဟာက ရပ်ကွက်ကိုပါ စော်ကားနေတယ်"

"စော်ကားတယ်ကွ၊ စော်ကားတယ်၊ ကိုယ့်ဘာသာ ကိုယ်သောက်တာ ဘာဖြစ်လဲ၊ ဝေါ့..."

"ရှင်တော့လား၊ ဘယ်တော့အန်ဖတ်ဆို့ပြီး သေမလဲ မသိဘူး"

အမေက ဆွဲခေါ်လာသည်။

ရဲထိုက်မျက်လုံးကို အသာဖွင့်ကြည့်လိုက်၏။

ဦးအောင်ဖြိုးကိုယ်ကိုယ်ကို ထိန်းနိုင်ခြင်းမရှိ။ ခြံထဲအဝင် ထိုး‚ထိုးအန်သည်။ အမေ့ရင်ဘတ်နှင့်အကျႌလက်မောင်းတွင် အန်ဖတ်များ မြင်လို့မကောင်း။

"ဝေါ့..."

"ရှင်တော့ ဒီအရက်နဲ့ဒုက္ခရောက်တော့မှာပဲ ကိုအောင်ဖြိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



တဝေါဝေါနှင့် အအန် မရပ်။

ခေတ္တအရပ်တွင် ဦးအောင်ဖြိုး၏ ရင်ဘတ်သည် ပါးရှိ လိုဖုတ်လှိုက်၊ ဖုတ်လှိုက်။

"ကိုအောင်ဖြိုး၊ ကိုအောင်ဖြိုး"

အမေက စိုးရိမ်တကြီး ခေါ်နေ၏။

"ကိုအောင်ဖြိုး"

ရဲထိုက်ရင်မှာ ထိတ်ကနဲ ဖြစ်သွားသည်။

"သား...သား၊ လုပ်ပါဦး၊ ကိုအောင်ဖြိုး ဘယ်လို ဖြစ်သွားလဲ မသိဘူး"

ရဲထိုက် လှဲလျောင်းရာမှ ဆတ်ကနဲထပြီး အမေ့ထံ အပြေးကလေးသွား၍ ဦးအောင်ဖြိုးကို ဆွဲပွေ့လိုက်၏။

မျက်နှာတွင် ချွေးစီးများ သီးထနေသည်။

ကိုယ်ခန္ဓာကြီးက အကြောများ ရပ်ဆိုင်းသလို တောင့်တင်းတင်းကြီး ဖြစ်နေပြီး အသံ လုံးဝ ထွက်မလာ။

ရဲထိုက် ဦးအောင်ဖြိုးကို အိမ်ပေါ်သို့ ပွေ့တင်ခဲ့သည်။





မျက်စိအောက်တွင် ဆိုးဆိုးရွားရွား အနေထားဖြင့် ...င်ရတော့ လည်း သူ့ရင်ထဲမှာ မကောင်း။

"အင်း..ဦးအောင်ဖြိုးရယ်၊ ခင်ဗျားကတော့ အရက် ပုလင်းဖက်ပြီး သေရွာသွားမဲ့လူပဲ"

"လူလေး၊ အမေ ဆရာဝန်သွားခေါ်ရမလားဟင်"

"ရပါတယ်အမေရာ၊ ဒီလောက်လည်းပူပန်မနေပါနဲ့"

ဖျာပေါ်မှ အသာချလိုက်သည်။

"အမေ သောက်ရေ တစ်ခွက်ပေး"

အမေက ကပျာကယာနှင့် ရေထခပ်သည်။ သူက ရေခွက် ...ိုလှမ်းယူပြီး ဦးအောင်ဖြိုး၏ မျက်နှာကိုဖြန်းကနဲပက်လိုက်၏။

"ဟင်း...မင်းဘယ်လို လုပ်လိုက်တာလဲ"

သူက မသိကျိုးကျွန်ပြုပြီး ဦးအောင်ဖြိုး မျက်နှာကို ...စိုက်ကြည့်သည်။

နှုတ်ခမ်းထူအမ်းအမ်းက လှုပ်ခတ်လာ၏။

အမေက ဦးအောင်ဖြိုး မျက်နှာနားသို့ တိုးကပ်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ဖြိုး...ကိုအောင်ဖြိုး"

"ခင်...ခင်မူလား"

"ဟုတ်တယ်၊ ကျွန်မအနားမှာ ရှိပါတယ်"

"ငါ...ငါ အနေရခက်လိုက်တာ ခင်မူရယ်"

အမေနှင့်ဦးအောင်ဖြိုး အိမ်ထောင်သက်တစ်လျှော တွင် ဦးအောင်ဖြိုး၏ တိုးညှင်းညင်သာသော စကားအသံ သည်တစ်ခါသာ ကြားဖူး၏။

"ငါ့ကို ရေအေးလေး တစ်ခွက်တိုက်ပါ ခင်မူရယ်"

ရဲထိုက်ထိုင်ရာမှ ထလိုက်သည်။

ရေအိုးစင်ဘက် လျှောက်ပြီး သောက်ရေတစ်ခွက် သည်။ အမေ့ကို လှမ်းပေးသောအခါ အမေ့မျက်လုံးမှာ မျ ရည်များ ဝဲနေ၏။

"သနားစရာကောင်းပါတယ်သားရယ်"

သူပင့်သက်ကို ခပ်ဖွဖွချသည်။



အမေ့ရင်ထဲမှ အကြောင်းအရာအားလုံးကို သူနားလည် ပါ၏။

သြော်...အမေရယ်...

ပထွေးဖြစ်သူကို ကြင်ကြင်နာနာ ဆက်ဆံလိုက်တာကို အမေ အရှမ်း ဝမ်းသာနေတယ်မဟုတ်လား။

☆☆☆

www.burmeseclassic.com

www.burmeseclassic.com

## [၁၃]

ဘုရားစင်ရှေ့ ဖျာချပ်ပေါ်မှာ ခွေခွေကလေးလှဲနေသည့် ဦးအောင်ဖြိုးကို ရဲထိုက်ကလှည့်ကြည့်ပြီး ...

"နေသာရဲ့လား"

ဦးအောင်ဖြိုးက ခေါင်းညိတ်ပြသည်။

"ခင်ဗျား မဆင်မခြင်သာ ဆက်သောက်နေရင်တော့ အသည်းစကားပေါက်ဖြစ်မှာပဲ"

"ငါ မသောက်တော့ပါဘူးကွာ"

"မူးနေအောင် ခံရပြီဆိုရင် ခင်ဗျား ဒီစကား ပြောတာပဲ၊ နောက်တော့ ပုလင်းကို လက်က မချတော့ဘူး"



"ဒီတစ်ခါတော့ ငါအရက်ကို တကယ်ဖြတ်ပါပြီ ရဲထိုက်ရာ"

"ပြောတာပဲ၊ ခု ကျုပ် အရက်ပုလင်းလိုက်ယူလာပြီး ရှေ့မှာ ချပေးကြည့်၊ ခင်ဗျား ကောက်မော့မှာ"

"မမော့တော့ပါဘူးကွာ"

အားလျော့သံလေးနှင့်ပြောတော့ သူ ဦးအောင်ဖြိုးကို သနားချင်ဖြစ်သွား၏။ သည်တစ်ခါတော့ ဦးအောင်ဖြိုး ကောင်းနေအောင် ခံရသည်။ ညကဆိုလျှင် အမေကော သူပါ အိပ်လို့မရ။ အန်ဖတ်ဆို၍ သေမည်ဟုပင် သူတွက်ထားသည်။

"ကိုအောင်ဖြိုး ဆန်ပြုတ်ကလေးသောက်လိုက်ဦး"

ဆန်ပြုတ်ပန်းကန်ကိုင်ပြီး အမေအနားရောက်လာ၏။

"ငါ မသောက်ချင်ပါဘူး ခင်မူရယ်"

"ဘယ်ဟုတ်မလဲ၊ ရှင့်ဗိုက်ထဲမှာ ဘာအစာမှရှိတာ မဟုတ်ဘူး"

အမေက နံဘေးမှာ အသာဝင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လူလေးအပြင် သွားဦးမလို့လား"

"မသွားဘူးအမေ၊ ကြက်ခြံရှင်းမယ်၊ ပြီးတော့ ကြ[illegible]

တွေ ကာကွယ်ဆေးထိုးမယ်၊ အမေလည်း ဒီနေ့ဆိုင်[illegible]

ထွက်မနေနဲ့တော့"

ခြံထဲဆင်းခဲ့သည်။

တိရစ္ဆာန်ဆရာဝန်ကိုတော့ ကိုးနာရီလောက် အရောက်[illegible]

လာဖို့ ချိန်းထားခဲ့၏။

"အင်း... နန္ဒီကတော့ ငါ့လုပ်ငန်းအတွက် ရည်ရွယ်ချ[illegible]

တွေထားတာပဲ၊ ငါကလည်း ငါ့အရည်အချင်းနဲ့ဘဝ[illegible]

တိုးတက်ချင်တာ၊ မိန်းမတစ်ယောက်ရဲ့ အကူအညီ[illegible]

လက်ခံတဲ့ ယောကျ်ားဟာ ယောကျ်ားပီသတဲ့သူမ[illegible]

ပါ့မလား"

သူ့အတွေးတိုင်းမှာ နန္ဒီကတော့ ပါသည်။

ကာလသစ်မှာ သူတစ်ယောက်တည်း မဟုတ်တော့[illegible]

သည်ကိုလည်း ရဲထိုက်သိပါ၏။





"ငါနဲ့ နန္ဒီက ဘဝတစ်ခုကို ထူထောင်ဖို့ သံမဏိဆုံး

ဖြတ်ချက်တွေ ချထားတာ၊ အလုပ်ကြိုးစားဖို့တော့

အဓိကပဲ၊ အရင်လို မိုက်နေလို့ မဖြစ်ဘူး၊ ဘဝဆိုတာ

မိုက်ကန်းကန်း နေလို့ရတာမဟုတ်ဘူး"

သူတစ်ယောက်တည်းအပြုံးမှာ ...

☆☆☆

"ဟိတ် ... တစ်ယောက်ထဲ ဘာတွေပြုံးနေတာလဲ"

"ဟာ... နန္ဒီ၊ လန့်လိုက်တာ နန္ဒီရာ"

"နေပါဦး၊ နန္ဒီနောက်က ရပ်နေတာ စက္ကန့်တော်တော်

လေးကြာလိမ့်မယ်၊ ကိုထိုက် ဘာတွေစဉ်းစားနေတာ

လဲ ..."

ကြက်ရေသောက်ခွက်များကို လှယ်ရင်းမှ ...

"နန္ဒီ့အကြောင်းကလွဲပြီး ကိုယ့်မှာ ဘာမှ စဉ်းစားစရာ

အကြောင်းမရှိဘူး"

"တကယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပလပ်စတစ်ထိုင်ခုံသေးသေးကိုဆွဲယူပြီး နဘေးမှာထိုင်သည်။ မျက်နှာကိုကြည့်သည့်အကြည့်က ရွှန်းလက်နေ၏။

"တကယ်ပေါ့... ကိုယ့်မှာ ရှားရှားပါးပါး အချစ်ဆိုလို့ နန္ဒီပဲ ရှိတာ"

"မေးချင်လိုက်တာ"

"ဘာမေးမှာလဲ နန္ဒီရဲ့"

"ကိုထိုက်မှာ တကယ့်ကို ရည်းစားသနာ မရှိခဲ့ဘူးလားဟင်"

"နန္ဒီမှာရော"

"အို... မရှိခဲ့ပါဘူး"

"ကိုယ်လည်း နန္ဒီ့လိုပဲပေါ့"

လက်မောင်းကို သူမ၏ လက်သီးဆုပ်ကလေးနှင့် ထု၏။ သူက ရယ်ရင်း အလုပ်ကို လက်စသပ်သည်။ ပြီး တညင်းပင်ကြီးအောက်မှာ သူရိုက်ထားသည့် ခုံတန်းကလေးဆီသို့ နှစ်ယောက်သား လျှောက်ခဲ့၏။

"ကိုထိုက်ကို လက်ဖက်ရည်ဆိုင်မှာ ဝင်ရှာသေးတယ်၊ မတွေ့လို့ အိမ်ကို လိုက်လာတာ"





"ဆိုင်မှာ အာကာနဲ့ ဖိုးချိုကို မတွေ့ဘူးလား"

နန္ဒီက ခေါင်းယမ်းပြသည်။

သည့်နောက် နန္ဒီ့အကြည့်က ကြက်ခြံဘက်ရောက်သည်။

"မြေက ကျယ်သားပဲနော်"

"အဖေ့အမွေလေ၊ မြေကျယ်ပေမဲ့ နန္ဒီတို့နေတဲ့သွေးရပ်ကွက်က မြေတွေလို တန်ဖိုးမကြီးပါဘူး၊ ဒါပေမဲ့ လုပ်စားကိုင်စားရတာ အဆင်ပြေတာပေါ့ နန္ဒီရယ်၊ နောက်ပြီး ကိုယ်က ခြံအကျယ်ကြီးမှာ မွေးမြူရေးကို ကြီးကြီးကျယ်ကျယ် လုပ်ချင်တာ"

"တစ်နေ့ ကိုထိုက်ဆန္ဒတွေ ပြည့်ဝလာရမှာပေါ့ ကိုထိုက်ရာ၊ လောလောဆယ်တော့ နန္ဒီ့ကို အရမ်း ချစ်ဖို့ပဲ လိုတယ်"

"ဒါဖြင့် ပြော... ဘယ်လို အရမ်း ချစ်ပြရမှာလဲ"

သူက နန္ဒီ့ပခုံးစွန်းကို စပ်ကြမ်းကြမ်း ဆုပ်ကိုင်သော...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... အဲသလို ချစ်တာကို ပြောတာ မဟုတ်ဘူး၊ ဟာကွာ... ကြည့်စမ်း ကိုထိုက်ကလက်ပေကြီးနဲ့"

သူ့လက်ဖဝါးကို ကြည့်ကြည့်ပြီး ရဲထိုက် ရယ်သည်။ လက်မှာ အညစ်အကြေး မရှိသော်လည်း သန့်ပြန့်မှုတော့မရှိ။ နန္ဒီက ရေစည်ဘက်သွားပြီး ရေတစ်ခွက်ယူလာပြီး သူ့လက်ကို လောင်းပေးသည်။

"သူဌေးသမီးကို လက်ပေကြီးနဲ့ ကိုင်မိသွားပြီ"

"အမှန်ပဲ"

"ကိုယ့်ကိုယ်ကို ညစ်ပတ်တဲ့ကောင်ကြီးမှန်း ခုမှ သိတော့တယ်"

"မရွဲ့ပါနဲ့"

မျက်စောင်းကြီးဝင့်သည်။

နန္ဒီပျော်နေသည်ကိုတော့ သူ သတိပြုမိပါ၏။

သည့်ထက် ...





ကြက်ခြံထဲမှာ ကြက်ဥတွေ လိုက်ကောက်ရမည်ကို ပို၍ ပျော်သည်ဟု နန္ဒီ ပြောဖူးပါ၏။

နန္ဒီနှင့် အတူယှဉ်ထိုင်ရင်း ...

သူအလုမွေးထားသည့် ကြက်တိမ်ညင် အထီးနှင့်အမ တာ အနားရောက်လာသည်။

သဘာဝအတိုင်း ကြက်ဖလေးက ကြက်မလေးကို အတောင်နှင့်ရစ်တော့ နန္ဒီက ...

"အဲဒါ ဘာလုပ်တာလဲ ကိုထိုက်"

"ချစ်ကြတာလေ"

"ဟယ်... တော်ပြီ ဆက်မပြောနဲ့တော့ သဘောပေါက်တယ်၊ ကိုထိုက် ကြက်ပုလေးက ကိုယ့်ကိုလိုနာဖူးပဲ"

"ဟာ... ဘာတွေ လျှောက်ပြောတာလဲ"

နန္ဒီရယ်ပါ၏။

နန္ဒီ၏ လွတ်လပ်သောအရယ်ကို ကြည့်ပြီး သူ့စိတ် တွေ ပေါ့ပါးလန်းဆန်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



နဖူးမှာဝဲကျလာသည့် ဆံစများကိုလက်နှင့် အသာသပ်ဖယ်ပြီး နဖူးကို ဖွဖွနမ်းတော့ နန္ဒီက ငြင်းဆန်ရုန်းဖယ်ခြင်း မပြုပါ။

ဩော်… အဲဒါလည်း အချစ်ဖြစ်ပါသည်။

☆☆☆

[၁၄]

"မောင်ကျော်မိုး မိဘတွေနဲ့ မေမေတို့က အရမ်းရင်းနှီးကြတာ သမီးရဲ့၊ မေမေနဲ့မောင်ကျော်မိုး မေမေဆိုရင် ညီအစ်ကိုရင်းချစ်တဲ့အချစ်ထက်တောင်ပိုပြီး ချစ်ကြတာ"

နန္ဒီက မေမေ့မျက်နှာကို လှမ်းကြည့်သည်။ မေမေကတော့ နန္ဒီ့ဆီ အကြည့်တစ်ချက်ဝေ့ပြီး သိုးမွေးဆက်ထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



နားကို စွင့်ထားသည်မှန်းတော့ နန္ဒီသိ၏။

"သမီး ဖေဖေ့ဘက်က ဝိုင်းဝန်းစဉ်းစားပေးစမ်း၊ ညီအစ်ကိုထက်ချစ်တဲ့၊ ဖေဖေတို့အပေါ်ကောင်းခဲ့တဲ့ သူငယ်ချင်းရဲ့သား ရန်ကုန်ရောက်လာတယ်၊ သူ့အဖေ သူငယ်ချင်း ဖေဖေ့အိမ်ရှိလျက်နဲ့ တခြားမှာ အဆောင်လခပေးနေရတယ်ဆိုတာ ဖေဖေတို့ ကောင်းနိုင်ပါ့မလား"

"မဟုတ်ဘူး ဖေဖေပြောချင်တာက ကိုကျော်မိုးကို သမီးတို့ တိုက်မှာ နေစေချင်တယ်ဆိုတဲ့ သဘောမဟုတ်လားဖေဖေ"

ဖေဖေက ပြုံးရင်း ရွှေရောင်ယွန်းဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူ မီးညှိ၏။

"ဟုတ်တယ် သမီး၊ သမီး သုံးသပ်ချက်ဟာ ဖေဖေ့ဆန္ဒပဲ"

"ရပါတယ် ဖေဖေ"





"ဝမ်းသာလိုက်တာ သမီးရယ်၊ ညကတောင် ဖေဖေက သမီးမေမေကို ပြောနေသေးတယ်၊ သမီးက ကန့်ကွက်မှာ မဟုတ်ပါဘူးလို့"

ဖေဖေ့ ရယ်ပျုပျု မျက်နှာကို ကြည့်ပြီး အားနာနေမိ၏။ သို့သော်လည်း အရေးသည် မိမိဘဝနှင့် ဆက်နွယ်လာမည့် အရေးဆိုသည်ကို နန္ဒီ နားလည် သဘောပေါက်ထား၏။

"မှန်ပါတယ်၊ ဖေဖေပြောတာ သမီး မကန့်ကွက်ပါဘူး၊ ဒါပေမဲ့ ကိုကျော်မိုး ဒီကို ပြောင်းလာတဲ့နေ့မှာ သမီး မေဦးတို့တိုက်ကို ပြောင်းမယ်"

"ဘယ်...ဘယ်လို သမီးရဲ့၊ သမီးဘယ်လို ပြောလိုက်တာလဲ"

ယင်းစကားကို မေမေ မေးပါ၏။

ဖေဖေကတော့ နန္ဒီ့စကားကို အရမ်းအံ့အားသင့်သွားသည်။ လက်ညှိုးနှင့်လက်ခလယ်ကြားမှာ ညှပ်ထားသည့် စီးကရက်ပင် တုန်ခါသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီး သူစိမ်းတစ်ရံဆံ ယောကျ်ားတစ်ယောက်နဲ့ တစ်အိမ်ထဲမှာ အတူ မနေတတ်ဘူး ဖေဖေ၊ အဲဒီလူ ရောက်လာရင် သမီးရဲ့လွတ်လပ်ခွင့် အားလုံး ဆုံးရှုံးသွားမှာပဲ"

"ဖေဖေတို့ သမီးကိုလွတ်လပ်ခွင့် အပြည့်အဝ ပေးထားတာပဲ သမီးရယ်"

"အဲဒါကို ပြောတာမဟုတ်ဘူး၊ သူစိမ်းရှိလာတော့ ခါတိုင်းလို လွတ်လွတ်လပ်လပ်နေလို့ သင့်တော်တော့မလား ကိုယ့်အိမ်နဲ့ကိုယ်နေပြီး သူများမျက်နှာကိုကြည့် လွတ်လပ်မှုကို ချုပ်တီးထားရတာ ဝဋ်ပဲ ဖေဖေ၊ အဲဒီဝဋ်ကို သမီး မခံနိုင်ဘူး၊ ဖေဖေမျက်နှာ ပျက်မှာကြောက်နေရင် ကိုကျော်မိုးကို အိမ်ပေါ်ခေါ် တင်လိုက်၊ သမီး တစ်ခြားကို သွားမယ်"

"မဟုတ်တာ သမီးရယ်"

မေမေက အထိတ်တလန့် ဖြစ်သည်။

မိမိ စိတ်ဓာတ်ကို သိသဖြင့် ဖေဖေ တွေနေသည်။



"သမီးကို စိတ်ညစ်အောင်မလုပ်ပါနဲ့ ဖေဖေ၊ နယ်ကနေ ရန်ကုန်လာပြီး သင်တန်းတက်နေတဲ့သူတွေ အများကြီးပါ၊ အဲဒီလိုပဲ ငှားရမ်းပြီး နေကြ ထိုင်ကြတာပဲဟာ၊ မိန်းကလေးဆိုရင် ထားလိုက်ပါတော့ ခုဟာက ယောကျ်ားကြီး"

"အင်း... ငါ့ကို ကိုရန်ပိုင်ကတော့ ဘယ်လိုထင်မလ မသိဘူး"

ဖေဖေ တစ်ထစ်လျှော့လာပြီကို နန္ဒီ သိသည်။

"ဟုတ်ပါတယ် အစ်ကိုရယ်၊ သမီးမိန်းကလေး ရှိတဲ့အိမ်ဆိုတော့ မသင့်တော်ပါဘူး၊ မောင်ကျော်မိုးက လည်း နားလည်သဘောပေါက်မှာပါ၊ ဖာသိဖာသာ နေလက်စနဲ့နေလိုက်ပေါ့ အစ်ကိုရယ်၊ သူ့ကို ဝင်ခွင့် ထွက်ခွင့်ကို အပြည့်အဝ ပေးထားပြီးပြီပဲဟာ"

မေမေကတော့ နန္ဒီ့ဘက်က အစဉ်ထာဝရ ရှိသည်။

ဖေဖေက မေမေ့ကို ကြည့်တော့ မေမေက ပြုံး၏။

ဘာတွေလဲ။

မြတ်မြတ်ရေချာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်အပြုံးမှာ အနက်အဓိပ္ပါယ်တွေ ဘယ်လောက် တောင် ပါဝင်နေပါသလဲ။

"အင်းလေ... သမီးစိတ်ချမ်းသာဖို့ အရေးကြီးတာပါပဲ" ဖေဖေ ထိုင်ရာမှထပြီး ခြံထဲဆင်းသွားသည်။

နန္ဒီက မေမေ့နံဘေး ပြောင်းထိုင်ပြီး ...

"မေမေ သမီးကို ပြောစမ်းပါ၊ ဖေဖေက လှမ်းကြည့် တာနဲ့ မေမေ ဘာလို့ ပြုံးရတာလဲ"

"ဟဲ့...ဒီကောင်မလေး ရှုးများနေသလား မသိဘူး ကိုယ့်ယောကျ်ားကို ပြုံးပြတာ အဆန်းကျနေတာပဲ"

"ဟာ... မဟုတ်သေးဘူး မေမေရာ၊ ဖေဖေ မေမေ့ကို လှမ်းကြည့်တဲ့အကြည့်ကလည်း တစ်မျိုးကြီး၊ မေမေ ပြုံးတဲ့အပြုံးကလည်း တစ်မျိုးကို တစ်မျိုးပဲ"

"အော်... ဆက်ပါလား"

"မေမေ...ဖေဖေနဲ့ တစ်ကြိတ်ထဲ တစ်ညာဏ်ထဲလုပ် ပြီး သမီးကိုအူတူတူတော့မလုပ်နဲ့နော်၊ အဲဒီ ကိုကျော်မိုး ဆိုတဲ့လူကြီးကို သမီး ကြည့်လို့ကိုမရဘူးသိလား"





မေမေ့မျက်နှာ ပြန်တည်သွား၏။

နန္ဒီ့မျက်နှာကိုလည်း ခပ်စိုက်စိုက်ကြည့်သည်။

"မောင်ကျော်မိုးက သိပ်သဘောကောင်းတာ၊ ဟိုး တစ်ခါ သူရန်ကုန်လာတော့ သမီးကငယ်ငယ်လေးရှိ သေးတာ၊ သမီးကို ချီပိုးပြီး ခြံထဲမှာ လျှောက်ပြေး တာတွေသမီး အမှတ်ရမှာ မဟုတ်တော့ပါဘူး"

"အဲဒါတွေ ပြန်မပြောနဲ့မေမေ၊ သမီးသိလည်း မသိ ဘူး၊ အမှတ်ရဖို့လည်း မလိုဘူး"

"ကဲ ... ကဲ ... သမီးသွားအိပ်တော့ ဒီည မေမေ့သမီး ဒေါသတွေ အရမ်းကြီးနေတယ်၊ အိပ်ရာဝင်ရင် ပုတီး လေး စိပ်လိုက်အုံး"

မေမေက ကျီစယ်သလို တည်သလိုပြောသည်။

အိပ်ရာဝင်သည်အထိ နန္ဒီ၏ အတွေးတွေ မရှင်း။

ည၌အတော်နက်မှ နန္ဒီအိပ်ပျော်ခဲ့သည်။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

[၁၅]

**"နေ…နေ ဦးအောင်ဖြိုး အဲဒါတွေ ကျွန်တော်လုပ်မယ်။ အကောင်းဆုံးကတော့ ခင်ဗျား နားနားနေနေ နေရင် ကောင်းမယ် ထင်တယ်"**

**ဦးအောင်ဖြိုး လက်ထဲမှ ပေါက်တူးကို ရဲထိုက်က လှမ်းယူသည်။ ဦးအောင်ဖြိုးက** မပေး၊ ယဲ့ယဲ့မျှပြုံးပြီး နဖူးမှ ချွေးများကို ပုဆိုးကြမ်းနှင့် သုတ်သည်။

"ရပါတယ်ရဲထိုက်ရာ၊ နောက်တွင်းသုံးတွင်းလောက် တူးပြီးရင် တိုင်စိုက်လို့ ရပြီ၊ ဝါးခြမ်းတွေကိုတော့ မနေ့ကတည်းက ငါခွဲထားတယ်"





"ခင်ဗျားက ကျန်းမာရေးကောင်းတာ မဟုတ်ဘူး၊ လုပ်ရင်းကိုင်ရင်းနဲ့ အမောဆို့သွားရင် အမေက ကျုပ်ကို ပြောနေပါဦးမယ်ဗျာ၊ အေးအေးဆေးဆေးသာ ထိုင်နေစမ်းပါ"

ရဲထိုက်က တိုင်များကို တိုင်းဖြတ်နေ၏။

"ငါ မိသားစုအပေါ် တာဝန်မရှိသလို နေခဲ့တဲ့ရက်တွေ များပြီလေ၊ တစ်ထမ်းတစ်ရွက်တော့ ငါ ပါဝင်ရမှာပေါ့"

အမေနှင့် အိမ်ထောင်စကျကတည်းက မကြားခဲ့ဘူးသည့် စကားတွေ။ တစ်နေ့ကလည်း အမေ့ဈေးခြင်းတောင်းများ ထမ်းပြီး အမေ့ကိုဈေးလိုက်ပို့ပေးရင်း လမ်းမှာ အမောဖောက်သည်ကို အမေ ပြော၍ သိရသည်။

'မျက်နှာမှာလည်း ချွေးတွေပြန်လို့သွားရယ်၊ ဘာ ရောဂါမှန်း မသိပါဘူး၊ လက်ကလည်းကတုန်ကယင်နဲ့' ဆိုသည့် အမေ့စကားကို အမှတ်ရ၏။

"ခင်ဗျား နည်းနည်းပါးပါးတော့ ပြန်သောက်ရင် ကောင်းမယ် ဦးအောင်ဖြိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မလုပ်ပါနဲ့ ရဲထိုက်ရာ၊ အရက်ကို ငါမုန်းသွား[illegible] ပြီ"

"မဟုတ်သေးဘူး၊ အရက်ဖြတ်တယ်ဆိုတာမျှင်းဖြ[illegible] ရတာ၊ ခင်ဗျား ဖြုန်းစားကြီး ရပ်ပစ်လိုက်ရင် ဒုက္ခ ရောက်သွားလိမ့်မယ်"

"ဒုက္ခရောက်တော့လည်း မတတ်နိုင်တော့ဘူး ရဲထိုက် ရာ၊ ဟိုညက အဖြစ်ကို တွေးပြီး အရက်ကို ငါ သိ[illegible] ကြောက်သွားတယ်၊ မျှင်းပြီးတော့ မဖြတ်ပါရစေနဲ့ ချက်ချင်း ဖြတ်လိုက်တာပဲ ကောင်းပါတယ်"

ရဲထိုက် စကားမဆက်။

တိုင်များကို မြေမှာစိုက်ပြီး မြေခဲများပြန်ဖို့သည်။

ဦးအောင်ဖြိုးကို အနားယူနိုင်စေသော်လည်း မရ၊ အရင် ဦးအောင်ဖြိုးနှင့် လုံးဝ မတူသော ဦးအောင်ဖြိုး၊ အရက်ငွေ[illegible] ကင်းစင်နေသဖြင့် သဘောကောင်းမှုနှင့်ရိုးသားမှုများ မျက်နှာ တွင် အထင်အရှား ပေါ်လွင်နေ၏။





"ရဲထိုက်၊ အချစ်ကို အရမ်းကြိုက်တဲ့ ကိုရဲထိုက်" အဝေးကပင် ရွှတ်နောက်နောက် အသံကိုကြားသည်။ သူခေါင်းထောင်ကြည့်လိုက်တော့ ဝင်းတံခါး တွန်းဖွင့် ပြီး ဝင်လာသော ဖိုးချို့နှင့် အာကာကိုတွေ့၏။

ငတိနှစ်ကောင် ရယ်ရယ်မောမောနှင့် ဝင်လာသည်။

☆☆☆

"အားပါး… ဦးလေးက အလုပ်တွေဘာတွေ လုပ်လို့ ပါလားဗျ၊ ဘာလဲ ရဲထိုက်နဲ့ ဝိုင်းကူလုပ်ပြီး ကြက်ဥ ဝေစု တောင်းမလို့လား"

ဦးအောင်ဖြိုးရယ်နေသည်ကို ကြည့်ပြီး အာကာက …

"ကေန္တ ဦးလေးဦးအောင်ဖြိုး ကြက်ဥ အမြည်းလိုပြီး ထင်တယ်၊ ဒီလောက်လေးနဲ့တော့ အပင်ပန်းခံ မနေ စမ်းပါနဲ့ ဦးလေးဦးအောင်ဖြိုးရာ၊ ရဲထိုက်က တစ်လုံး နှစ်လုံးလောက်တော့ ပေးမှာပါ၊ အဲဒီလောက် ကပ်စေး မနည်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဖြိုးက နဖူးမှ ချွေးစများကို လက်နှင့်သပ်ချပြီး—

"မင်းတို့ထင်တာတွေ တစ်ခုမှ မဟုတ်ဘူးကွ၊ ငါက ငါ့အသိစိတ်မာတ်နဲ့ လုပ်အားပေးနေတာ၊ ပြီးတော့ ငါ အရက်ဖြတ်လိုက်ပြီလေကွာ"

ဖိုးချိုက မျက်ခုံးနှစ်ဖက်ကို တွန့်ကွေးလိုက်၏။

"ဟော့ကောင်... အာကာ မင်း ဦးလေးကို ရမ်တစ်လုံး လောက်ပေးမယ်ဆို"

အာကာ လွယ်ထားသည့်လွယ်အိတ်ကို လှမ်းကြည့် ပြီး ဖိုးချိုက မေးသည်။

"ဟုတ်တယ် ဦးလေးဦးအောင်ဖြိုး၊ အိမ်မှာ အဘွား ကြီးနုတ်ဆက်ထားတာ စွန့်လို့ ကျွန်တော်ယူလာခဲ့ တာ၊ ဒီနေ့ကတော့ ဦးလေးအောင်ဖြိုးအတွက် အမှန် အကန်နေ့ပဲ"

အာကာ လွယ်အိတ်ထဲမှ ပုလင်းကို ထုတ်ပြီး ဦးအောင် ဖြိုးကို လှမ်းပေး၏။

ဦးအောင်ဖြိုးက လက်ကို ယောင်လို့မျှပင် မကမ်း...





"မင်းတို့ ငါ့ကိုလာပြီး မဖျက်ဆီးကြနဲ့ကွာ၊ မင်းတို့ငါ့ ကို အရက်ပုလင်း လာပေးတာဟာ ငါ့ကို သေကြောင်း ကြံတာနဲ့အတူတူပဲ၊ ခုနေ ရဲ့ကို ငါသွားတိုင်ရင် မင်းတို့ နှင်ခဲယာက်အချုပ်ထဲ ရောက်မှာသေချာတယ်"

"အမ် ... ဦးလေးဦးအောင်ဖြိုးက တကယ်ကို အရက် ဖြတ်လိုက်တာလားဗျ"

"နောက်စရာမဟုတ်ဘူးကွ"

အာကာက ပုလင်းကို ပြန်မသိမ်းသေးပဲ ...

"ဦးလေးဦးအောင်ဖြိုး အိုက်တင်တွေ အိုက်စကရင် တွေခံမနေနဲ့နော်၊ လက်ဆောင်ကို ပြန်လည်ရုပ်သိမ်း လိုက်မှ ငါ့တူတို့ရာ ဦးလေးက နောက်တာပါကွာ၊ ဘာကွာလို့ လာမချွဲနဲ့"

"မချွဲဘူးကွာ၊ အောင်ဖြိုးတို့က မသောက်ဘူးဆိုရင် လုံးဝကို မသောက်တဲ့ အထဲကပဲ"

"ဒါဖြင့် ကျွန်တော်တို့ သာခုခေါ်ရတော့မလားဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ချင်ခေါ် မခေါ်ချင်နေကွာ"

အာကာနှင့် ဖိုးချိုရယ်ကြ၏။

လက်ထဲမှအရက်ပုလင်းကြီးကို အာကာကလွယ်အိတ်ထဲ ပြန်ထည့်ရင်း ရဲထိုက်မျက်နှာကို ဖြတ်ကနဲ လှမ်းကြည့်သည်။

သူ့မျက်နှာမှ ကျေနပ်ပြုံးတွေကို သူတို့မြင်ကြပါလိမ့်မည်။

☆☆☆



[၁၆]

"ငါ အရမ်းအံ့သြနေတာ ဒီလူကြီး အရက်နာကျတုန်းတကယ်ကို အရက်ကို လှည့်မကြည့်တော့တာ"

ပင်စည်ကို ပတ်လည်ဝိုက်ပြီး ရိုက်ထားသော ခုံလေးမှာ ဖိုးယောက်သား ထိုင်မိကြ၏။

"ခုတော့လည်း သူ့ခမျာ အလုပ်လုပ်ရှာသားပဲကွ၊ အခေါက်တော့ သူ့လူကြီး အရက်ပြတ်သွားလို့ အရမ်းဝမ်းသာနေမှာပဲ၊ ပြီးတော့ မင်းကသူ့ယောက်ျားကို ကြင်ကြင်နာနာ ဆက်ဆံလို့ ပီတိတွေဝေနေမှာပဲ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမေကတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ကို ဖြစ်နေတာပဲ၊ ဖေ
ကတော့ ဝမ်းသာတာကလွဲပြီး ထူးထူးခြားခြား မခံစား
ရပါဘူးကွာ၊ တစ်ခါတစ်ခါ မနိုင်မနင်းနဲ့ သူ့အလုပ်
တွေ သိမ်းကျုံးလုပ်နေတာကိုကြည့်ပြီး သနားတယ်
စုတလော အစားအသောက်လည်း တော်တော်နည်း
သွားတယ်ကွ၊ ညဘက်တွေ ဘုရားစင် ရှေ့မှာ ထိုင်ပြီး
ဘုရားစာ မရလို့ အမေက သင်ပေးရသေးတယ်
တကယ် ဟားရတယ်"

ပြောပြီး သူကရယ်၏။

"ကြက်ဥတွေ မတိုတော့ဘူးပေါ့"

သူက ခေါင်းယမ်းပြသည်။

"အရက်မမူးတော့လည်း စည်းနဲ့ကမ်းနဲ့ နေတတ်သား
ကွ၊ ကူဖော်လောင်ဖက်တော့ အရမ်း ရတယ်၊ သူ့ကျန်း
မာရေးကိုသာ ငါ သိပ်အားမရတာ၊ မနေ့ကဆိုရင်
နန္ဒီက ဦးအောင်ဖြိုးအတွက် အားဆေးတွေတောင်
ဝယ်လာပေးတယ်"





"အင်း...နန္ဒီကတော့ မင်းတို့ဘဝအတွက် အကောင်း
ဆုံးလူသားတစ်ယောက်ပဲ ရဲထိုက်၊ မင်းကို သူချစ်တဲ့
အချစ်မှာ အနစ်နာခံနိုင်မှုနဲ့ ရင့်ဆိုင်ရဲမှု သတ္တိတွေ
အများကြီး ရှိတယ်၊ မင်းကံကောင်းပါတယ်ကွာ"

"နေပါဦး... ငါကံကောင်းတယ်ဆိုတော့ အချစ်နဲ့ ပတ်
သက်ပြီး မင်းက ကံဆိုးနေလို့လား"

ဝိုင်းကြည်ကြည်နှင့် ဖိုးချို အခြေအနေ။

အကောင်းဘက်မှတွေးပြီး သူတို့နားလည်ထားကြသည်။

"သြော်... တို့ရဲ့ အချစ်ဘဝက မင်းတို့လို မပြည့်စုံ
ဘူးလေ"

ရဲထိုက်က ခေါင်းကိုဆက်ခနဲ မတ်သည်။

ငွေနားကြက်ဖကြီး၏ တွန်သံခပ်စူးစူး ပေါ်ထွက်လာ၏။

"ဘာလဲ မပြည့်စုံတာ မင်းတို့ဘာကို ဆိုလိုတာလဲ"

"ဘဝကို အတူရုန်းမယ်ဆိုရင်တောင် မင်းတို့ထက်ပိုပြီး
ရုန်းရမှာကို ဆိုလိုတာပါ၊ ဝိုင်းကြည်ကော ငါကော
ပြည့်စုံမှု အခြေအနေမှာ မရှိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ဖိုးချို ယောကျ်ားတစ်ယောက် ငြီးငွေ့တတ်တာကို ငါအမုန်းဆုံးပဲ"

"မင်းက ပြောအား ရှိတယ်လေ"

"ဟေ့ကောင်… တို့မိန်းမတစ်ယောက်ကိုချစ်တဲ့အချစ်မှာ ပြည့်စုံတာတွေ၊ ဖွံလုံတာတွေကို သုံးသပ်ပြီးချစ်တာ မဟုတ်ဘူးကွ၊ ရင်ထဲကအချစ်ဆိုတဲ့မာနနဲ့ချစ်တာ၊ ဘာလဲ ငါ့စီးပွားရေးလုပ်ငန်းမှာ နန္ဒီကအင်အား ဖြည့်ပေးတာကို ရည်ရွယ်ပြီး မင်းက ပြောအားရှိတယ်လေ ဆိုတဲ့ စကားကို မင်းပြောတာလား"

ဖိုးချိုထံမှ စကားသံမထွက်။

ယောကျ်ားတစ်ယောက်၏ တွေဝေငေးမောတတ်သည့် အကျင့်စရိုက်ကို သူ နည်းနည်းလေးမှ မကြိုက်။

"ငါတောင်းခံတယ် မထင်နဲ့၊ ချစ်သူစိတ်၊ ရဲဘော်စိတ်ထားရင် နှစ်ကိုယ်နီးဖို့အတွက် အင်အားဖြည့်တာကို လက်ခံရမယ်လို့ အကျပ်ကိုင်တာနဲ့ ငါခေါင်းညိတ်တာ၊ ငါ့မှာ ယောကျ်ားတစ်ယောက်ရဲ့မာနနဲ့ သတ္တိအပြည့်အဝရှိတယ် ဖိုးချို၊ နန္ဒီ ချမ်းသာတာ၊ ဆင်းရဲတာ၊ ဖြူတာ၊ မည်းတာကို ငါစိတ်မဝင်စားဘူး၊ ငါစိတ်ဝင်စားတာက သူ့ရင်ထဲက ငါ့ကိုချစ်တဲ့အချစ်ပဲ၊ ခု မင်းပြောတဲ့ စကားကြီးက တစ်မျိုးကြီး ဖြစ်နေတယ်"

"ဟုတ်တယ် ဖိုးချို၊ ရဲထိုက်ပြောတာမှန်တယ်၊ မင်းကို ငါမေးမယ်၊ ဝိုင်းကြည်ဘဝ မပြည့်စုံလို့ မင်း စိတ်ဓာတ်ကျနေတာလား၊ ဒါဆိုရင်တော့ မင်းကိုတို့သူငယ်ချင်း စာရင်းက ထုတ်မယ်၊ မင်း ပြောပြောနေတဲ့ အချစ်သူရဲကောင်းဝါဒဆိုတာ ဘာလဲကွ၊ သာမှ နားမယ်ဆိုတဲ့ အသုံးမကျတဲ့ဝါဒလား"

ဖိုးချိုထိုင်ရာမှ ဆတ်ကနဲ ထသည်။

ဒါကို ရဲထိုက်က …

"အဲဒါ ဘာဖြစ်တာလဲ"

"မကျေနပ်တာကွ၊ ဒီမယ် အာကာ မနေ့ညက မပြောတဲ့စကားကို ငါတစ်သက် မမေ့ဘူး သိလား"



www.burmeseclassic.com

www.burmeseclassic.com



လာတုန်းက နှစ်ယောက် အတူ ရယ်ရယ်မောမော၊ ခုမှ မကျေနပ်တာကို အထုပ်ဖြေပြနေ၏။

"နေပါဦး ငါက ဘာ စကားပြောလို့လဲ"

"မင်းနဲ့ ပိုင်းကြည်ရရင် ကုန်ခြောက် မရောင်းခိုင်း၊ ပန်းရောင်းခိုင်းဆိုတဲ့စကားလေ၊ ဒါ မင်း ငါတို့ကို နှိမ်ပြော ပြောတာပဲကွ"

အာကာ ဖိုးချိုမျက်နှာကို စပ်စုစုကြည့်ဆဲမှာ သူ့ မျက်မှောင်ကြုတ်ထား၏။

"ငါသဘောရိုးနဲ့ ပြောတာ ဖိုးချို၊ မင်းတို့ကို နှိမ်ရအောင် ငါလည်း ဘာကောင်မှ မဟုတ်ဘူး၊ ငါ့အဖေ အရာရှိ လစာကို မိသားစုခြောက်ယောက် မလောက်မငှနဲ့ တိုင်းထွာ စားကြရတာ၊ ခု ရဲထိုက်က အရင်းအနှီး ထည့်တာ လက်ခံလို့ အသက်ရှူချောင်ရတဲ့ အဆင့်ပဲ ရှိတယ်၊ နောက်ပြီး ငါဆိုလိုတာက မင်းခြံက ထွက်တဲ့ ပန်းကို ပိုင်းကြည်က ဒိုင်ခံရောင်း၊ အရင်းအနှီး သက်သာဆိုတဲ့ သဘောနဲ့ ပြောတာ"





"မပြောနဲ့ကွာ၊ မကြိုက်ဘူး"

"ဟင် ..."

အာကာ ထိုင်ရာမှ ထပြီး ဖိုးချို ရင်ဘတ်ကို ဆောင့်ဆွဲသည်။ ဖိုးချို ခပ်ကြမ်းကြမ်း အရုန်းဝယ် အာကာက ညာလက်ဖြောင့်နှင့် ပိတ်တွန်းပစ်လိုက်၏။ ဖိုးချို မြေပေါ် ဖင်ထိုင်ကျသွားသည်။

"မင်းတို့ကလည်းကွာ၊ ပြဿနာပါပဲ၊ အချင်းချင်း ဘာမဟုတ်တဲ့ အကြောင်းအရာလေးနဲ့"

ရဲထိုက်က ကြားဝင်ပြီး ဖိုးချိုကို အသာဆွဲထူသည်။

"မဟုတ်ဘူးရဲထိုက်၊ သူငယ်ချင်းချင်း ဒီကောင် ဒီလို စကားမျိုး ပြောရမလား၊ တောက်... ငါဒီထက် စိတ်ဆိုးလာရင် မင်းကို ဆွဲထိုးမိမယ် ဖိုးချို"

"ထိုးလေကွာ၊ ထိုးပါကွ"

သူဆွဲထားသည့် ကြားမှ ဖိုးချိုက ခေါင်းထိုးပေးသည်။ သည်လိုဆိုတော့လည်း အာကာက မထိုး။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို တယမ်းယမ်း လုပ်ပြီး မျက်နှာကို လွှဲသည်။

"ငါ့ရင်ထဲမှာ ဘယ်လိုမီးတောက်တွေတောက်လောင်နေတယ်ဆိုတာ မင်းတို့မသိဘူး၊ မင်းတို့နဲ့တွေ့လို့ ရယ်ရယ်မောမောပြောဆိုနေပေမဲ့ ငါ့ရင်ထဲမှာ ပျော်နေတယ်လို့ မင်းတို့ ထင်နေကြသလားကွ၊ ဒီမယ် အာကာ ထိုးပါကွ၊ ငါ့ကို အသေအကြေ ဆွဲထိုးပစ် လိုက်စမ်းပါ"

ပြောရင်း ဖိုးချိုမျက်ဝန်းမှ မျက်ရည်စများ ပါးပြင်ပေါ်သို့ လိမ့်ကျလာသည်။ နားလည်ခက်စွာ သူနှင့် အာကာ ဖိုးချိုကို ကြည့်မိသည်။

အခြေအနေသည် ဘာမှန်းမသိ။

ဖိုးချိုကလည်း ထုတ်ဖော်ပြောဆိုခြင်းမရှိ။

သူငယ်ချင်းသုံးယောက် အချိန်ကြာမြင့်စွာ စကား မဆိုနိုင်ရှိနေကြသည်ကို သူ့ရင်မှာ ထိခိုက်ကြေကွဲမိပါ၏။

☆☆☆



## [၁၇]

"တကယ် မုန်းဖို့ကောင်းတဲ့လူကြီး၊ ကိုယ်ဖြင့်တစ်စက်လေးမှကို ကြည့်လို့မရဘူး မေဦး၊ မနေ့ကလည်း ကိုယ် ရေရေလည်လည် ပြောပစ်လိုက်တယ်"

"ဘာဖြစ်လို့လဲ"

"ကိုယ်ဝတ္ထုဖတ်နေတာ မြင်ရဲ့သားနဲ့ ရည်းစားစာဖတ်နေတာလားတဲ့၊ မုန်းလိုက်တာကွာ၊ ဒုကယ်ပဲ"

"အေးလေ၊ အဲဒီကိုကျော်မိုးဆိုတဲ့ လူကြီးကလည်း ပိုင်စိုးပိုင်နင်းနဲ့၊ နန္ဒီ ပြောပစ်တော့ ဘာမှ ပြန်မပြောဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတော့ တကယ်ပီသတယ်ကွ၊ မျက်နှာပြောင်လိုက်သမှ သွားသုံးဆယ့်နှစ်ချောင်းပေါ်ရောပဲ"

မေဦးက ရယ်ရင်း လက်ဖက်ပန်းကန်ထဲ ဒုံးခြောက်ကို ခြွေထည့်သည်။

"သူလာရင် ကိုယ်က မျက်နှာကို ရှုပုက်ထားတာ၊ အဲဒါကို ဘာပြောတယ် မှတ်သလဲ၊ မျက်နှာလှလှလေးကို ရှုပုတ် မထားနဲ့တဲ့၊ အကြောတွေဆိုင်းပြီး အရုပ်ဆိုးသွားမယ်တဲ့၊ လူကို ပင့်သလိုလုပ်ပြီး ကဝ်ချင်သေးတာ၊ တကယ့် မုန်းစရာကြီး"

သည်အဖြစ်တွေကလည်း ဖေဖေနဲ့မေမေ အခွင့်ရေးပေးလွန်း၍ ဖြစ်ပေါ်လာရသည်ကို နန္ဒီသိပါ၏။

"တစ်နေ့ကများကွာ၊ ကိုယ်ဖြင့် နားရင်းကြီးကို အချက်ကိုးဆယ်တိတိ ကျင်းပစ်လိုက်ချင်တာမှ အရမ်းပဲ"

"ဘာဖြစ်လို့"

"အဲဒီနေ့က ဖေဖေ မရှိဘူးကွာ၊ မေမေကလည်း နေမကောင်းလို့ အိပ်ခန်းထဲခွေနေတာ၊ အိမ်ကိုလာတယ်၊ အိမ်ရှင် မအားလပ် ပြန်ပေါ့ကွာ၊ ခုတော့ အဲဒီလို

ချစ်ခွင့် ☆ ၂၀၉

မဟုတ်ဘူး၊ မေမေကို ထမင်းဆာတယ်လို့ အော်ပြောတယ်၊ မေမေက ကိုယ့်ကိုခူးခပ်ပြီး ကျွေးခိုင်းတာပေါ့၊ ကိုယ်မေမေ့စကားကို မလွန်ဆန်ပါဘူး၊ အိမ်ရှင်ဝတ္တရားအတိုင်း ခူးခပ်ကျွေးပါတယ်၊ အဲဒါ ချက်တဲ့ဟင်းကို ဘယ်ဟာက ပေါ့တယ်၊ ဘယ်ဟင်းက နည်းနည်းငံတယ်နဲ့ကွာ"

"အံမယ်...အံမယ် လူပါးကြီးဝလိုက်တာဟယ်"

"လူပါးဝတာမှ ကမ္ဘာနဲ့ချီပြီးဝတာ မေဦးရ၊ ကိုယ်ကလည်း ဘယ်ရမလဲ၊ ပြောပစ်တာပေါ့၊ ရှင်အပြင်မှာ ဝယ်စားတဲ့ ထမင်းဟင်းထက်တော့ ဆယ်ဆသာတယ်၊ မစားချင်ရင် ဆက်မစားနဲ့ ပေါ့သလေး ငံသလေး လုပ်မနေနဲ့လို့ ဟောက်ပစ်လိုက်တာ"

မေဦးက စကားဖြတ်ပြီး...

"နာသွားရောလား"

"ဝေးပါ့ကွာ၊ မျက်နှာစပ်ဖြဲဖြဲနဲ့၊ လူကြီးပီပီ တကယ့်ကို မျက်နှာပြောင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး နှစ်ယောက်သားရယ်ကြ၏။

စကားဝိုင်းက နှစ်ယောက်တည်းနှင့်အကြောင်းက လင်သည်။ မေဦး ပြောသည်ထက် မိမိပြောသည့် စကားတွေ ပိုများသည်။ သည်နေ့အကြောင်းရာမှာတော့ ကိုကျော်မိုး ပစ်မှတ်ပါပဲ၊ ဒါကို မပျင်းမရိ နားထောင်တတ်တာက မေဦး အရည်အချင်းတစ်ခု။

စကားပြောရင်း နန္ဒီက လက်မှနာရီကို တကြည့်ကြည့် လုပ်တော့ မေဦးက...

"နာရီ တကြည့်ကြည့်နဲ့ သွားစရာရှိလို့လား"

"ကိုထိုက်နဲ့ချိန်းထားတယ်"

"ဘယ်သွားမလို့လဲ"

"ပစ်ချာကြည့်မယ်၊ သမ္မတကကား မေဦး ကြည့်ပြီး ပြီလား"

မေဦးက ခေါင်းခါသည်။

"လိုက်ခဲ့လေ"





"ဝင့်လိုက်မှာ ကြောက်ပါတယ်ကွာ၊ မလိုက်တော့ ပါဘူး၊ ဒါနဲ့ နန္ဒီကားလည်း မပါဘူး"

"တက္ကစီးငှားသွားမယ်၊ ကိုထိုက်က ဟိုမှာစောင့်နေမှာ"

"အိမ်ကကားနဲ့ လိုက်ပို့မယ်လေ"

"နေပါစေ မေဦး၊ ကိုထိုက်ကိုချစ်မိမှ ခုဆိုအငှားကား လည်းစီးဖူးတယ်၊ ဘတ်စ်ကားလည်း တိုးစီးဖူးတယ်၊ ပျော်တော့ ပျော်စရာပဲကွ"

မေဦးက လမ်းထိပ်ထိ လိုက်ပို့သည်။

တက္ကစီ စောင့်နေတုန်းမှာ မေဦးက...

"နန္ဒီ"

"ဘာလဲ မေဦး"

"ကိုကျော်မိုး ထိကပါး ရိကပါး လုပ်တာတွေကို ကိုရဲ ထိုက်ကို ပြန်မပြောဘူးလား"

"အမလေး... မပြောပြရဲပါဘူး မေဦးရာ၊ ကိုထိုက်က စိတ်ဆတ်ဆတ်နဲ့ တော်ကြာပြဿနာတွေ လျှောက် တက်ကုန်မယ်"

"ကိုယ်တော့ တစ်ခုတွေးထားမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"နန္ဒီ ဖေဖေနဲ့မေမေက နန္ဒီနဲ့ကိုကျော်မိုးကို သဘောတူ

နေလား မသိဘူး"

"ဆောရီးပဲ၊ ကိုယ် မပြတ်နိုးတဲ့ လူနဲ့ဘာညာ လာလုပ်

လို့ကတော့ နန္ဒီတို့က မခံရေးချ မခံပဲ"

အဝေးမှ တက္ကစီ တစ်စင်းမောင်းနှင်လာသည်ကို မြင်

သည်။

"မိဘဆိုတဲ့ အရှိန်အဝါကြီးကို ဖိသုံးရင်ကော"

"ဖေဖေနဲ့မေမေပဲ ယူလိုက်လို့ ပြောလိုက်မယ်"

"ဟယ်... နန္ဒီကလဲ"

မလှမ်းမကမ်းသို့ ရောက်လာသည့် အငှားကားယဉ်ကို

လက်ပြတားလိုက်သည်။ အနားမှာ ကားက ရပ်လာ၏။

"သမ္မတကို"

ပြောပြီး နန္ဒီကားပေါ်တက်သည်။

ကားဘီးအလိမ့်မှာ နန္ဒီက မေဦးကို လက်ပြရင်း 'အိမ်

လာဦး' ဟု လှမ်းပြောသည်ကို မေဦးက ခေါင်းညိတ်ပြပါ၏။

☆☆☆



အရိပ်အရောင်ကို မတွေ့ရ။

ဟိုဟိုသည်သည် မျက်လုံးကို ရွေ့လျားမိသေး၏။

"အင်း... ငါရောက်တာ စောများနေလား မသိဘူး"

လက်မှ နာရီကို ငုံ့ကြည့်တော့ တစ်ကယ်ကို စောနေ

သေးသည်။

"အအေး တစ်ခွက် သွားသောက်ရင် ကောင်းမလား

မသိဘူး၊ အို...နေရာမှာ ရပ်နေတာပဲ ကောင်းပါတယ်၊

တော်ကြာရောက်လာလို့ မတွေ့ရင် ဒေါသကုမ္ဘရက

စိတ်တိုနေအုံးမယ်"

နန္ဒီစိတ်ကို ဆုံးဖြတ်ချက်ချပြီး ခပ်လျှော့လျှော့လေး

အရပ်။ အကြည့်ကို လမ်းမဘက်သို့ ပို့ထားဆဲမှာ...

"ဟိတ်... ကောင်မလေး"

"အမလေး ပလုတ်တုတ်တုတ်"

ထိတ်ထိတ်လန့်လန့်နှင့် နောက်သို့ လှည့်အကြည့်မှာ

ကိုကျော်မိုးကို ရယ်လျက် တွေ့ရ၏။ သူ့လက်ထဲမှာလည်း

ဖိုင်တစ်ခု ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တောင်ပဲ လန့်သွားရသလား နန္ဒီရဲ့၊ ကဲ– ဆိုစမ်း တစ်ယောက်ထဲ ဘာ ရုပ်လုပ်နေတာလဲ"

"ရုပ်ရှင်ကြည့်မလို့"

နန္ဒီ့အသံက သံပြတ်။

စိတ်မှာလည်း ကျေနပ်ခြင်းက လုံးဝ မရှိ၊ ပလုတ်တုတ်တုတ် ဆိုသည့်အယောင်ကြောင့် နဘေးမှ လူအချို့၏ ရယ်သံအုပ် အုပ်ကို တအား ရှက်နေမိ၏။

"နောက်ဆို အဲဒီလို နောက်ကနေ လူကို ထိလား ဘာလား မလုပ်ပါနဲ့၊ ကျွန်မ ယောင်တတ်တယ်"

"မသိလို့ ဖြစ်တဲ့ကိစ္စကွာ၊ အစ်ကိုတောင်းပန်ပါတယ်၊ အစ်ကိုက နန္ဒီ ယောင်တတ်တာ မသိလို့ပါ"

"မွေးကတည်းက ယောင်တတ်တယ်"

မျက်နှာကို မှုန်ထားသည်။

ကိုကျော်မိုးနှင့်စကားပြောနေစဉ် ရဲထိုက် ရောက်လာ ခဲ့သည်ကိုလည်း စိတ်က ပူပန်မှု ကြီးနေ၏။





သူ့မျှား စေ့စေ့ကြည့် သည်ကိုပင် မကျေနပ်တတ်သော ဆိုက်သည် ယခုလိုပုံစံကြီးကို ဘယ်လိုမှ လက်ခံလိမ့်မည် မဟုတ်။ နန္ဒီက ကိုကျော်မိုး အနားမှခွာရန် ခြေကို တစ်လှမ်း ရွှေ့ကာ ဆက်အဆုတ်တွင်...

"ကဲ...ဒါတွေထားပါ၊ နန္ဒီ ရုပ်ရှင်ကြည့်မလို့မဟုတ်လား၊ အတော်ပဲ အစ်ကို့သူငယ်ချင်းတစ်ယောက်နဲ့ ရုပ်ရှင် ကြည့်မယ်ဆိုပြီး လက်မှတ်နှစ်စောင် ဝယ်ထားတာ သူငယ်ချင်းက မကြည့်ဖြစ်ဘူးဆိုပြီး ဖုန်းလှမ်းဆက်တယ် လေ၊ နန္ဒီနဲ့တွေ့တော့လက်မှတ်မဆုံးတော့ဘူးပေါ့"

"ဟာ... ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့လဲ"

"ကျွန်မ တစ်ယောက်ထဲ မဟုတ်ဘူး"

"သူငယ်ချင်းပါလာလို့လား၊ လက်မှတ်တစ်စောင်ထပ် ဝယ်တာပေါ့၊ ရုံထဲကျမှ နေရာပြန်ချိန်းလဲရတာပဲဟာ"

"ပြဿနာပါပဲလား၊ ခုရောက်လာမှာက သူငယ်ချင်း မဟုတ်ဘူးရှင့်၊ ကျွန်မအမျိုးသား ဆိုတာကိုအော ကိုကျော်မိုး သိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မိုး အံ့အားတသင့် ဖြစ်သွား၏။

ပြီးမှ ကိုယ်ကို ခပ်မတ်မတ်လုပ်ပြီး…

"ဘယ်လို…မင်း ဘယ်လို ပြောလိုက်တယ်"

"ကျွန်မအမျိုးသားနဲ့ ရုပ်ရှင်ကြည့်မလို့ စောင့်နေတာ၊ အမျိုးသားဆိုတာကို ပိုပြီး ကွဲပြားအောင် ပြောပြဦးမယ်၊ ကျွန်မရဲ့ ချစ်သူကိုပြောတာရှင့်၊ ချစ်သူကို ပြောတာ၊ သူ့နာမည်က ကိုရဲထိုက်တဲ့"

မျက်နှာမှာ ရှက်ရိပ်တွေထင်သွားသော်လည်း ကိုကျော်မိုးကတော့ စကားကို မင်သေသေနှင့် ဆက်ပြောသည်။

"အန်ကယ်တို့ အန်တီတို့ ခွင့်ပြုချက်မရဘဲနဲ့ မင်း ဒီလို တစ်ယောက်ထဲ လျှောက် မသွားသင့်ဘူး"

"အဲဒါက ကျွန်မ ကိုယ်ရေးကိစ္စပါ ဦးကျော်မိုးရယ်၊ ခုလတ်တလော တောင်းပန်ချင်တာက ဦးကျော်မိုး ကျွန်မ အနားက ထွက်သွားပေးပါ"

"ဘယ်ဖြစ်မလဲ၊ ငါ့မှာ တာဝန်ရှိတယ်"

"တာဝန်ဟုတ်လား၊ ဘာတာဝန်လဲ"



နန္ဒီ့ရင်မှာ ထိတ်ကနဲ ဖြစ်သွားသည်။

သည်စကားနှင့်သည်အသံသည် နန္ဒီ့နှုတ်ဖျားမှ ထွက်ပေါ်လာသည့် စကားသံမဟုတ်။

အသံလာရာသို့ နန္ဒီနှင့်ကိုကျော်မိုး ပြိုင်တူလို လှည့်ကြည့်သည်။

"ဟင်…ကိုထိုက်"

မျက်နှာထား ဘယ်လိုမှ ပျော့ပြောင်းမှုရှိမည်မဟုတ်သည်ကို နန္ဒီသိပြီးသား။

နန္ဒီက ခပ်သွက်သွက်ကလေးလှုပ်ရှားလိုက်ပြီး ရဲထိုက်လက်မောင်းကို ပြေးဖက်တွယ်လိုက်၏။

"သူဘယ်သူလဲ နန္ဒီ"

"မသိဘူး ကိုသိုက်"

ကိုကျော်မိုး မျက်လုံးပြူးသွားသည်။

"နန္ဒီ့ကို ပြောနေတဲ့ တာဝန်ဆိုတဲ့ စကားက ဘာစကားလဲ၊ ဘာနဲ့ပတ်သက်နေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မ...မဟုတ်ပါဘူးကိုထိုက်၊ နန္ဒီက ငှက်ပျောသီး စားပြီး လမ်းပေါ်လွှင့်ပစ်တာ၊ အဲဒါကို စည်းကမ်းမဲ့ တယ်၊ တာဝန်မဲ့တယ်ဆိုပြီး ဒီလူကြီး အကြောင်း ကြောင်း လာပြောနေတာ၊ လာ ကိုထိုက် ရုပ်ရှင်ပြ တော့မယ်၊ နန္ဒီကိုထိုက်ကို စောင့်နေတာ ကြာလှပြီ သိလား"

ပြဿနာ ရှည်လျားမည်ကို နန္ဒီကြောက်သည်။

သို့ကြောင့် ရဲထိုက်ကို ဆွဲခေါ်သည်။ ရဲထိုက်က မကျေမနပ်ဖြင့် နောက်ပြန်လှည့်ကြည့်ပြီး...

"ခင်ဗျားက စည်ပင်သာယာကလား၊ တာဝန်မဲ့တယ် လို့ထင်ရင် လွှယ်ပါတယ်ဗျာ၊ ငှက်ပျောခွံကို ခင်ဗျား ကောက်သိမ်းထားလိုက်ပေါ့၊ နိုင်ငံတော်က အမှိုက် သိမ်းဖို့ ခင်ဗျားကို လခ ပေးထားတာပဲဟာ"

ရုံထဲ ရောက်သည်ထိ နန္ဒီ့ရင်မှ စုန်လှုပ်မှုတွေ ငြိမ်သက်ခြင်းမရှိ။ ရဲထိုက် စကားကြောင့် မကျေမနပ် ဖြစ်နေသည့် ဦးကျော်မိုး အသွင်သဏ္ဌာန်။





အတွေးတွေပို၍ မြင့်တက်လာ၏။

ပြဿနာသည် သည်မျှနှင့် ပြီးစီးသွားနိုင်မည်တဲ့လား။

ကိုကျော်မိုးက ဒီအကြောင်းတရားကို ဖေဖေနှင့်မေမေထံ သယ်ဆောင် မသွားဘဲ နေမလား။

သြော်... ရုပ်ရှင်ထဲက မင်းသားလို ကိုထိုက်နမ်းတဲ့ အနမ်းတွေကို နန္ဒီ ရင်ခုန်နိုင်စွမ်းမရှိတော့ပါဘူး။

အတွေးမှာ ဖေဖေနှင့်မေမေ့ မျက်နှာကိုသာ ပြေးမြင်သည်။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

## [၁၈]

"အမေ ဆိုင် မထွက်တော့ နှင်တစ်ယောက်ထဲ ဖျင်း
နေပြီပေါ့၊ ဟုတ်လား ဝိုင်းကြည်"

ဝိုင်းကြည်က ပြုံးသည်။

သူက ဖင်ထိုင်ခုံအသေးလေးကို ဆွဲယူပြီး ဝိုင်းကြည် နံဘေးမှာ ဝင်ထိုင်သည်။ ဈေးက လူမကွဲသေးသော်လည်း လူပါးစပြုသည်။

"ဒီနေ့ နှင်ဈေးရောင်းကောင်းရဲ့လား"

"ပုံမှန်ပဲ ကိုထိုက်၊ အမြတ်မရှိဘဲနဲ့တော့ ဘယ်ဈေး
ရောင်းမလဲ"





"အေးပေါ့ဟာ၊ အမြတ်မရှိဘဲနဲ့တော့ အိမ်မှာထိုင်နေ
တော့မှာပေါ့"

"ကိုထိုက် မွေးမြူရေးက အရမ်းအောင်မြင်တယ်နော်၊ ခြံကိုတိုးချဲ့တယ်လို့ ကြီးဒေါ်ပြောတယ်၊ ဦးလေးအောင်ဖြိုးလည်း အရမ်း လီမွှာသွားပြီတဲ့"

"ဆိုပါတော့ဟာ၊ အမေကတော့ သူ့ယောကျ်ား အရက်ပြတ်သွားတာကို သိပ် သဘောကျနေတာ၊ ဒါနဲ့ ငါ မေးပါရစေအုံး၊ အရင်က နှင်တို့နဲ့ ဆိုင်ချင်းကပ် ဈေးရောင်းနေတဲ့ အမျိုးသမီးကို မမြင်တော့ပါလား"

"ဘယ်သူလဲ"

"မျက်ကြောဆွဲနေတဲ့ ရှောင်မလေးဟာ"

"သြော်... ကြည်ကြည်အုံးလား၊ သူ့ယောကျ်ားနယ်ပြောင်းလို့ လိုက်သွားပြီ ဘာဖြစ်လို့လဲ"

"မဟုတ်ပါဘူး၊ မတွေ့လို့ မေးကြည့်တာ၊ သူရောက်ခါစက သူ မျက်ကြောလိုက်နေတာကို ငါက ဘယ်သိ



www.burmeseclassic.com

www.burmeseclassic.com



မလဲဟာ၊ ငါ့ကို မျက်စိမှိတ်ပြတယ်ထင်ပြီး ငါ ကိုယ်ငါ

စွဲလှချည်ရဲ့ အောက်မေ့နေတာ၊ နောက်မှဟာ..."

ပြောပြီးသူက ဦးဆောင်ရယ်ပေ့ာ ဝိုင်းကြည်ကပါ လိုက်

ရယ်၏။

"နင် ဆိုင်သိမ်းကြာဦးမှာလား ဝိုင်းကြည်"

"ခု သိမ်းတော့မှာ၊ ကိုထိုက်ပြန်မယ် မဟုတ်လား

ဝိုင်းကြည်ပါ လိုက်ခဲ့မယ်"

ဆိုင်ကိုသိမ်းသည်။

ဆိုင်သိမ်းရင်းမှ..

"သွားစရာရှိသေးလို့လား"

"ပြီးခဲ့ပါပြီ၊ လမ်းကြုံတာနဲ့ နင့်ဆီဝင်ထိုင်တာ"

ဆိုင်ကို ကူသိမ်း မပေးဖြစ်သော်လည်း ဝိုင်းကြည်၏

လှုပ်ရှားမှုများကို သူထိုင်ကြည့်နေသည်။

တစ်ချက်တစ်ချက် ဝိုင်းကြည်၏ညှိုးလျော်သွားသည့်

မျက်နှာကိုလည်း သူ သတိပြုမိ၏။





ဖိုးချို့နဲ့ဝိုင်းကြည် စကား များထားပြန်ပြီတင်တယ်ဆို

သည့် အတွေးလည်း ဝင်သည်။

ခြင်းတောင်းများကို အဆင့်ဆင့်ထပ်ပြီး ဂုန်နီအိတ်ဖျင်

နှင့်လွှမ်းသည်။ အနီးအပါးမှ အမှိုက်စများကို သိမ်းဆည်းခြင်း

ဖြင့် ဆိုင်သိမ်းခြင်းအလုပ် ပြီးစီး၏။

"သွားကြမယ် ကိုထိုက်"

သူက ဝိုင်းကြည်လက်ထဲမှ ပလတ်စတစ်ခြင်းကို လှမ်း

ဆွဲယူပြီး...

"ဖိုးချို မလာဘူးလား"

"လာတစ်ချက် မလာတစ်ချက်ပဲ"

"နင်တို့ နှစ်ယောက် စကားများကြပြန်ပြီ ထင်တယ်"

ဝိုင်းကြည်၏ နှုတ်ခမ်းကလေး တွန့်လှုပ်သွားသော်

လည်း စကားသံထွက်မလာ၊ ဈေးမှ အထွက်တွင် ဝိုင်းကြည်

ဝင့်သက်တချချ ဖြစ်သည်ကိုတော့ သူသတိပြုမိ၏။

"နင်ဘာဖြစ်နေတာလဲ ဝိုင်းကြည်"

မျက်ရည်ဝဲရစ်နေသည်ကိုလည်းအံ့အားသင့်စွာတွေ့သည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ နှင်ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး"

"နှင်ကလဲ မပွင့်မလင်းနဲ့ဟာ၊ ဖိုးချို့နဲ့စကားများထားတယ်ဆိုရင်တော့ နှင့်ခေါင်းထဲမှာ ဘာမှထည့်မထားနဲ့၊ ဒီကောင်က ပေါတောတောနဲ့ပါ ဝိုင်းကြည်ရာ၊နှင့်အပေါ် သူ တကယ်မြတ်နိုးတယ် ဆိုတာကို ငါကောအာကာပါ သိတယ်"

ပြုံးသော်လည်း ဝိုင်းကြည် အပြုံးက လတ်ဆတ်မှုမရှိ။

"ကိုထိုက်ကို ပြောချင်တဲ့ စကားတွေ ရင်ထဲမှာ အများကြီးပဲ သိလား"

"ပြောလေဟာ၊ တို့တွေက မောင်နှမတွေပဲဟာ၊ ငါ့ကိုမှ မပြောရင် နှင်ဘယ်သူ့ကို သွားပြောမှာလဲ"

ကားလမ်းမကို ဖြတ်ကူးသည်။

"ပြောရမှာကို ဝိုင်းကြည် အရမ်း ရှက်နေတယ်"

"နှင်ပြောမယ့်စကားက ရှက်ဖို့ကောင်းတဲ့အကြောင်းတာရားတွေပါနေလို့လားဟ"





"ပါတယ် ကိုထိုက်"

"အင်း...စဉ်းတော့ စဉ်းစားစရာပဲ၊ ဧကန္တ ဖိုးချိုက နှင့်ကို ရုပ်ရှင်ရုံချိန်းပြီး ရုံထဲမှာ ဖက်နမ်းလိုက်ပြီထင်တယ်"

"အို...မဟုတ်တာ"

ရယ်သော်လည်း အရယ်က ခြောက်သွေ့နေသည်။

"ဒါဖြင့် ဖိုးချိုက နှင့်ကို အတူနေချင်ပြီလို့ ပြောနေလို့လား"

"အဲဒီလို မပြောလို့ ခက်နေတာပေါ့ ကိုထိုက်ရဲ့"

နှစ်ယောက်အတူ ယှဉ်လျှောက်နေသော်လည်း အတွေးက ထွေပြားစပြုလာ၏။ လမ်းထိပ်ရောက်တော့ သူက ဝိုင်းကြည်ကို လှမ်းကြည့်သည်။ အောက်နှုတ်ခမ်းကို ခပ်ပိပိလေးကိုက်ထား၏။

"နှင့်ဟာက ဘာလဲဟ"

"မပြောချင်တော့ဘူးလေ၊ ကံအကြောင်းတရားပဲလို့ မှတ်လိုက်ပါ့မယ်"

"နှင့်စကားတွေကို ငါ သိပ်စိတ်မရှည်ချင်ဘူးဝိုင်းကြည်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း...ဟင်း...ကိုထိုက်ကလည်း ဝိုင်းကြည်ပျင်းလို့ ပြောချင်ရာ လျှောက်ပြောနေတာပါ"

"နင်ရှူးများ နေသလား ဝိုင်းကြည်"

အိမ်ရှေ့ရောက်သောအခါ ဝိုင်းကြည်က သူ့လက်ထဲမှ ခြင်းကိုဆွဲယူပြီး...

"ကိုထိုက်၊ ဝိုင်းကြည်ပြောတာတွေကို ဘာမှ ခေါင်းစား မနေနဲ့၊ ပဟေဠိဆန်ဆန် ပြောလိုက်ရင် ကိုထိုက် ဘာတွေ တွေးမယ်ဆိုတာ သိချင်လို့ ပြောလိုက်တာ ရယ်ရတယ်နော်၊ ကိုထိုက်ပြောသလို ဝိုင်းကြည်ရှူး များနေသလား မသိဘူး"

အကြောင်းအရာ သည့်မျှနှင့် ပြီးသွားသော်လည်း သူ့ ခေါင်းထဲမှာ စဉ်းစားစရာတွေ ကျန်ခဲ့သည်ကို ဝိုင်းကြည် သိချင်မှ သိပါမည်။

☆☆☆



[၁၉]

"အတွယ်အတာ မရှာဘဲ တစ်ကိုယ်တည်း နေရတာ တကယ် စိတ်ချမ်းသာတယ်ကွာ၊ ငါတော့ မင်းနဲ့ ဖိုးချို ကို ကြည့်ပြီး အတော်ကို စိတ်မချမ်းသာ ဖြစ်ပါတယ်"

"တို့က ဘာတွေဖြစ်နေလို့လဲ"

မှာထားသည့် လက်ဖက်ရည်နှစ်ခွက်က ခုမှ ရောက်လာ၏။

"ဖိုးချိုဆိုလည်း မိန်းမတစ်ယောက်ရဖို့ ပူရပင်ရ မင်းဆိုလည်း မိန်းမယူဖို့ ကြိုးစားလိုက်ရနဲ့၊ လူပိုကြီး လုပ်မယ်ဆိုတဲ့ ငါရဲ့ ဆုံးဖြတ်ချက်ကတော့ တကယ့်ကို ခိုင်မာသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လောက်၏။

အာကာက သူငယ်ချင်းတွေနှင့် လက်ပွန်းတတီးနေသော်လည်း နှလုံးသားကိစ္စနှင့် ပတ်သက်ခြင်း လုံးဝမရှိ။ ပိတောက်ပင်အောက်က ပိတောက်ရိပ်လက်ဖက်ရည်ဆိုင်လေးမှာ ထိုင်ရတာ ငါ့ဘဝပဲဟု အာကာက သူ့ကို ပြောဘူးသည်။

"နောက်ပြီး အချစ်အတွက် အချိန်ပေးရတာကို ငါက စိတ် မရှည်တတ်ဘူး"

"ငါလည်း အစက မင်းလိုပါပဲ အာကာရာ၊ ဒါပေမဲ့ အချစ်နဲ့တွေ့တဲ့ အချိန်ကစပြီး ငါ့ဘဝ အဓိပ္ပါယ်ရှိ သွားတာကိုတော့ ငြင်းကွယ်လို့ မရဘူး"

"မင်းပြောသလိုဆို အချစ်မရှိတဲ့ကောင်တွေရဲ့ဘဝဟာ အဓိပ္ပါယ်မဲ့သလို ဖြစ်နေပြီပေါ့"

"အမှန်ပဲ"

"တော်စမ်းပါကွာ၊ မင်းတို့ကိုကြည့်ပြီး စိတ်မောလွန်းလို့ပါ၊ ဘုရားလိုက်ပို့ရတာနဲ့ ရုပ်ရှင်လိုက်ပြရတာနဲ့၊ ငါဆို ကြည့်စမ်း ဘယ်လောက်တာဝန်တွေ ငြိမ်းသလဲ"





ပြန်ပြောစရာ စကားမရှိ။

ငြိမ်သက်စွာ နားထောင်ပြီး အာကာပြောသမျှကိုထောက်ခံသလို လုပ်နေရ၏။

"အေးလေ အပြစ်လည်း မပြောချင်ပါဘူး၊ သဘာဝတရားကိုက အချစ်ကို ဖန်တီးပေးထားတာကို"

ဒီကောင်စကားကို ပြန်လျှော့သွားပြန်၏။

အတိုက်အခံသာ လုပ်ကြည့်...

ကြားဖူးသမျှ စကားလုံးတွေနှင့် အာကာထုတော့မည်ကို ရဲထိုက်ကလည်း ကြိုတင်သိသည်။

ရဲထိုက်က မျက်နှာကို ပြုံးယောင်ယောင်ပြုပြီး လက်ဖက်ရည်ပန်းကန်ကို မ,ယူ၍ တစ်ကျိုက်မော့သောက်သည်။

အာကာက စီးကရက်ခွက်ထဲမှ လန်ဒန်တစ်လိပ်နှိုက်အယူတွင်....

"အစ်ကိုရဲထိုက်... အစ်ကိုရဲထိုက်"

ခေါ်သံနှင့်အတူ ထံပါးရောက်လာသည့် လမ်းထဲက ချာတိတ်ကလေး လုံးပု၊ အာကာ လုံးပုကို မှင်သက်စွာကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူက...

"ဘာလဲ လုံးပု၊ ဘာဖြစ်လာတာလဲ"

"အစ်ကို့အမေ"

"ဘာ ငါ့အမေဟုတ်လား၊ ဘာဖြစ်လဲ...ဘာဖြစ်လဲ"

ထိုင်ရာမှ ဝုန်းကနဲထသည်။

လုံးပုက မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့်...

"မ...မဟုတ်ဘူးအစ်ကို၊ အစ်ကို့အမေ မဟုတ်ဘူး အစ်ကို့ အဖေ ဘကြီးအောင်ဖြိုး လေဖြတ်ပြီး ဆုံးသွားလို့ဗျ"

"ဟင်"

ရင်မှာဟာသွားသည်။

ရစ်တွယ်စပြုထားသော သံယောဇဉ်က ရင်ကို ထိနိုက်မှုများ ပေးလာသည်။

သူနှင့်အာကာ တွေဝေမနေနိုင်တော့။

လက်ဖက်ရည်ဖိုးကို အမြန်ရှင်းပေးပြီး အိမ်သို့အပြေးပြန်လာခဲ့သည်။





အိမ်ရောက်တော့....။

☆☆☆

"ဖြစ်ရလေ ဦးအောင်ဖြိုးရယ်"

သူ့နှုတ်မှ ကြေကွဲစွာ ပွင့်ထွက်လာသည်။

ဦးအောင်ဖြိုး၏ ရုပ်အလောင်းဘေးဝယ် အမေသည် မျက်ရည်စက်များစွာဖြင့် ထိုင်နေ၏။ အိမ်နီးချင်း ခြံနီးချင်းမှ အသိမိတ်ဆွေများ တဖွဲဖွဲ ရောက်လာသည်။

"သြော်..လူကောင်းသူကောင်းဖြစ်မှ သူ့ခများ သူ့လောကကို စွန့်ခွာသွားရ ရှာတယ်ကွယ်၊ အင်း... သေရည်အရက်... သေရည်အရက်၊ မကောင်းမှန်းသိလို့ ဖြတ်လိုက်ပြန်တော့လည်း ထွက်ခတ်ခတ်ပြီး အသက်ကိုပါ ယူသွားတယ်"

တစ်ဘက်ခြံမှ ဘကြီးဦးမျိုးက ဆွေးဆွေးမြည့်မြည့် ပြောသည်။ အာကာက အနီးဝန်းကျင်မှ လူငယ်များကို ဦးဆောင်ပြီး အသုဘ အိမ်တစ်အိမ်၏ လုပ်ဆောင်ရမည့် အလှူကဏ္ဍများကို ချက်ချင်း စီစဉ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်က အကောင်းကြီးပါ ဘကြီးမျိုးရယ်၊ ကြက်ခြံရှင်းတော့ ငါနေရထိုင်ရတာ မပေါ့ပါးသလိုပဲလို့တော့ပြောတယ်၊ နေ့ခင်းကျတော့ မောတယ်ဟယ် ဆိုပြီး ကွပ်ပျစ်မှာ လှဲနေသေးတာ"

"ဆရာဝန်က ဘာပြောလဲ"

"နှလုံး လေရိုက်တယ်လို့ ပြောတယ်၊ ဆရာဝန် ရောက်လာတော့ အသက် မရှိတော့ဘူး"

အမေ့အသံသည် သူ့နားမှာ ဝေဝေဝါးဝါး သူက ဦးအောင်ဖြိုး ရုပ်အလောင်းကို မင်သက်စွာ ကြည့်နေဆဲ။

"သား"

အမေအနားသို့ ထလာသည်။

"နေ့ခင်းကလေ သူမောတယ်လို့ပြောပြီး ဖျာမှာလှဲရင်း ရဲထိုက် ငါ့ကို အဖေလို့ ဘယ်တော့မှ ခေါ်မလဲ မသိဘူး မခင်မှုရယ်လို့ ပြောရှာသေးတယ် သားရယ်"

ဦးအောင်ဖြိုးနှင့်ပတ်သက်ပြီး ရင်ထဲမှာ ပထမဆုံး တစ်ကြိမ် ခံစားရသည့် ခံစားမှု။



ဝေသီလာသော မျက်ရည်များဖြင့် ဦးအောင်ဖြိုးကို ကြေကွဲစွာ ကြည့်မိသည်။

အသက်မဲ့သော ရုပ်ခန္ဓာ။

မျက်ရည်တစ်စက် ပါးပြင်ပေါ် လိမ့်ဆင်းလာသော အခါ အမေက သူ့ကို ကြေကွဲစွာ ကြည့်သည်။

"သားရယ်၊ အမေ့ရင်မှာ မချိလိုက်တာကွယ်"

အမေ့ရှိုက်သံ ပွင့်ထွက်လာ၏။

အမေသည် သည်သို့သောငိုခြင်းမျိုးကို ဘဝတွင် နှစ်ကြိမ် ဆုံဆည်းရခြင်း ဖြစ်ပါသည်။

အမေ့ကိုကြည့်ပြီး ရဲထိုက်ရင်မှာ မကောင်း။

ဘဝကံ အကြောင်းတရားက အမေ့ကို အထီးကျန်စေ လေရော့လားမသိ။

အိမ်ထောင်ရေး ကံခေလွန်းလှသော အမေ။

ရဲထိုက် အမေ့ပခုံးကို အသာဆုပ်ဖက်လိုက်သည်။



www.burmeseclassic.com


www.burmeseclassic.com



'ကံ...ကံ၏ အကျိုးတရား၊ အကြောင်းတရားအားလုံး ကို အမေက ကျွန်တော့်ထက်ကို ပိုသိမှာပါ အမေရယ်'ဟု ရင်ထဲက ပြောနေမိတော့သည်။

☆☆☆






www.burmeseclassic.com

www.burmeseclassic.com

[၂၀]

ဖေဖေ့အကြည့် မျက်နှာပေါ်ရောက်လာ၏။

သည်အကြည့်မှာ ပြောရန်စကားတွေ အများကြီး ရှိနေသည်ကို နန္ဒိသိသည်။ မေမေကတော့ အေးတိအေးစက် အကြည့်နှင့် စူးစမ်းမှု အနေထားမှာပဲ ရှိ၏။

ဖေဖေက 'သမီး'ဟု ခေါ်သောအခါ နန္ဒိက [illegible] မျက်လုံးချင်းဆိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးကို ဖေဖေတို့ ဘယ်လိုချစ်တယ်၊ ဘယ်လို အလိုလိုက်တယ်ဆိုတာကိုတော့ ဖေဖေအထူးပြောပြနေစရာ မလိုတော့ပါဘူး၊ အရာရာအားလုံးကို သမီး စိတ်ကြိုက် ဖြစ်စေခဲ့တာပဲ မဟုတ်လား"

ဖေဖေ စကားပလ္လင်ခံလာလျှင် အကြောင်းအရာ တစ်ခု ပါလာမည်ကို နန္ဒီသိသည်။

"ဖေဖေ ဘာပြောချင်တာလဲ"

ဖေဖေက မေမေ့ကို လှမ်းကြည့်သောအခါ မေမေက ခေါင်းကို ခပ်သာသာ ညိတ်ပြသည်။

ဘာတွေလဲ။

ဒီလို အကြောင်းရာပေါ်မှာတော့ နန္ဒီ စိတ်မရှည်ချင်။

"သမီးကို ဖေဖေနဲ့မေမေ မွေးထားတာ၊ ပြောချင်တာကို ပွင့်ပွင့်လင်းလင်းပြောပါဖေဖေ၊ ခုဖေဖေတို့ဟာက ဘာမှန်းမသိဘူး၊ စကားပြောဖို့အရေးကို ဖေဖေက မေမေ့ကို လှမ်းကြည့်လိုက်၊ မေမေက ခေါင်း ညိတ်ပြလိုက်နဲ့ ဘာမှန်းကိုမသိဘူး"





ဖေဖေနှင့်မေမေပြုံးသည်။

ပြုံးရင်းနှင့်ဖေဖေက...

"သမီး မငယ်တော့ဘူး"

နန္ဒီအော်၍သာ ရယ်ပစ်လိုက်ချင်တော့သည်။

မိမိကလည်း ဖေဖေနှင့်မေမေကို 'သမီးငယ်ပါသေးတယ်' ဆိုသည့် စကားကို တစ်ခါမျှ မပြောဘူးခဲ့။

"အင်းလေ ဖေ့ဖေ့ အမြင်ပဲဟာ၊ သမီးက ဖေဖေ့မျိုး ဘက်လိုက်တော့ အရပ်က ပေမီဒေါက်မီလေ"

"ဖေဖေပြောတာက ပေမီဒေါက်မီတာကို ပြောတာ မဟုတ်ဘူး၊ အသက်အရွယ်ကိုပြောတာ၊ အရွယ်ရောက်လာတဲ့ သားသမီးနဲ့ ပတ်သက်ပြီး မိဘတို့မှာ တာဝန်နဲ့ဝတ္တရားဆိုတာ ရှိလာရတယ် သမီးရဲ့"

နားလည်ထားသည့် အကြောင်းအရာသည် ရင်ကို ခိုင်မာစွာ ပူလောင်မှု ဖြစ်ပါ၏။ သည်စကားသည် မိမိမျှော်လင့် မထားသည့် စကားလည်း မဟုတ်ပါ။ ကိုထိုက်နှင့်ရုပ်ရှင် [illegible] ကြည့်ပြီး သုံးရက်မြောက်နေ့မှ အစပြု၍ ဖေဖေနှင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထား ပြောင်းလာသည်။ သည်ကတည်းက သည်လို
စကားမျိုးကို နန္ဒီ မျှော်လင့် ထားခဲ့ပြီးလည်း ဖြစ်၏။

"အဲဒီ အပိုင်းကဏ္ဍကို ထားအုံးလေ၊ မေမေ သမီးကို
မယ်၊ သမီးကလည်း စဉ်းစဉ်းစားစားနဲ့ မလိမ်မညာ
ဖြေပါ"

စကားတန့်ပြီး စီးကရက်တစ်လိပ်ကို ထုတ်ယူ မီးညှိ
သည်။ စီးကရက်ငွေ့များကို တချက်ရှိုက်ထုတ်ပြီး မေမေ
နန္ဒီ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်သည်။

"သမီးမှာ ချစ်သူရည်းစားရှိလား"

နန္ဒီက တုံ့ဆိုင်းခြင်းမရှိပဲ...

"ရှိတယ် မေမေ"

"ဟင်"

မုန်တိုင်းသည် ရုတ်ချည်းကျရောက်လာ၏။

စကားကို မဆက်တော့ဘဲ မေမေက ထိုင်ရာမှ ဝုန်း
ထသည်။ လက်ထဲမှ စီးကရက်ကို ကြမ်းခင်းပေါ်ပစ်ပေါက်
ပြီး အပေါ်ထပ်သို့ ခပ်ကြမ်းကြမ်း တက်သွားပါ၏။





နန္ဒီ ရင်ထဲမှာ မကောင်းနိုင်တော့။

အမုန်တရားသည် မိမိနှင့်မေမေ့ကြားမှာ ခါးသီးမှုကို
ဖြစ်ပေါ်စေပြီလား။

မေမေ သွားကို ထိတ်ထိတ်ပျာပျာ ကြည့်နေဆဲမှာ နန္ဒီ
အိပ်ခန်းထဲသို့ အပြေးကလေး ဝင်ခဲ့သည်။

အိပ်ရာပေါ်လှဲချရင်း နန္ဒီ့မျက်ဝန်းမှ မျက်ရည်ပေါက်
ကြီးများ တလိမ့်လိမ့် ကျဆင်းလာပါသည်။

☆☆☆

မေမေ ဝင်လာသည်ကို သိသည်။

ဖက်အုံးကို တင်းကျပ်စွာ ဖက်ထားရင်း မေမေ့ကို လှည့်
မကြည့်ဘဲ နေဖြစ်၏။

"သမီး"

ခေါ်သံနှင့်အတူ မေမေက သူမ၏ ဆံစလေးများကို
လက်နှင့်ပွတ်သပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မေးချင်တယ်၊ မေးချင်တာထက် သိချင်တာ ပေါ့ သမီးရယ်"

မေမေ့ မျက်နှာကို ဆတ်ကနဲ ကြည့်သည်။

"သမီးမှာ ချစ်သူရှိတယ်လို့ သမီးစောစောက ပြောခဲ့တယ်နော်"

"သမီး မလိမ်ပါဘူး"

"ဟုတ်ပါပြီလေ၊ သမီးချစ်သူ နာမည်က ဘယ်သူလဲ"

"ကိုရဲထိုက် မေမေ"

"မျိုးရိုးဇာတိ၊ အကျင့်စရိုက်တွေကိုတော့ သမီး လေ့လာထားမှာပေါ့"

မေမေက ခုတင်စောင်းမှာ ဝင်ထိုင်သည်။

"မျိုးရိုးဆိုတာ ဘာလဲ မေမေ၊ လူတစ်ယောက်ရဲ့ ပင်ကိုယ်စိတ်ဓါတ်နဲ့ မျိုးရိုးက ဆက်နွယ်နေလို့လား"

မေမေခေါင်းကို အသာယမ်းသည်။ ပြီးမှ...

"မေမေသိချင်တာ ပြောပါကွယ်၊ မေမေ့ကို သမီးရဲ့





သူငယ်ချင်းတစ်ယောက်လို သဘောထားပြီးပြောပါ၊ သူ့မိဘက ဘယ်သူလဲ"

နန္ဒီပင့်သက်ကို ခပ်ဖွဖွချသည်။

"ကိုရဲထိုက် အဖေက တပ်မတော်က မေမေ၊ မေမေတို့ ဖေဖေတို့ ဖြစ်စေချင်တဲ့ အဆင့်လောက်ကတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူ့အဖေက တိုင်းပြည်အတွက် အသက်ပေးလှူသွားပြီးပြီ"

"ဒါဖြင့် ကောင်လေးအမေက မုဆိုးမပေါ့"

"နောက်အိမ်ထောင် ထူထောင်တယ် မေမေ"

မေမေ့ထံမှ အသံထွက်မလာ။

"နောက်အိမ်ထောင်ကလည်း တလောကပဲ ဆုံး သွားတယ်၊ ဒီမယ် မေမေ၊ ကိုရဲထိုက်အမေ အိမ်ထောင် နှစ်ဆက်ကျခဲ့တယ်ဆိုတဲ့အတွေးမျိုးနဲ့ မေမေ သူတို့ မိသားစုကို အထင်သေးစိတ်ဝင်နေပြီလား"

"စဉ်းစားမိတာလေ၊ အဲဒီအကြောင်းအရာတွေကို သမီး ဖေဖေ လက်ခံနိုင်ပါမလား"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒီ အိပ်ရာမှ လူးလဲထလိုက်၏။

"အိမ်ထောင်နှစ်ဆက်ဆိုတာက ပထမ အိမ်ထောင်ကြီးရှိလျက်နဲ့ လော်မာပြီး နောက်အိမ်ထောင်ပြုတာ မဟုတ်ဘူး မေမေ၊ တစ်ပင်လဲလို့ တစ်ပင်ထူခွင့် မုဆိုးမမိန်းမတွေမှာ ရှိပါတယ်၊ ဒါပေမဲ့ သူ့ခမျာ ကံဆိုးပါတယ် မေမေ၊ အန်တီဒေါ်ခင်မူနဲ့ ဆက်ဆံဖြစ်ရင် မေမေ အန်တီဒေါ်ခင်မူရဲ့စိတ်ဓာတ်ကို သဘောကျသွားမှာပါ၊ အန်တီဒေါ်ခင်မူက သမီးကိုလည်း အရမ်းချစ်တယ်"

"ကောင်လေးက ကျောင်းသားလား၊ ဘွဲ့ရပြီးပြီလား"

"ဘာဘွဲ့မှ မရဘူး၊ ဒါပေမဲ့ သူ့စိတ်ဓာတ်နဲ့သမီးကို ကြင်နာတာကိုတော့ လုံး၀ အမှတ်ပြည့်ပေးထားတယ်၊ သမီးတို့ချမ်းသာလို့ အပိုင်ကြံတာဆိုတဲ့အတွေးမျိုးလည်း မေမေ မတွေးပါနဲ့၊ သမီး သူ့ကို အမျိုးမျိုးစမ်းသပ်ခဲ့ပြီးပြီ မေမေ"

မေမေတွေဝေနေ၏။





"ကိုရဲထိုက်ကလွဲလို့ သမီးဘယ်သူ့ကိုမှမချစ်နိုင်ဘူး၊ မယူနိုင်ဘူး၊ ဒါသမီးရဲ့ အနိုင်အမာဆုံး ဆုံးဖြတ်ချက်ပဲ၊ ဖေဖေက သမီးကို ကိုကျော်မိုးနဲ့သဘောတူနေတယ် မဟုတ်လား"

မေမေ ခေါင်းကိုညိတ်၏။

"လုံး၀ လက်မခံနိုင်ဘူး"

"မောင်ကျော်မိုးကို နည်းနည်းလေးများ စဉ်းစား ကြည့်ပါဦး၊ သမီးရယ်"

"စဉ်းစားရင် အချိန်ကုန်တယ် မေမေ၊ ဖေဖေ အကျပ်ကိုင်လာရင်တော့ ကိုယ့်ကိုယ်ကို သတ်သေလိုက်မယ်"

"ဟဲ့..."

"မယုံမရှိနဲ့၊ မေမေ့ကိုလဲ သတိပေးမယ်၊ ခြိမ်းခြောက်တာတော့ မဟုတ်ဘူး၊ မေမေပါ ဖေဖေနဲ့ အလိုတူအလိုပါဆိုရင် သမီးရဲ့ အလောင်းကိုကြည့်ပြီး မေမေ ရင်ကွဲနာကျလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကလည်းကွယ်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ မေမေက ကိုယ့်သမီးရဲ့အသက်ကို အဆုံးရှုံးခံမဲ့ အမေမျိုးမှ မဟုတ်ပဲ"

နန္ဒီနှစ်ခြိုက်စွာ ပြုံးလိုက်ပါ၏။

မေမေ့ပျော့ကွက်ကို နန္ဒီ မသိပဲ နေမလား။

သည်စကားအပေါ်မှာတော့ နန္ဒီ အရှုံးပေးနပ်သွားသည်။

☆☆☆

[၂၁]

မျက်နှာကို လှမ်းကြည့်တော့ အမေ့မျက်နှာ တွေတွေငေးငေး ဖြစ်နေ၏။ သူက လက်မှ မြေမှုန်များကို ခါချပြီး အမေ့ဆီလျှောက်ခဲ့သည်။

"အမေဘာတွေ စဉ်းစားနေတာလဲ၊ သရက်ပင်ကြီးကို ကြည့်လိုက်၊ မိုးကောင်းကင်ကြီးကို ကြည့်လိုက်နဲ့"

သူ့အမေ့ နံဘေးမှာ ဝင်ထိုက်လိုက်၏။

"အမေ ဆွေးနေတာလား၊ ဒီလိုအဖြစ်မျိုးကို အမေရင်ဆိုင်ခဲ့ဘူးသားပဲဗျာ၊ တရားသဘောကို အမေ ကျွန်တော့်ထက် ပိုသိပါတယ်၊ အမေ့ဒီလို ဆွေးဆွေး

www.burmeseclassic.com



ငိုင်ငိုင်ကြီး လုပ်နေတော့ ကျွန်တော် အလုပ်လုပ်ရတာ ဘယ်စိတ်ပျော်နိုင်မလဲ"

"ငါ ဒီနေ့မှ ငိုင်တာပါဟယ်"

အမေ့စကားကို ရဲထိုက်က ရယ်၏။

"ကဲ...ထားပါတော့၊ ဒီနေ့မှငိုင်တယ်ဆိုတာအကြောင်း ကိစ္စတော့ ရှိမှာပေါ့ အမေရ"

"မနက်က ဝိုင်းကြည် လာတယ်"

"ဟုတ်လား၊ ကျွန်တော်နဲ့ နန္ဒီ အိမ်နောက်ဘက် ကြက်ခြံထဲမှာ ရှိနေတဲ့ဟာ"

"မရှိပါဘူး၊ မင်းတို့ အပြင်ထွက်သွားကြပြီ"

နှုတ်ကို ဆိတ်ထားရင်း အမေဆက်လာမည့် စကားကို သူနားစွင့်နေ၏။

"ကောင်မလေးတော့ ဒုက္ခပဲ"

အမေ့စကားက အရင်းမရှိ အဖျားမရှိ။

သူအမေ့မျက်နှာကို နားမလည်စွာကြည့်၏။

"မောင်ချို ကောင်းကို မကောင်းဘူး"



အမေက ဖိုးချိုကို မောင်ချိုဟု ခေါ်သည်။

"ဘာဖြစ်လို့လဲ အမေ၊ သူတို့ဘာဖြစ်ကြလို့လဲ"

"ကိုယ့် ယောကျ်ားပဲကွယ်၊ ယောကျ်ားဆိုတာယောကျ်ား စိတ်တော့ ရှိရမှာပေါ့၊ ခုတော့ ဒီလို မဟုတ်ဘူး"

"ဘယ်လို မဟုတ်တာလဲ အမေရ၊ စကားကို ရှင်းရှင်း လင်းလင်း ပြောစမ်းပါ"

အမေက သူ့ကို မျက်စောင်းထိုးပြီး ဆေးလိပ်ဗူးထဲမှ ဆေးပေါ့လိပ်တိုကို လှမ်းနှိုက်သည်။

"ခုတော့ သူ့ခမျာ ငိုငိုရယ်ရယ်နဲ့"

"ဘာတွေလဲ၊ အမေ ဘာစကားတွေ ပြောနေတာလဲ၊ စကားကို ပြည်ပြည့်စုံစုံပြောပါ အမေရာ"

"တကတည်းမှပဲ၊ မင်းသူငယ်ချင်း အသုံးမကျတာလေ၊ ဝိုင်းကြည်နဲ့ လွန်လွန်ကျူးကျူးဖြစ်ပြီးမှ ခုရှောင်နေတယ်တဲ့၊ ပြီးတော့ ဝိုင်းကြည်မှာ..."

အမေ့အသံတိုးညှင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့စကားဆုံးသည်နှင့် ရဲထိုက် မျက်နှာတင်းရင်း သွား၏။ ဒေါသငွေ့များ ခန္ဓာကိုယ်တစ်ခုလုံးသို့ ပျံ့လာသည်။

"တောက်..တော်တော် သစ္စာမရှိတဲ့ကောင်"

အံကြိတ်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၏။ လက်သီးဆုပ်ထဲမှာ ဖိုးချိုသည် အမှုန့်ဖြစ်နေပြီ။

☆☆☆

"မိုက်ရိုင်းလိုက်တာကွာ"

ပြောပြီး အာကာ တက်ကို ခပ်ပြင်းပြင်းခေါက်သည်။

"ဟုတ်တယ်အာကာ၊ ကိစ္စက ငါတကယ်ကို ထင် မထားတဲ့ ကိစ္စ၊ အမေ ပြောပြတော့ ငါ အရမ်း ခံပြင်း သွားတယ်၊ ခု ဒီကောင့်ဆီ သွားမလို့"

"ငါပါ လိုက်ခဲ့မယ်"

လက်ဖက်ရည်ဖိုးရှင်းပြီး ဆိုင်ပြင်သည်သို့ ရောက်သည် ထိ စကား မပြောဖြစ်သေး။ အတွေးကိုယ်စီနှင့် စိတ်မှာ မွန်းကြပ်နေသည်။





"ဒါကြောင့်မို့ ကောင်မလေး မှိုင်တွေတွေ ဖြစ်နေတာ၊ မေးတော့လည်း မပြောဘူး၊ ခု အမေပြောမှ အဖြေက ပေါ်တယ်"

"ဖိုးချိုကို ဒေါသဖြစ်တာတော့ ငါလည်းဖြစ်တာပဲ၊ ဒါပေမယ့် ဒီကောင့်ကိုတွေ့ရင် စိတ်ကို အငြိမ်သက် ဆုံးထားပြီး ဆွေးနွေးကွာ ရဲထိုက်၊ မင်းက ထစ်ကနဲ ဆိုရင် လက်ပါချင်တဲ့ကောင်"

ခြေလှမ်းတိုင်း၏အောက်မှာ ဖိုးချို စိစိညက်ညက် ကြေ နေ၏။ ဖြစ်ပေါ်လာသည့် အကြောင်းတရားသည် ယောကျ်ား ပီသဖို့ အရမ်း အရေးကြီးနေသည်ကို သူကော အာကာပါ သုံးသပ်သည်။

"ရင်ထဲမှာ တကယ်ကို မကောင်းဘူး"

"ဖိုးချို ဒီလောက် စိတ်ဓာတ်ညံ့ဖျင်းလိမ့်မယ်လို့ မထင် ခဲ့ဘူး"

လမ်းမတန်းကို ဖြတ်ကူးသည်။

ညနေအေး လေပြေက ခပ်ဝှေ့ဝှေ့ တိုက်ခတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

လမ်းထိပ်ရေတွင်း မျက်နှာနားသို့ ရောက်သောအခါ ခြေလှမ်းကို ပိုမိုသွက်လိုက်သည်။

ဖိုးချိုတို့ အိမ်ရှေ့ရောက်တော့...

☆☆☆

ဖိုးချိုကို အာကာက အော်ခေါ်သည်။

ချက်ချင်းဆိုသလိုပင် ဖိုးချိုအိမ်ထဲက ထွက်လာ၏။

"ရဲထိုက်နဲ့ အာကာပါလား၊ အထဲဝင်လေကွာ၊ အမေကော ညီမလေးပါ ရှိတယ်"

"မဝင်တော့ဘူး၊ တို့ မင်းနဲ့ စကားပြောစရာရှိလို့"

ဖိုးချိုက စူးစမ်းသလိုကြည့်၏။

"ဘာစကားလဲ"

"မင်းဆီလာမှတော့ မင်းနဲ့ပတ်သက်တဲ့ စကားမဖြစ်လို့၊ ဘယ်သူနဲ့ ပတ်သက်တဲ့ စကားဖြစ်ရမှာလဲကွ"

ဖိုးချိုငြိမ်သွားသည်။

ဝင်းတံခါးကို ပြန်ပိတ်ပြီး လမ်းထိပ်ဘက်သို့ လျှောက်ခဲ့၏။ လမ်းထိပ်မြောင်းဘောင်သို့ ရောက်သောအခါ ဖိုးချိုက မြောင်းဘောင်ပေါ်တက်ထိုင်လိုက်သည်။





"ကဲ..ပြောကွာ၊ ငါနဲ့ပတ်သက်တဲ့ စကားက ဘာစကားလဲ"

ရဲထိုက်နှင့်အာကာ ဖိုးချိုကို မျက်လုံးချင်းဆိုင်ပြီးကြည့်သည်။ အံ့ဩစရာက ဒီကောင် မင်သေသေ နိုင်လွန်း၏။

"ဝိုင်းကြည်လေ၊ ဝိုင်းကြည်နဲ့ပတ်သက်တဲ့စကား၊ မင်းနဲ့လည်း လုံးဝ ပတ်သက်တယ်၊ ဒါဆို မင်းသိလောက်ပြီ ဖိုးချို"

"ဒါများ အလုပ်ရှုပ်ပြီးများ လာပြောနေရသေးတယ်ကွာ၊ ဝိုင်းကြည်ကိစ္စက ငါ့ကိစ္စပဲဟာ၊ မင်းတို့နဲ့ ဘာပြောစရာရှိလို့လဲ"

"ဘာကွ"

ဒေါသကို ထိန်းသိမ်းနိုင်ခြင်းမရှိ။ ရဲထိုက်က ဖိုးချိုကို လက်ပြန်ရိုက်ချပစ်လိုက်သည်။

ဖြောင်းကနဲအသံနှင့်အတူ ဖိုးချို ယိုင်လဲအကျမှာ အာကာက ဆွဲထူမလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်းကြည် ဘယ်လိုအခြေအနေ ဖြစ်နေတယ်ဆိုတာ မင်း အကုန်သိတယ်၊ ပြီးတော့ မင်းခေါင်းရှောင်တယ်"

"ဒါ ငါ့ကိစ္စလို့ ပြောထားတာပဲကွ"

"လာပြန်ပြီလား ငါ့ကိစ္စ"

ရဲထိုက်လက်သီးပြင်တော့ အာကာက ရဲထိုက်ကို တစ်လှည့် ဆွဲရပြန်သည်။

"ဆွဲမနေနဲ့ အာကာ၊ သူကြိုက်သလောက် ငါ့ကိုလှစ်ပါစေ၊ ငါက မင်းတို့ရဲ့ နိုင်ဖတ်ပဲဟာ"

ပြောပြီး ဖိုးချိုက မင်းသက်စွာဖြင့် ရဲထိုက်ကို ကြည့်သည်။

ရဲထိုက်စိတ်ကို တစ်ထစ်လျှော့လိုက်သော်လည်း ဒေါသကမပြေသေး။ ဆွေးနွေးချင်သည်ထက်မေးချင်သည့်အကြောင်းအရာတွေက ရင်ထဲမှာ ရှိနေသည်။

"မဟုတ်ဘူး ဖိုးချို၊ ဝိုင်းကြည်ကိစ္စကို မင်းဘယ်လိုလုပ်မလဲ"

ဖိုးချိုက ခေါင်းကိုငုံ့သည်။

အာကာက...။





"ဟုတ်တယ် ဖိုးချို၊ ရဲထိုက်မေးတဲ့ စကားကို မင်း လေးလေးနက်နက်ဖြေ၊ အေး..မဖြေခင် ဝိုင်းကြည်ဟာ တို့တွေနဲ့ မောင်ရင်းနှမလို နေလာခဲ့တဲ့လူ တစ်ယောက်ဆိုတာကိုတော့ မင်း မေ့မထားနဲ့"

မော့အကြည့်တွင် ဖိုးချို မျက်ဝန်းမှ မျည်ရည်စများကို မြင်သည်။

"ငါ့ရင်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ မင်း တို့ မသိဘူးကွာ၊ ငါ့ဘဝထဲ ဝိုင်းကြည်ဝင်လာရင် အရမ်းပင်ပန်းမယ်၊ နွမ်းနယ်မယ်"

"ဩ..ဒါတွေကို ခုမှ သိသလားကွ၊ မိန်းကလေး တစ်ယောက်ကို အထုပ်အထည်ဖြစ်အောင်ကြံစည်ပြီးမှ ဘဝဆိုတာကို မင်းသိရသလား"

"ရဲထိုက်၊ မင်းသိပ်ဒေါသကြီးမနေနဲ့ကွာ၊ ငါ့မှာ အမေ့တာဝန်၊ ညီမလေး တာဝန်တွေ ရှိနေတယ်"

"ဒါဖြင့် ဝိုင်းကြည်တာဝန်က မင်းတာဝန် မဟုတ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘဝထဲ ဝင်လာရင် ဝိုင်းကြည် သိပ်ပင်ပန်းမ
ကွာ၊ ဝိုင်းကြည်ကို ငါဘယ်လောက် ချစ်တယ်ဆို
ငါကိုယ်ငါပဲ သိတယ်"

"အပိုစကားတွေ မပြောနဲ့၊ မင်းဆုံးဖြတ်ချက်တ
ကို ချရမယ်၊ အဲဒီဆုံးဖြတ်ချက်ကလည်း ဝိုင်းကြ
အတွက်ပဲ ဖြစ်ရမယ်"

"နေပါဦး၊ မင်းတို့ ပြောတဲ့စကားထဲမှာ ငါနားမ
တာတွေပါတယ်၊ အထုပ်အထည် ဖြစ်နေတယ်ဆို
ဘာကို ပြောတာလဲ"

အာကာက သူ့မျက်နှာကို ဖြတ်ကနဲ ကြည့်သည်။

ဖိုးချိုကို အသေအချာ လေ့လာတော့ တကယ့်ကို
ကြောင်ကြောင်ပုံစံ။

"မင်း တကယ် မသိတာလား၊ သိလျက်နဲ့ တို့
အကြောင်းရိုက်တာလား"

"ငါ ဘာမှ မသိဘူး ရဲထိုက်၊ မင်းတို့ဖာသာ မင်း
ပြောချင်ရာပြောပြီး ဒေါသစွတ်ဖြစ်နေတာ"





"မင်းကို ဝိုင်းကြည်ဘာမှ မပြောဘူးလား"

ဖိုးချိုက စဉ်းစားသလိုလုပ်ပြီး...

"ဟိုနှစ်ရက်သုံးရက်တုန်းကတော့ အတူတူနေကြရ
အောင်လို့ပြောတယ်၊ ငါက လက်ရှိအခြေအနေကို
တွက်ပြတယ်၊ သူ့ပိုပြီး ပင်ပန်းမှာကို စိုးရိမ်တဲ့ စေတနာ
နဲ့ပါ၊ ငါတို့ဘဝ ငါသိလို့လည်း ကြိတ်ပြီး ကြိုးစား
တယ်၊ မင်းတို့ဆီအရောက်အပေါက် နည်းတာသာ
ကြည့်ပေါ့"

"အင်း... အနေအထားတွေက တစ်မျိုးဖြစ်နေပြီ ဖိုးချို
လာ... ငါ မင်းကို အရှင်းဆုံးပြောပြမယ်"

သုံးယောက်သား မြောင်းဘောင်ပေါ်မှာ ထိုင်ကြသည်။
သူကဖိုးချိုအတွက် အကောင်းဆုံး စကားလုံးများ ရွေးချယ်
ရင်း...

"ဒီမယ်၊ ဖိုးချို၊ ဝိုင်းကြည်မှာလေ"

စကားလုံးများ နှုတ်ဖျားမှ ခုန်ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးချို မြောင်းဘောင်ပေါ်မှ ဖြတ်ခနဲ ခုန်ဆင်း၏။

☆☆☆

"မင်း...မင်း..တကယ်ပြောနေတာလားရဲထိုက်"

"နောက်တာ မဟုတ်ဘူး၊ နောက်စရာလည်း မဟုတ်ဘူး"

"ငါ ဒါတွေကို မသိဘူးကွာ၊ ဝိုင်းကြည်ကလည်း ငါ့ကို ပွင့်ပွင့်လင်းလင်းပြောဖို့ ကောင်းပါတယ်၊ ဒါ ငါ့တာဝန်ပဲ ငါ ဝိုင်းကြည်ကို ယူမှာပေါ့"

"အေး...ယူတာကတော့ မင်း ခုကို ယူရမှာပဲ ဖိုးချို သူငယ်ချင်းတွေရဲ့ ဘဝကို အအေးချမ်းဆုံး ဖြစ်စေချင်တယ်၊ ဘဝရပ်တည်မှုအတွက် ရုန်းကန်ကြရတာကတော့ ကိုယ်တစ်ယောက်ထဲကွက်ပြီး ရုန်းကန်ရတာ မဟုတ်ဘူး၊ ယောကျ်ားဆိုတာ လောကကြီးကို မာနမျက်နှာနဲ့ ကြည့်ရတယ် ဖိုးချို၊ တွေဝေတတ်တာ၊





ဝမ်းနည်းတတ်တာ၊ အားငယ်တတ်တာ ယောကျ်ားအလုပ် မဟုတ်ဘူး၊ လောကကြီးမှာ ဖြစ်သင့်ဖြစ်ထိုက်တာထက် လုပ်သင့်လုပ်ထိုက်တာကို လုပ်ရမှာပဲ"

"သွားမယ်ကွာ၊ ခု ဝိုင်းကြည်ဆီ ငါသွားမယ်"

စကားနှင့်အတူ ထံပါးမှ ဖိုးချို ပြေးထွက်သွားသည်။ သူနှင့်အာကာပင့်သက်ကြီးချ၏။ ရင်မှာလည်းပေါ့ပေါ့ပါးပါး ဖြစ်လာရသည်။

"ဝိုင်းကြည် မပွင့်လင်းတာ"

အာကာ ကောက်ချက်ချ၏။

ရဲထိုက်က...

"ငါ့ရင်ထဲမှာ ခုမှ ပေါ့သွားတယ်အာကာ၊ ငါဖိုးချိုကို စိတ်လိုက်မာန်ပါ လုပ်လိုက်မိတာ စိတ်တောင် မကောင်းဘူး၊ အေးလေ...ဘာပဲဖြစ်ဖြစ် ငါတို့ရဲ့ စေတနာနဲ့ သံယောဇဉ်ကို ဒီကောင် နားလည်လာမှာပါ"

ညနေက နှောင်းပိုင်းအချိန်သို့ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အာကာသူ့အိတ်ထဲမှ စီးကရက်ဗူးကို ထုတ်ယူပြီး တစ်လိပ်လှမ်းပေးသည်။

"ငါလဲ ဒီကောင် ရှုးသလို ပေါသလိုနဲ့ ကိုးရိုးကားရား လျှောက်ပြောလိမ့်မယ်ထင်နေတာ၊ မဆိုးပါဘူး ဒီကောင် ဝိုင်းကြည်ကို ချစ်ရှာပါတယ်၊ တာဝန်ယူရဲတဲ့ သတ္တိလည်း ရှိတယ်"

ရင်မှာဆွေးထွေးမှုများဖြစ်ပေါ်ရင်း အတွေးမှာ ဝိုင်းကြည် မျက်နှာကို မြင်သည်။

ဝိုင်းကြည် ပျော်နေလိမ့်မည်။

ချစ်သူကို အားကိုးမြတ်နိုးစွာ ကြည့်နေလိမ့်မည်။

ပြီးတော့...

သူတို့နှစ်ယောက် ကာလသစ်ကို မျှော်ကြည့်ကြပေလိမ့်မည်။

ယုံကြည်မှုနှင့်အတူ ရောင်နီတွေ ပို၍အနံ့လာပါလိမ့်မည်။

☆☆☆



[၂၂]

သည်နေ့က ဖိုးချို့နှင့်ဝိုင်းကြည်တို့၏ မင်္ဂလာပွဲနေ့။

နှစ်ဖက်မိဘဆွေမျိုးများနှင့် မိတ်ဆွေအပေါင်းသင်းများကိုညှိခံပွဲသည် သူ့အတိုင်းအတာနှင့်သူ စည်စည်ကားကားလေးရှိခဲ့ပါ၏။

သူငယ်ချင်းတွေစုပြီး ဓါတ်ပုံရိုက်ကြသည်ကို နန္ဒီက ပျော်သည်ဟု ပြောခဲ့သည်။

သို့သော်လည်း မင်္ဂလာပွဲကအပြန်မှာ သူနှင့်နန္ဒီ စကားများရသည်ကို ဘယ်သူငယ်ချင်းမှမသိ။

www.burmeseclassic.com

www.burmeseclassic.com



"စကားအပြောအဆိုကို ဘယ်တော့မှ မဆင်ခြင်ဘူး၊ ကိုယ်ပြောချင်တာကို စွတ်ပြောချလိုက်တာပဲ"

နန္ဒီက နှုတ်ကို ဆိတ်ထားသည်။

"တစ်နေ့တစ်နေ့ သူ့ဆီရောက်ရင် သူ့ကြက်ခြံကို ရှင်းပေးရ၊ကြက်အစာခွက်တွေရေလဲရနဲ့ လူကိုဖတ်ဖတ်မောနေတာပဲဆိုရင် ပြီးတာပဲ၊ ခုတော့ မှန်ထဲမှာ ပြန်ကြည့်တယ်၊ လူကို တစ်နေ့တစ်နေ့ ကြက်ရုပ်ပေါက်လာတယ်ဆိုတဲ့ စကားကြီးကို ပြောဘို့သင့်သလား"

"အို…ဒီစကားက ဘာလွန်သွားလို့လဲ"

"ကြက်ဆိုတာကို နန္ဒီသိရဲ့လား"

"သိတာပေါ့"

"ဘာလဲ..ကဲ"

"ကိုထိုက်ခြံမှာ မွေးထားတဲ့ခြေနှစ်ချောင်းကောင်လေးတွေ လေ၊ အောက်အီအီးအွတ်လို့လည်း တွန်တယ်၊ ကတော်ကတော်လို့လည်း အော်တယ်၊ အဲဒါ ကြက်မဟုတ်လို့ လင်းတလား"





"ကြက်ဆိုတာ တစ်ခြားတစ်မျိုးရှိသေးတယ်၊ ကမ်းနားကြက်တို့၊ဘူတာရုံကြက်တို့၊ ဟိုတယ်ကြက်တို့၊သူတို့က ထမင်းလည်း စားတယ်၊ ရှူးရှူးလည်းပေါက်တယ်"

"အို..ဒါတွေ နန္ဒီ မသိဘူး၊ နန္ဒီက ရိုးရိုးသားသား ပြောတာ၊ ကိုထိုက် ဝါသနာပါတာတွေလာပြီး ပြောမနေနဲ့"

"ကိုယ့်ကို စော်ကားတဲ့ စကားမပြောပါနဲ့"

ရဲထိုက်အသံ အနည်းငယ် မြင့်တက်သည်။

နန္ဒီကလှမ်းနေသည့်ခြေလှမ်းကိုတုန့်ကနဲရပ်ပစ်လိုက်၏။

"နန္ဒီကို လမ်းလယ်ခေါင်မှာ လာအော်မနေနဲ့"

"ပြောရင်လည်း ဘာမှမကြိုက်ဘူး၊ တကယ်ဆို ပြောပါလား၊ ကိုထိုက်ခြံထဲမှာ ဝင်ကူလုပ်ပေးရတာ ကြက်ချေးစော်နံလှပြီ ဘာပြီပေါ့၊ ခုတော့ ပြောစရာစကားက တော်တော်ရှားတယ်၊ ကြက်ရုပ်ပေါက်နေပြီတဲ့၊ကြာရင်ကြက်ဖြစ်တော့မယ်တဲ့၊ ဟိုကောင်တွေကရယ်တာပေါ့"

"အဲဒါလွန်သွားလို့လား ကိုထိုက်ရဲ့၊ တခြားသူတွေ ရှိလို့လား၊ ဘာ မဟုတ်တာနဲ့ ပြဿနာမလုပ်နဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



နန္ဒီခေါင်းလေးကို မသိမသာ ဆောင့်တော့ ရဲထိုက် ငြိမ်သွား၏။ တစ်ဆင့်တက်လျှင် နန္ဒီသည် သူမ၏ ချွန်ထက်သော လက်သည်းရှည်ကြီးများနှင့် သူ့လက်မောင်းကို ကုတ်ခြစ်လိမ့်မည်။

"အဖိုးကြီးကျနေတာပဲ"

"ဘာကိုလဲ"

"စကားကို ဗျစ်တောက်ဗျစ်တောက်နဲ့ သိပ်ပြောတတ်တာပဲ၊ အူကြောင်ကြောင် လုပ်မနေနဲ့၊ မိန်းမ မရဘဲ ဘိုးဘွားရိပ်သာ ရောက်နေမယ်"

ပြောပြီး နန္ဒီက သူ့ကို ပုခုံးစွန်းနှင့် တိုက်ပစ်လိုက်သေး၏။ သူ့မျက်နှာ ပြုံးယောင်သမ်းလာဆဲမှာ...

"ကျွိ..."

ဘရိတ်နင်းဖိသံနှင့်အတူ ဂရန်ဒီ မတ်ခ်တူး အဖြူရောင် ကားကြီးတစင်းက နဘေးမှာ တုံ့ကနဲ ရပ်သည်။

နန္ဒီကားထဲသို့ အထိတ်တလန့် လှမ်းကြည့်၏။

"ဟင်...ဖေဖေ"

☆☆☆



ကားတံခါးကို ခပ်ကြမ်းကြမ်းဖွင့်ဆင်းလာသည်။

ဖေဖေ၏ ဒေါသငွေ့များ ယှက်သန်းနေသော မျက်နှာကို မြင်ကတည်းက မှန်တိုင်းသည် အဖျားခတ်ရုံမျှ တိုက်ခတ်သွားမည် မဟုတ်သည်ကို နန္ဒီ သိလိုက်၏။

"သိပ်တော်တယ်၊ အရမ်းကို တော်တယ်"

ဖေဖေ့ကို တုန်လှုပ်စွာ ကြည့်နေမိသော်လည်း ရဲထိုက်ကို ဆုပ်ကိုင်ထားသည့်လက်ကို နန္ဒီက မဖြုတ်၊ ပိုမိုတင်းကျပ်စွာပင် ဆုပ်ကိုင်ထားလိုက်သည်။

"မိဘမျက်နှာကို အိုးမဲသုတ်မဲ့သမီး၊ အိုးမဲတောင်မှ ရိုးရိုးအိုးမဲနဲ့သုတ်မှာ မဟုတ်ဘူး၊ ဖျက်လို့မရအောင် ဆီနဲ့လူးသုတ်မဲ့ ခွေးမ"

ဖေဖေ့အသံက အရမ်းကျယ်၏။

လူသွားလူလာရှင်းသည့်လမ်းဖြစ်သဖြင့်တော်သေးသည်။

"ဘယ်မှာ အိုးမဲသုတ်လို့လဲ ဖေဖေ၊ သမီးဖေဖေ့ကို ပြောထားသားပဲ၊ သမီးမှာ ချစ်သူရှိတယ်လို့၊ အဲဒီ ချစ်သူက သူပဲ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့မျက်နှာ ရဲကနဲ ဖြစ်သွား၏။

ကား တစ်စီးနှစ်စီးလောက်ကတော့ နဘေးမှာ ဖြတ်သန်းမောင်းနှင်သွားသည်။

"တိတ်စမ်း၊ အရှက်မရှိတဲ့ စကားတွေ ငါ့ကိုလာ ပြောမနေနဲ့ တက်... ကားပေါ်တက်"

"မတက်ဘူး ဖေဖေ"

နန္ဒီက ရဲထိုက်ကျောနောက်သို့ ကိုယ်ကိုအသာ တိမ်းညွှတ်သည်။ ဖြစ်ပေါ်လာတော့မည့် အခြေအနေအားလုံးကို နန္ဒီ နားလည်လိုက်၏။ သတ္တိကို နန္ဒီမွေးရတော့မည်။

"ဖေဖေ သမီးကို ဘယ်လိုမှ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ ဖေဖေနဲ့ပြန်လိုက်ရင် သမီးတို့ရဲ့ခြစ်ချင်းကို ဖေဖေ ခွဲမှာ သမီး တောင်းပန်ကန်တော့ပါတယ် ဖေဖေ၊ သမီး အိမ်ကို ပြန်မလိုက်တော့ဘူး"

"ဘာပြောတယ်"

ဒေါသဖြင့် ဖေဖေရှေ့သို့တိုးလာသောအခါ ရဲထိုက်က နန္ဒီရှေ့မှာ မားမားမတ်မတ် ရပ်လိုက်၏။





"ဟော့ကောင်၊ မင်းဖယ်စမ်း"

"မဖယ်နဲ့ကိုထိုက်၊ မဖယ်နဲ့၊ နန္ဒီကို ကာထားပါ"

ရဲထိုက်ရင်မှာ ကယောက်ကယက်။

ခေါင်းကို တမြင်းမြင်းဖြင့် ကုတ်ပြီး...

"အန်ကယ်ရယ်၊ ကျွန်တော်တို့ အေးအေးဆေးဆေး ဆွေးနွေးရအောင်၊ လမ်းလယ်ခေါင်ကြီးမှာတော့ မကောင်းပါဘူး"

"ဘာမှဆွေးနွေးစရာမလိုဘူး၊ မင်းဖယ်ဆိုဖယ်စမ်းကွာ"

"မဖယ်နဲ့ကိုထိုက်၊ မဖယ်နဲ့၊ နန္ဒီကို ဖေဖေခေါ်သွားရင် နန္ဒီနဲ့ကိုထိုက် တစ်သက်ဝေးပြီ"

ရင်မှာ ကျင်တက်လာသည်။

ချစ်သူနှင့်တစ်သက်ဝေးဖို့မပြောနှင့်တစ်ရက်မျှပင် အဝေးမခံနိုင်ပါ။

"ကျ...ကျွန်တော်၊ ထိုင်ကန်တော့ဆို ကန်တော့ပါတယ်၊ အန်ကယ်ရယ်၊ နန္ဒီနဲ့ ကျွန်တော်ကို မခွဲပါနဲ့"

"မင်း ပါးစပ်ပိတ်လိုက်စမ်း၊ မင်းကိုငါပြောနေတယ် မင်းရှေ့က ဖယ်မလား မဖယ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဖယ်ဘူး အန်ကယ်"

"ကဲ..မဖယ်နဲ့အုံးကွာ"

"ခွပ်..."

ပြင်းထန်သော လက်သီးတစ်လုံး။

ရှောင်တိမ်းချိန် မရလိုက်။

ရဲထိုက်လမ်းပေါ်သို့ ယိုင်လဲကျသွားသည်။

"ကိုထိုက် ... ကိုထိုက်"

မျက်လုံးတွင် နေတွေ လတွေ ပွင့်ထွက်သွားသည်။

နန္ဒီ၏ထွေးပွေ့အော်သံနှင့် အတူ နန္ဒီကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲလိုက်သည့် အာရုံခံစားမှုကိုလည်း သူ ရသည်။

ပြီးတော့ နန္ဒီ့ဖေဖေဆဲဆိုသံ။

"ခွေးမ၊ တက်စမ်း ကားပေါ်၊ နင်ဟာ အကြမ်း မဖက်ရင် မရကို မရဘူး"

စကားနှင့်အတူ ကားတံခါး ဆောင့်ပိတ်သံကိုလည်း ကြားသည်။

သူ သတိကို ပြန်ချုပ်သည်။ ခွေညွှတ်လဲရာမှ လူးလဲပြီး ကုန်းအထမှ ကားက မောင်းထွက်သွားပါသည်။



ရဲထိုက် ကားနောက်သို့ ပြေးလိုက်သည်။

"နန္ဒီ ... နန္ဒီ"

ရင်မှာ ပွင့်ထွက်သည်။

သူလက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်သည်။

သူ့လက်သီး ဆုပ်ထဲတွင် ကမ္ဗာကြီးသည် ပြာဖြစ်နေတော့၏။

☆☆☆

မြဝတ်မှုံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## [၂၃]

"ပြဿနာပါလား ရဲထိုက်ရာ၊ မင်းနောက်ကောက် ကို ဖြစ်သွားတာပေါ့"

"အေး...နောက်ကောက်မှ တကယ့်နောက်ကောက်ပဲ အာကာ၊ လက်သီးကလည်းကွာ၊ ဘာပြင်းသလဲ မမေးနဲ့၊ လက်ဝှေ့ချန်ပီယံဟောင်းကြီးလားတောင် မသိဘူး၊ ငါ ရန် ခဏခဏ ဖြစ်ဖူးတဲ့ကောင်ပါ၊ ဒီလို လက်သီး မျိုး တစ်ခါမှ မကြုံဖူးဘူး"

"ရှောင်ချိန်း တိမ်းချိန်လေးတောင် မရလိုက်ဘူးလား"





"နန္ဒီက နောက်ကနေ ဖက်ထားတာ၊ အဘိုးကြီးက လည်း လက်မြန်လိုက်တာမှ ဝီကို ခေါ်သွားတာပဲ၊ ငါလဲတော့ နန္ဒီပါရောလဲသွားတာ"

နေ့လည်က အဖြစ်က မေ့ရက်စရာမရှိ။

နန္ဒီ၏ အော်သံ၊ ရှုန်းကန်သံကို ယခုတိုင်နားမှာ ကြား နေသည်။ အာကာက မျက်နှာမှ ဒဏ်ရာကိုကြည့်ပြီး ....

"ဒဏ်ရာကို ဘာဆေးမှ မထည့်နဲ့ ရဲထိုက်"

"ဘာဖြစ်လို့လဲ"

"ယောက္ခမလောင်းက ကိုယ်တော်ရမယ့် သားမက်ကိုတံဆိပ်ခတ်နှိပ်ပေးသွားတာ၊ နန္ဒီနဲ့မင်းအကြောင်း ပါလို့ ညားရင် မင်းမျက်နှာက အမာရွတ်ကို ကြည့်ပြီး ယောက္ခမက အကြင်နာတွေ မေတ္တာတွေပို့နေမှာ"

ပြောပြီး အာကာက သူ့စကား သူသဘောကျစွာရယ်၏။ ရဲထိုက်က အကြမ်းအိုးကို ငှဲ့ရင်း ...

"မင်းကတော့ ကိုယ့်မခံရတော့ ရယ်ပေါ့အာကာ၊ ငါ့ ရင်ထဲမှာ ဘယ်လို အပူမီးတွေတောက်နေတယ်

မြတ်မြတ်ဒှောစာပေ

www.burmeseclassic.com



မင်းသိလား၊ နန္ဒီနဲ့ငါ့ကို အဘိုးကြီးက မရ မက ခွဲမှာ အမှန်ပဲ"

"သိပ်လည်း သောကတွေ ကြီးမနေပါနဲ့ ရဲထိုက်ရာ၊ မင်း နန္ဒီရဲ့ အချစ်ကို ယုံတယ်မဟုတ်လား"

"နန္ဒီ့ကိုယုံပေမဲ့ အဘိုးကြီးကို ယုံလို့မရဘူး အာကာ။ မိဘဆိုတဲ့ အရှိန်အဝါနဲ့ ဖိရင် ဘယ်လိုလုပ်မလဲ"

သူ့ရင်ပူနေသလောက် အာကာက အေးအေးဆေးဆေး စီးကရက်တစ်လိပ်ကိုပင် မီးညှိသောက်လိုက်သေးသည်။

"နန္ဒီ ခပ်ညံ့ညံ့ထဲကမိန်းမ မဟုတ်ဘူး ရဲထိုက်၊ မင်း ထင်ထားတာထက် သတ္တိတွေသူ့မှာ ပိုရှိတယ်၊ မင်းကို သူ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဆက်သွယ်မှာပဲ၊ မေဦးကလည်း နန္ဒီ့ကို အကူအညီပေးမှာ အမှန်ပဲ"

သည်စကားကတော့ သူ့စိတ်ကို သက်သာရာရသည်။ သူ နန္ဒီ့အကြောင်း စဉ်းစားနေဆဲမှာ အာကာမှုတ်လွှတ်လိုက်သည့် စီးကရက်ငွေ့ အဝိုင်းလေးက သူ့မျက်နှာ လာထိသည်။ သံယောဇဉ်ကို သူ သတိထားမိပါ၏။

☆☆☆





လက်ဖက်ရည်ဆိုင်က ထတော့ ညဆယ်နာရီတိတိ အိပ်ချင်စိတ်က မရှိ။

သူ့သဘောကို သိနေသော အာကာက ...

"လမ်းထိပ်မှာ ဂစ်တာ ထိုင်တီးကြရင်ကောင်းမယ်"

"ငါလည်း စဉ်းစားနေတာ အာကာ၊ အိမ်ပြန်ပြီး အိပ်ရာဝင်လည်း ငါအိပ်ပျော်မှာမဟုတ်ဘူး"

အိမ်ဝင်ပြီး ဂစ်တာယူသည်။

လမ်းထိပ်မြောင်းဘောင်မှာထိုင်ရင်း သူက ကောင်းကင်ကို မော့ကြည့်သည်။

လမဲ့သော်လည်း ကြယ်ကလေးတွေက ပြိုးပြိုးပြက်ပြက် အာကာ ဂစ်တာကို ကြိုးအညှိမှာ ညလေအေးက ခပ်စိမ့်စိမ့်လေး တိုက်ခတ်လာသည်။

"မင်းဆိုမှာလား"

ရဲထိုက်ခေါင်းညိတ်သည်။

"ဘာဆိုမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အာကာက ပြုံးရင်း သံမဏိကြိုးလေးများပေါ် လက်ကို ရွှေလျားသည်။

လေအေးမှာ ရောထွေးပါသည့် ပန်းရနံ့။

ရင်မှာ ဆွတ်ပျံ့စွာခံစားရမှုနှင့် အတူ ...

"အချစ်ရေ့ × × ဦးနှောက်ထဲမှာ မင်းအကြောင်း × × ဖိတ်လျှံနေတယ် ဆိုတာ သိလား ... ဘာလုပ် လုပ် မင်းကိုမှန်းပြီး စိတ်ထဲက တိုင်ပင်တယ် × ×

ဂစ်တာတီးရင်း အာကာက သူ့ကို လှည့်ကြည့်၏။

"× × ကံကြမ္မာကို ပုံမလား ... အချစ်ရေ၊ မင်းနဲ့ငါ ဘယ်လောက်ထိ ဝေးနေမှာလဲ × × မဆုံနိုင်ခင် ဝေဒနာများ(အချစ်ရေ့)ပျော်စရာမလာရင် အသည်း တွေကြေသွားမယ် × ×

အချစ်ရေ့ × × အချစ်ရေ့ × × ဘာပြစ်ဖြစ် နောက် မဆုတ်ပေးဘူး၊ မင်းကိုပိုင်ဆိုင်ချင်တယ် × × အချစ်ရေ့ မင်းရော ငါ့လိုပဲလား ... သိပ်ချစ်နေမယ် ဆိုတာ × ×





အာကာတီးလက်စ ဂစ်တာကို ရပ်လိုက်ပြီး ...

"သြော်... ရဲထိုက်ရယ်၊ နန္ဒီသာ မင်းကို ရက်ရက်စက် စက် ခွဲသွားရင် မင်းတော့ အသည်းဟက်တက်ကွဲပြီး ကိုးယိုးကားယားကြီးနဲ့ကို သေမဲ့ကောင်"

ပြောပြီး အာကာရယ်ပါ၏။

သူက စိတ်မလုံခြုံစွာဖြင့် လိုက်ပြုံးရသည်။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

# [၂၄]

"ဟော့ ... ဖုန်းသော့ကို ဘယ်သူ ဖွင့်တာလဲ"

ဖေဖေ့အသံကို အိပ်ခန်းထဲကပင် ကြားသည်။

နန္ဒီ နားကို အသာစွင့်ထား၏။

"အသံပြကြီးနဲ့ ကုန်းအော်မနေနဲ့ အစ်ကို၊ ဖုန်းသော့ ကို လှိုင်ဖွင့်တာ"

"ဖွင့်ပြီးရင်လည်း ပြန်ပိတ်ပါလား လှိုင်ရဲ့"

မေမေ့အသံကို မကြား။





ဖေဖေ့အသံက အခန်းနံရံကိုဖောက်ထွင်းဝင်လာသည်။

"ငါ့မှာ ဒီသမီးတစ်ယောက် အတွက် ရင်မှာ ဘယ်လို ပူနေရတယ် ဆိုတာ မင်းသိပါတယ် လှိုင်၊ မနေ့ကဆို ရန်နောင် မန္တလေးကဖုန်းဆက်တယ်၊ သူ့သားနဲ့ နေရာချထားဖို့ ကိစ္စကို အမြန်ဆုံး စီစဉ်ရအောင်တဲ့ သူ့ဘက်က အားလုံး အသင့်ဖြစ်နေပြီတဲ့"

ရင်မှာ ထိတ်ထိတ်ပျာပျာကလေး ဖြစ်သွားရသော်လည်း နန္ဒီ သတိကို ထိန်းသည်။ ဒီအကြောင်းအရာသည် နန္ဒီ မျှော်လင့်ထားပြီးသားအကြောင်းအရာ။

"ဆုံးဖြတ်ချက်မမြန်ပါနဲ့အစ်ကို၊ သမီးရဲ့စိတ်သဘော ထားကိုလည်း မေးကြည့်ပါဦး၊ သမီးဆန္ဒမပါဘဲနဲ့တော့ ဘာမှ မလုပ်စေချင်ဘူး"

သို့သော်လည်း ...

"လှိုင် ... မင်းအဲဒီစကားမျိုးကို ငါ့ကို ဘယ်[illegible] မပြောနဲ့၊ ခု ငါစီစဉ်တဲ့ကိစ္စကမင်းသမီးကို[illegible] ချမယ့် အစီအစဉ်မဟုတ်ဘူးကွ၊ မိဘဆို[illegible]



www.burmeseclassic.com

www.burmeseclassic.com



သားသမီး ဂုဏ်တင့် ဂုဏ်မြင့်ဖို့ကို အသက်နဲ့လဲပြီး ကြိုးစားဆောင်ရွက်ပေးရမယ်"

"မဟုတ်သေးဘူး၊ အစ်ကိုက သမီးစိတ်ချမ်းသာဖို့ဆိုတာကို စိစက်ကလေးမှ ထည့်မတွက်တော့ဘူးလား"

"ဟ ... မောင်ကျော်မိုးကို ယူလို့ မင်းသမီး ဘာစိတ်မချမ်းသာစရာရှိလဲ၊ လောကမှာ ငွေချမ်းသာရင် စိတ်ချမ်းသာလာမှာပဲ လှိုင်"

"ကျွန်မတို့က ဆင်းရဲနေလို့လား၊ သူတို့ချမ်းသာမှုကို အထောက်အကူ ပြုရမဲ့ဘဝလား"

"လှိုင်... မင်း ဘယ်လိုစကား ပြောလိုက်တာလဲ"

အိပ်ခန်းထဲမှ နန္ဒီ ရင်ကလေး ဖိနေရသည်။

မေမေကတော့ ဖေဖေ့တိုက်စစ်ကို ခံစစ်မှနေ၍ အာခံနေပါပြီ။

"အစ်ကို စည်းလွတ်ဝါးလွတ် စကားပြောတာကို ကျွန်မ မကြိုက်ဘူး၊ ဘဝမှာ စိတ်ချမ်းသာဖို့က အရေးကြီးဆုံးပဲ၊ ရွှေပုံ ငွေပုံ ပေါ်ထိုင်ပြီးစိတ်ဆင်းရဲနေရမယ့်





အဖြစ်မျိုးတော့ကျွန်မလည်း မခံနိုင်ဘူး၊ မောင်ကျော်မိုးနဲ့သမီးရဖို့ မဟုတ်ဘူး၊ ခုလည်း သမီးက ရွှေပုံငွေပုံပေါ်ထိုင်နေတာပဲ"

"မင်းဘာစကားတွေ ပြောနေတာလဲ လှိုင်၊ မင်းဆိုပါ မောင်ကျော်မိုးနဲ့ သမီးကို သဘောမတူ ဖြစ်နေတာလား"

"သမီးကမှ အစ်ကို့သူငယ်ချင်းသားကို မကြိုက်တဲ့ဟာ"

"တိတ်စမ်း၊ မင်းငါ့ကို ဘာမှထပ်မပြောနဲ့၊ မင်းက သမီးနဲ့ အနီးကပ်ဆုံး နေတာ၊ သမီးရဲ့ အနေအထိုင်အားလုံးကို မင်း အကဲခတ်ပါ၊ သတိထားပါ၊ သမီးရဲ့ လွတ်လပ်မှုအားလုံးကို ငါ လုံးဝ ပိတ်ပင်တယ်၊ ဖုန်းမပြောရဘူး၊ အပြင်ကို လုံးဝ မထွက်ရဘူး၊ ဟော့... မိခိုင်"

ဖေဖေ့အော်သံကြောင့် မိခိုင် အပြေးရောက်လာ၏။

"ရောက်ပါပြီ ဖေဖေကြီးရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်း ကိုဖိုးထွန်းနဲ့ ခြံစောင့် ရန်ကနားကို ခေါ်ခဲ့"

အသံများ ခေတ္တတိတ်သွားသည်။

နန္ဒီအိပ်ရာမှ မျက်စေ့စုံမှိတ်ထားလိုက်၏။ မိမိဘက်မှ မေမေ ဘယ်လောက်ပဲ ရပ်တည်ရပ်တည်၊ သည်ခြံနှင့် တိုက်ကြီးမှာ ဖေဖေ၏ စကားအမိန့်သည်သာ ဓား ဖြစ်သည်။

အားလုံးသော အလုပ်သမားများသည်လည်း ဖေဖေက သေဆိုလျှင် သေရမည့် အနေအထား။ မှားမှားမှန်မှန် ဖေဖေ့ စကားကို ဘယ်သူမှ လွန်ဆန်နိုင်ခြင်းမရှိ။

"ဆရာ ခေါ်တယ်ဆို"

"အေး ... ဒီမယ် ကိုဖိုးထွန်း၊ အသည်းစွဲအောင် မှတ်ထားရမှာက သမီးကို ကားပေး မမောင်းရဘူး၊ သူ့မေမေ မပါဘဲနဲ့ ဘယ်ကိုမှလိုက်မပို့ရဘူး၊ ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ဆရာ"

"ရန်ကနား၊ မင်းကို အကြီးမားဆုံး တာဝန်ပေးမယ်၊ ငါပေးတဲ့ တာဝန်မကျေရင်၊ မင်းနဲ့ငါ တွေ့ပြီသာမှတ်"

"ဟုတ်ကဲ့ဆရာ၊ ရန်ကနားကို အမိန့်ရှိပါ"



"သမီးခြံထဲ ဆင်းရင် မင်း မျက်ခြည်မပြတ်ကြည့်ပါ၊ ခြံတံခါးသော့ဟာ မင်းရဲ့ကိုယ်မှာ အမြဲတမ်းရှိနေပါစေ"

"စိတ်ချပါဆရာ"

"ဟုတ်ပြီ၊ မင်းတို့ နှစ်ယောက်သွားတော့"

ထွက်ပေါက် မရှိရတော့ဘူးလား။

မိမိအတွက် စည်းမျဉ်းစည်းကမ်းတွေက မတင်းကြပ်လွန်းဘူးလား။

ဖေဖေသည် မိဘ၏ လုပ်ပိုင်ခွင့်ဘောင်ထဲမှာ သံမဏိစည်းကမ်းများကို တစ်ဖက်သတ်ထုတ်ပြန်ပြီး ဆုံးဖြတ်ချက်ကို ကြီးစွာ ချမှတ်လိုက်ပါ၏။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

# [၂၅]

ခါတိုင်းဆိုလျှင် ခြံတံခါးကို ဘယ်တော့မှ သော့မခတ်၊ ဂုလန့်သာထိုးထားသည်။ ယခုမူ ဝင်းတံခါးကိုသော့ခတ်ထား ၁ည်။ ခတ်ထားသည့် သော့က သေးသေးကွေးကွေးမဟုတ်။

မေဦးက ကားဟွန်းကို နှစ်ချက်ဆင့်တီးလိုက်၏။

ဟွန်းသံကြောင့် ခြံဝင်းတံခါးနားသို့ ရန်ကနား အပြေး ၊လေးရောက်လာသည်။

"ဘယ်သူလဲ"



"ငါ ပါဟဲ့ ရန်ကနားရဲ့၊ နင်ကလည်း မှတ်တောင် မမှတ်မိတော့ဘူးလား"

"ဩော်... မမေဦးပါလား"

"အေးပါ၊ ကဲ... တံခါးဖွင့်ပေးပါဦး"

ရန်ကနား တွေသွားသည်။

သူ့ခါးကြားမှသော့တွဲကြီးကို မေဦးက လှမ်းကြည့်ပြီး...

"ဘယ်လိုဖြစ်နေတာလဲဟ၊ နင်ဘိန်းစားပြီး ထလာ တာလား"

"မဟုတ်ပါဘူး မမေဦး၊ အိမ်မှာ အခြေအနေတွေ တစ် မျိုးတစ်ဖုံ ဖြစ်နေတယ်ဗျ"

ရန်ကနားက ကုလားလူမျိုး ဖြစ်သော်လည်း ဗမာရည် လည်သည်။ အပြောအဆို လေယူလေသိမ်းကသာ ကုလားသံ အနည်းငယ် ပေါက်ရှိမှုသာရှိ၏။

"ဘာအခြေအနေတွေ တစ်မျိုးဖြစ်နေတာလဲဟ"

"ကနေ့နော်၊ ရန်ကနား ခွင့်ပြုချက်မရဘဲ အစ်မလေး ခြံထဲမှာ ဟိုဒီလျှောက်လို့ မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အံမာ...ကြီးကျယ်လိုက်တာ ရန်ကနားရယ်၊ နင်ထော ဘာကောင်မို့လို့လဲ"

"ဒီမယ်...မမေဦး ရန်ကနားကို အထင်မသေးပါနဲ့၊ ဒီတိုက်နဲ့ခြံကြီးရဲ့လုံခြုံရေးတာဝန်ကိုရန်ကနားယူထား ရတာပါ၊ ဆရာကနော် ရန်ကနားကိုသစ္စာရှိလို့ ဆိုပြီး မနေ့က ပလေကတ် လုံချည်ဝယ်ပေးတယ်၊ နက်ဖြန် ရန်ကနား ဝတ်မယ်၊ အပြတ် သားနားသွားမယ်"

"အေး... နင့်ဖာသာ နင်သားပဲနားနား၊ သမီးပဲနား နား၊ လောလောဆယ် တံခါးဖွင့်"

"နေဦး မမေဦး၊ ကျွန်တော် အရမ်းမဖွင့်ရဲသေးဘူး၊ မမေဦး ရောက်တယ်ဆိုတာကို သတင်းပို့ပြီး ဆရာကတော်ရဲ့ ခွင့်ပြုချက်ကို တောင်းရဦးမယ်၊ ဒီတိုက်မှာ ဆရာမရှိရင် ဆရာကတော်ရဲ့ ခွင့်ပြုချက်က ဒုတိယ အရေးကြီးဆုံးပဲ"

"တကယ်လို့ အန်တီလှိုင် မရှိရင်ကော"





"ဟဲ...ဟဲ...၊ ဆရာကတော်မရှိရင်တော့ ရန်ကနားရဲ့ ခွင့်ပြုချက်က အရေးကြီးဆုံးပေါ့၊ မမေဦးရယ် ဟဲ... ဟဲ..."

တဟဲဟဲ လုပ်ပြီးရန်ကနား အိမ်ဘက်သို့ ချာကနဲ လှည့်ထွက်သွားသည်။ မိနစ်ဝက်သာသာမျှကြာမှ ရန်ကနား ပြန်ရောက်လာ၏။

ရန်ကနားနောက်မှာက နန္ဒီ။

"ဝင်ပါ မမေဦး မြန်မြန်ဝင်ပါ၊ မမေဦး ဝင်ပြီးရင် ကျွန်တော်တံခါးကို အမြန် ပိတ်ရပါမယ်"

"ဒုက္ခပါပဲဟယ်၊ ဘယ်လိုဖြစ်နေကြမှန်းကို မသိတော့ပါဘူး"

မေဦး ခြံထဲသို့ ကားမောင်းဝင်ခဲ့သည်။

ပေါ်တီကိုအောက်မှာ ကားရပ်တော့ နန္ဒီ့ထံပါးသို့ ရောက်လာ၏။

"ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ နန္ဒီရယ်၊ ဒီနေ့ ရန်ကနားနဲ့ စကားပြောရတာလည်း အချိုးကို မပြေဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်ကတော့ မနှစ်ကနဲ့ မတူဘူးဆိုတဲ့ အဖြစ်မျိုးပဲ။ မေဦးရေ၊ ရန်ကနားကလည်း ဖေဖေက အာဏာကုန် လွှဲအပ်ခံရတာနဲ့ ခြေဖျားကိုထောက်နေတာပဲ"

မေဦးက ကားတံခါးဖွင့်ပြီး ဆင်းသည်။

"အန်တီကော"

"မေမေ အိမ်ထဲမှာ မေဦး၊ ကဲ... လာကွာ၊ အပေါ်ထပ် သွားရအောင်၊ ကိုယ် မေဦးကို စကားတွေ အများကြီး ပြောချင်နေတယ်"

ဧည့်ခန်းကို ဖြတ်ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။

ပြီးတော့ ...

အိပ်ခန်းတံခါးကို လုံအောင်ပိတ်ပြီး ...

☆☆☆

အကျိုးအကြောင်းအားလုံးကို ပြောပြသည်။ နားထောင်ရင်း မေဦး မျက်လုံးကလေး ဝိုင်းဝိုင်းလည်၏။





"ဒုက္ခပါပဲကွာ၊ ဒီအတိုင်းဆို မင်း ကိုကျော်မိုးဆိုတဲ့ အညာသားကြီးကို ယူရမှာပေါ့"

"ဝေးသေးတယ်၊ အကျုပ်ကိုင်တယ်ဆိုတာ ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာသာ ရမယ်၊ ပြင်ပမှာတော့ ဆန့်ကျင်ဆိုတာ အပြည့်အဝရှိတယ်၊ ကိုယ်ကတော့ ကိုထိုက်က လွဲပြီး ဘယ်သူ့ကိုမှ မယူနိုင်ဘူး"

ယတိပြတ်စကားမှာ ဆုံးဖြတ်ချက်များ ပါသည်။

"ကိုထိုက်ကတော့ စိတ်ပူနေမှာ အမှန်ပဲ"

"ဟုတ်တယ် နန္ဒီ၊ ကိုအာကာ လာပြောပြတော့ ကိုယ် အရမ်း အံ့ဩသင့်သွားတာ"

"ကိုထိုက်မျက်နှာ ဒဏ်ရာ ဘယ်လို နေသေးလဲ မသိဘူး၊ ဖေဖေ သိပ်ရက်စက်တာပဲကွာ၊ ကိုထိုက်လဲကျသွားတာ ကိုယ့်မျက်စိထဲမှာ ထွက်ကို မထွက်ဘူး"

"ကိုရဲထိုက်နဲ့ ကိုယ် မတွေ့ရသေးဘူးနန္ဒီ၊ ကိုအာကာ နဲ့က လမ်းမှာတွေ့တာ၊ ကိုအာကာ ပြောတော့ မျက်ရိုးကြီးယောင်ကိုင်းနေတာပဲ လို့ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ မေဖေက တအားထိုးလိုက်တာ၊ ကိုထိုက်က ဘာမှပြန်မလုပ်ရှာပါဘူး"

ဒီအကြောင်းများကို နန္ဒီ မေမေ့ကိုလည်း ပြောပြသည်။ မေမေကတော့ စုတ်သပ်ရှာ၏။

ပြီးတော့ 'သမီးဖေဖေက လုပ်လိုက်ရင် ဒီလိုကြီးပဲ' ဆိုသည့် စကားကို မေမေပြောသည်။

"မေဦး ကိုယ့်ကို အကူအညီတစ်ခုတော့ ပေးကွာ"

"အကူအညီဆိုတဲ့ စကားကိုမင်းနဲ့ ကိုယ်ကြားမှာ ပြောစရာ မလိုပါဘူးကွာ၊ နန္ဒီနဲ့ ကိုယ်က သူငယ်ချင်းပဲ၊ ပြော နန္ဒီ့အတွက် ကိုယ်ဘာလုပ်ပေးရမလဲ"

နန္ဒီစဉ်းစားသည်။

အတန်ကြာမှ ...

"ကိုယ် ကိုထိုက်နဲ့ တွေ့ချင်တယ်"

"အယ် ... အန်ကယ်က အမိန့်တွေ ကြေငြာထားတာ၊ နန္ဒီဘယ်လို လုပ်ထွက်လို့လွယ်မလဲကွာ၊ ကိုယ်နဲ့လည်း အပြင်ထွက်ခွင့်ပေးမှာ မဟုတ်ဘူး၊ အန်တီက





ခွင့်ပြုတောင်ခြံထဲက ဘယ်လိုထွက်မလဲ၊ ရန်တန္တားက ကျီးကန်းမျက်စိနဲ့ ကြည့်နေတဲ့ဟာ"

"ကိုယ်အားလုံးကို တွေးပြီးသားပါ၊ နက်ဖြန် မေမေ မိုလ်ချုပ်ဈေးမှာ ဘော်လီသွားဝယ်မယ်၊ အဲဒါ ကိုယ်လိုက်သွားမယ်၊ မေဦးက ကိုထိုက်ကို ပြောပေး၊ မိုလ်ချုပ်ဈေးကို လာခဲ့လို့"

"ဘယ်အချိန်လဲ"

"ထမင်းစားသောက်ပြီးဆိုတော့ နေ့လယ် ဆယ့်နှစ်နာရီလောက်ဈေးကို ရောက်မယ်၊ ကိုထိုက်ကို အရှေ့ဘက်တန်းပန်းချီပြခန်းရှေ့ကစောင့်နေလို့ ပြောပေးနော်"

ခါတိုင်းလို မေဦး ကြာကြာမနေ။

နေမစောင်းခင်မှာ ပြန်သွားသည်။

မေဦးပြန်သွားမှ လွတ်လပ်စွာ နေခဲ့ရသော ဘဝကိုပြန်လည်သတိရသည်။ ချစ်သူနှင့် လွတ်လပ်စွာ သွားလာခဲ့သော ကာလများကို ပိုမို တမ်းတလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု …

ခြံထဲဆင်းလျှောက်ရသည်ပင် လွတ်လပ်မှု မရှိ။ ရန်ကနား၏ မယောင်မလည် မျက်လုံးများကို ကြုံဆုံရသည်။

နန္ဒီ၏ မကျေနပ်မှုတွေက …

ဖေဖေ့အပေါ် မှာသာမဟုတ်။

ရန်ကနားကိုလည်း တကယ့်ကို မကျေမနပ်ဖြစ်ရ၏။

☆☆☆



[၂၆]

ဗိုလ်ချုပ်ဈေးအနောက်ဘက်တန်းတွင် ကားကိုရပ်သည်။ နန္ဒီက မေမေ့မျက်နှာကို လှမ်းအကြည့်မှာ မေမေက မျက်နှာကိုလွှဲဖယ်ပြီး ဦးဖိုးထွန်းဘက်သို့ မျက်နှာလှည့်သည်။

"ကိုဖိုးထွန်း ကားကို ဟိုရှေ့နားမှာပဲ ရပ်ထားလိုက်၊ သိပ် မကြာပါဘူး၊ ဒါနဲ့ ရှင့်ဆရာဆီ ဘယ်အချိန် သွားရမှာလဲ"

"သုံးနာရီမှပါ ဆရာကတော်၊ ဒီနေ့ဆရာကို ဒါရိုက်တာ အစည်းအဝေးရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဈေးထဲဝင်မည်ပြုတော့ နန္ဒီက ခပ်တောင့်တောင့် ကလေးရပ်နေသဖြင့် မေမေက နားမလည်သလိုကြည့်သည်။

"သမီး ဘာဖြစ်နေတာလဲ"

"မေမေ့ကို စကားပြောမလို့ပါ"

"ပြောလေ ဘာပြောမှာလဲ"

"မေမေ စိတ်မဆိုးရဘူးနော်၊ သမီးနဲ့ပတ်သက်တဲ့ အရေးအခင်းမှန်သမျှ မေမေ့ကို သူငယ်ချင်းလို သဘောထားပြီး ပွင့်ပွင့်လင်းလင်းပြောဆိုတိုင်ပင်ရမယ် လို့လည်း မေမေ ပြောထားတယ်နော်"

မေမေ ခေါင်းညိတ်သော်လည်း အကြည့်မှာ စူးစမ်းမှု တွေပါ၏။

"သမီးစကားတွေ ဆန်းနေသလိုပဲ"

"သမီး စကားတွေ မဆန်းပါဘူးမေမေ၊ သမီးရင်မှာ သာ ကျွမ်းနေရတာပါ"

"ကဲ... ဆိုပါအုံး သမီးမေမေ့ကို ပြောမဲ့စကား"

နန္ဒီ ပင့်သက်ချလိုက်၏။ သည်အချိန်ဆိုလျှင်ကိုထိုက် အရှေ့ဘက်တန်း ပန်းချီပြခန်းရှေ့မှာ ရောက်နေလိမ့်မည်။





"သမီး ကိုထိုက်ကို သွားတွေ့ချင်တယ်မေမေ"

"ဟင် ..."

မေမေ့မျက်လုံး ပြူးဝိုင်းသွားပါ၏။

"မျက်လုံးကြီးပြူးပြီး သမီးကို မကြည့်ပါနဲ့ မေမေ ရယ်၊ သမီး ကိုထိုက်နဲ့ သွားတွေ့ချင်တယ်၊ ကိုထိုက် အရှေ့ဘက်တန်းမှာ သမီးကို စောင့်နေလိမ့်မယ်"

"မေမေ့ကို အဲဒီလိုတော့ ဒုက္ခမပေးပါနဲ့ သမီးရယ်၊ သမီး ဖေဖေသိရင် မိုးမီးလောင်မယ်"

"ဖေဖေဘယ်လိုလုပ် သိနိုင်မှာလဲ မေမေ၊ မေမေနဲ့ သမီး နှစ်ယောက်ထဲ သိမယ့်ကိစ္စပဲဟာ၊ မကြာပါဘူး မေမေရယ် ခဏလေးတွေ့ရုံပါ၊ မေမေ ဘော်လီဆိုင် ကစောင့်နေပေါ့"

မေမေ တွေသွားသည်။

စဉ်းစားဟန် ပြုပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးက မေမေ့ဆီ ပြန်မလာဘဲနဲ့ တစ်ခါထဲ လိုက်သွားရင် ဘယ်လို လုပ်မလဲ၊ အဲဒါမှ သမီးဖေဖေက မေမေ့ကို သတ်မှာ"

မေမေ မိမိဘက်ပါပြီကို နန္ဒီသိလိုက်၏။

"ယုံပါ မေမေ၊ သမီး ပြန်လာခဲ့မှာပါ၊ မေမေက ဒီလောက်အခွင့်အရေး ပေးနေမှ မေမေ့စေတနာကို သမီးက စော်ကားပါ့မလား"

"ကောင်လေးက ပြန်မလွှတ်ဘဲ နေရင်ကော"

ဒါက မေမေပူပန်သင့်သည့် အကြောင်းအရာပါ။

"ကိုထိုက်က သမီးကို ဆန့်ကျင်ပြီး ဘာမှ မလုပ်ဘူး မေမေ၊ စိတ်ချပါ မေမေရယ်၊ မေမေ့ကို အသိမပေးဘဲနဲ့ သမီး ဘာမှ မလုပ်ဘူး"

မေမေ ပင့်သက်ရှည်ကြီးကို ချသည်။

"ကဲ... သွား...သွား၊ အကြာကြီးလည်း မနေနဲ့နော်၊ မေမေ ဘော်လီဆိုင်ကပဲ စောင့်နေမယ်"





"ဘော်လီဆိုင်မှာ လူများပါတယ် မေမေရာ၊ ဘော်လီဝယ်ပြီးရင် မေမေ့သူငယ်ချင်း အန်တီချော ရွှေဆိုင်မှာ စောင့်နေ၊ သမီး အဲဒီကို လာခဲ့မယ်"

မေမေခေါင်းအညိတ်မှာ နန္ဒီအပြေးကလေးထွက်ခဲ့သည်။ အရှေ့ဘက်တန်း ရောက်တော့ မျက်နှာငယ်လေးနှင့် ရပ်နေသော ချစ်သူကိုတွေ့သည်။

"နန္ဒီ လာနိုင်လိမ့်မယ်လို့ ကိုယ်မထင်ခဲ့ပါဘူး"

"မေမေ့ကို စည်းရုံးရတာကိုထိုက်၊ ရသမျှ အခွင့်အရေးကို နန္ဒီ အပြည့်အဝ အသုံးချရတာ"

"ဆုံးဖြတ်ချက်ကို ချမှဖြစ်တော့မယ် နန္ဒီ"

"ဘာကိုလဲ ကိုထိုက်"

"ကြာရင်ဝေးကြရလိမ့်မယ်၊ ဘဝကို ထူထောင်နိုင်တဲ့ အင်အားတွေလည်း ကိုယ်တို့မှာ ရှိနေပြီပဲ၊ ဆင်နွှယ်ဗိမာန်နန်းမဟုတ်ပေမဲ့ကိုယ့်အရိပ်အောက်မှာ နန္ဒီ ငြိမ်းငြိမ်းချမ်းချမ်းနေလို့ရပါတယ်၊ ပန်းကြဲဖွေ့ထားပေါ့ နန္ဒီရယ်၊ ခု နန္ဒီ့ကို ကိုယ်ပြန်မလွှတ်တော့ဘူး နန္ဒီ ကိုယ်နဲ့ တစ်ခါထဲ လိုက်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေကို အကောင်းဆုံး ဖြစ်အောင် နန္ဒီဖန်တီးနေတယ်ကိုထိုက်၊ နန္ဒီနဲ့ ပတ်သက်ပြီး ကိုထိုက်စိတ်ကို ငြိမ်ငြိမ်သက်သက်ထား၊ ခု ကိုထိုက် နန္ဒီနဲ့ ခဏလိုက်ခဲ့"

'ဘယ်ကိုလဲ နန္ဒီ"

"မေမေနဲ့ တွေ့ပေးမလို့"

"ဟာ... ဖြစ်ပါ့မလား နန္ဒီ"

"မေမေ အားလုံးကို နားလည်ထားတယ်၊ ဒီအချိန် ဟာ ကိုထိုက်နဲ့ မေမေ တွေ့ဆုံဖို့ အကောင်းဆုံး အချိန်ပဲ"

နန္ဒီ၏ ဆုံးဖြတ်ချက်သည်လုပ်ဆောင်ချက်ပင်ဖြစ်သည်။ လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး ဈေးထဲဝင်ခဲ့၏။

☆☆☆



မေမေ အံ့အားသင့်ဖြစ်သွားသည်။

မေမေ့ထတ်ခမ်းကလေးတွန့်လှုပ်သွားဆဲမှာ နန္ဒီက ရဲထိုက်နှင့် မေမေ့ကို သိကျွမ်းစေသည်။

"ကိုထိုက် ဒါ နန္ဒီ့မေမေလေ၊ မေမေ ကိုထိုက်ကို မေမေနဲ့ တွေ့စေချင်လို့ ခေါ်လာတာပါ"

မေမေက ခြေဆုံးခေါင်းဆုံး ကြည့်သည်။

သမီးနဘေး မိမိရှေ့မှာ ရို့ကျိုးစွာရပ်နေသူ၏ ရိုးသားတည်ကြည်မှုကို မေမေ အကဲခတ်နားလည်ပါလိမ့်မည်။

"သမီးကပြောပြထားတယ်၊ ဘာပဲဖြစ်ဖြစ်လေ အဆုံးအဖြတ်ဆိုတာ သမီးအပေါ်မှာပဲ မူတည်ပါတယ်"

မေမေ သည်မျှသာ စကားပြောသည်။

သို့သော်လည်း မေမေ့မျက်နှာပေါ်မှာ တည်ငြိမ်လေးနက်သော အပြုံးများကို ဝမ်းသာဖွယ်ရာ တွေ့ပါသည်။

လက်ခံတွေ့ဆုံခြင်းသည်ပင်လျှင် နန္ဒီအတွက်အင်အားတစ်ခုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်မှာမေမေက နန္ဒကို စကားတစ်ခွန်းမေးသည်။

"သမီး ဖေဖေက မောင်ကျော်မိုးနဲ့ အတင်းအကျပ် စီစဉ်ရင်ကော"

"သမီးကိုယ် သမီး အဆိပ်သောက် မသေပါဘူး"

"ဒါဖြင့်"

"ကိုထိုက်နောက်ကိုလိုက်သွားမယ်မေမေ၊ ဒါ ဘယ်သူ ဖျက်ဖျက် မပျက်တဲ့ သမီးရဲ့ ဆုံးဖြတ်ချက်ပဲ"

မေမေ၏ ခပ်ဖွဖွ အပြုံးမှာ စာနာမှုတွေ ပါနေပါ၏။

☆☆☆



[၂၄]

ဖေဖေ မန္တလေးက သူ့သူငယ်ချင်း ကိုကျော်မိုး အဖေ
ဖုန်းဆက်ခေါ်ကတည်းက နန္ဒဆုံးဖြတ်ချက်ကို နိုင်မာစွာ ေ
လိုက်ပြီးဖြစ်သည်။

အစီအစဉ်များကို ရုတ်ချည်း ရေးဆွဲပြီး မေမေ့ကိုလည်
တရားဝင် အသိပေးလိုက်ပါ၏။

"သမီးရယ် အဲဒီ အကြံအစည်ကြီးကို မေမေ့
လိုက်တာကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို တတ်နိုင်မှာလဲမေမေ၊ နက်ဖြန် မနက်လေးက ဖေဖေ့သူငယ်ချင်းက ရောက်လာတော့မှာ၊ ချက်ချင်းကြီး စေ့စပ်ပွဲလုပ်လို့ သမီးအတွက် ထွက်ပေါက်ရှိ မလာရင် သမီးက ကိုယ့်ကိုယ်ကို သတ်သေလိုက်မှာပဲ"

"ဘုရား ... ဘုရား သမီးဘာတွေ ပြောနေတာလဲ၊ ကိုယ့်ကိုကိုယ် အဆိပ်သောက်မသေပါဘူးဆို"

"ဟုတ်တယ်လေ ဒါပေမယ့် ပြေးပေါက်မရှိရင်တော့ သတ်သေလိုက်မှာပဲ၊ မေမေ မြင်ဝံ့ရင် ရတယ်၊ မေမေပါ ဖေဖေ့ဘက်က ပါလိုက်"

"အဲသလို မပြောပါနဲ့ကွယ်"

"မိန်းမကောင်း မိန်းမမြတ်ဆိုတာ တစ်ပွင့်ပဲ ပန်တယ် မေမေ၊ ကိုထိုက်က လွဲလို့ သမီးဘယ်သူ့ကိုမှမယူဘူးဆိုတာ မေမေ သိတယ်နော်၊ သမီးစိတ်ဓာတ်ကလည်းဖေဖေ့လိုပဲ၊ ဆုံးဖြတ်ချက်ချပြီးရင် လုပ်ကိုလုပ်မှာ"



မေမေ့မျက်နှာမှာ စိတ်ရှုပ်ဟန်များပေါ်လွင်နေ၏၊ မေဦးက ဆိုဖာဆက်တီမှာ ထိုင်ရင်း နန္ဒီနှင့်မေမေ့ မျက်နှာကို တစ်လှည့်စီကြည့်သည်။

"မေဦးရယ် မင်းသူငယ်ချင်းကို ကြည့်ပြောပါဦး"

"အန်တီကလည်း ဒီသမီးလေးတစ်ယောက်ထဲရှိတာ နန္ဒီ စိတ်ချမ်းသာဖို့အတွက် အန်တီ လိုက်လျောသင့်ပါတယ်"

"အင်း...မင်းကလည်း မင်းသူငယ်ချင်း ဘက်ကပါပဲလား၊ ကဲ... မေဦးအန်တီ့နေရာကနေ ဝင်စဉ်းစားကြည့်စမ်း၊ အန်တီ့မျက်စေ့အောက်ကနေ ပျောက်သွားတယ်ဆိုရင် သူ့ဖေဖေက အန်တီ့ကို ဘယ်လို ပြောမလဲ၊ အန်တီ ခွေးလုံးလုံး မဖြစ်ဘူးလား၊ အန်တီ့ကို အယုံအကြည်မဲ့ မသွားနိုင်ဘူးလား"

မေဦးက နန္ဒီကို လှမ်းကြည့်သည်။

မေမေရင်ဆိုင်ရမည့် ပြဿနာ မသေးသည်ကိုလည်း နားလည်ပါ၏။

မြတ်မြတ်ချောစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း နန္ဒီရေးဆွဲထားသည့် အစီအစဉ်ထဲမှာ ဒါတွေလည်း ပါပါသည်။

"ဒီလိုလုပ် မေမေ"

လှမ်းကြည့်ပြီး မေမေက နားစွင့်ထား၏။

"မေမေ တော်ကြာကျရင် ဖေဖေ့ ကုမ္ပဏီရုံးခန်းကို လိုက်သွား၊ ရွှေဘုံသာလမ်းမှာ ပစ္စည်းဝင်ရွေးပြီး ဝင်လာတာလို့ ဖေဖေ့ကိုပြော"

"ဘာမှ ရွေးစရာမရှိတဲ့ဟာ"

"ဘာလို့ မရှိရမှာလဲ မေမေရဲ့၊ မေမေ စိန်နားကပ် အပ်ထားတာ သတိမရတော့ဘူးလား"

"အေး... ဟုတ်တယ်"

"အဲဒါ ဝင်ရွေးပြီး သွားပေါ့"

"သွားတော့ ဘာထူးခြားမှာလဲ သမီးရဲ့"

"မေမေရယ် အ,လိုက်တာ၊ မေမေ မရှိတုန်း သမီးတို့ လမ်းထွက်သွားတဲ့ သဘောပေါ့၊ ဒါဆို မေမေ အပြစ်





လွှတ်ရော၊ ဖေဖေ့ရှေ့မှာလည်း မေမေရှိနေမှာဆိုတော့ ဖေဖေက မေမေ့ကို ဘာ အပြစ်ပြောတော့မှာလဲ"

မေမေ့ထံမှ စကားသံထွက်မလာ။

"မဟုတ်ဘူးမေမေ သမီးဘဝတစ်ခုလုံးကို အဆုံးအဖြတ်ပေးရတော့မှာ၊ ဘာလဲ မေမေက သမီးကို ကိုထိုက်နဲ့ သဘောမတူဘူးလား၊ သမီးတို့ချစ်ခြင်းကိုခွဲဖို့ မေမေကပါ ကြံစည်နေတာလား"

"ခက်လိုက်တာကွယ်၊ သမီးစိတ်ချမ်းသာမယ်ဆိုရင် အသည်းနှလုံးတောင် ထုတ်ပေးဝံ့တဲ့အမေမျိုးပါ"

နန္ဒီမေမေ့ကို ချစ်မြတ်နိုးစွာသိုင်းဖက်လိုက်၏။

"မေမေရယ် ဒါဆိုသမီးက မေမေ့ကို အထူးစကားပြောဖို့ လိုသေးလို့လား"

"ကဲလေ... ထားပါ၊ မေမေက ဖေဖေ့ဆီသွားနေဝါပြီတဲ့၊ သမီးတို့ခြံထဲက ဘယ်လိုလုပ်ထွက်မလဲ၊ ရန်ကနားက မျက်စိဒေါက်ထောက်ကြည့်နေတဲ့ဟာ"

"မပူပါနဲ့မေမေ၊ ရန်ကနားကို သမီးတို့နည်းနဲ့ ကြည့်ရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ခရာ အပြစ်ဖြစ်နေပါမယ် သမီးရယ်"

"ရန်ကနားလည်း အပြစ် မဖြစ်စေရပါဘူးမေမေ၊ စိတ်ချပါ၊ နောက်တော့လည်း ဖေဖေ က အားလုံးကို ခွင့်လွှတ်သွားမှာပါ၊ လွန်ပြီး ကျွံပြီးရင်ဘာမှ ပြောတော့မှာ မဟုတ်ပါဘူး"

"ကဲ... သဘောပဲ၊ မရွှေနန္ဒီရေ၊ ငါတော့ မအေတစ်ယောက်အနေနဲ့ ကောင်းကို မကောင်းတော့ဘူး၊ သမီး လင်နောက်လိုက်မှာကို ရှောင်ပေးတဲ့အမေမျိုးကတော့ ကမ္ဘာရှားပဲ"

"ဒါပေါ့ မေမေရယ်၊ မေမေက သူများ အမေတွေနဲ့ မတူတဲ့ ကမ္ဘာရှား မေမေပဲဟာ"

"တော် ... ချေးမ"

မေမေမျက်စောင်းထိုးတော့ နန္ဒီနှင့်မေဦးက ရယ်၏။

ထမင်းစားသောက်ပြီးသောအခါ မေမေ အဝတ်အစားလဲသည်။ နန္ဒီ့ကို အိပ်ခန်းထဲခေါ်၍ တီးတိုးစကားဆိုပြီး မေမေထွက်သွားတော့ နေမွန်းတည့် ဆယ့်နှစ်နာရီတိတိ။





နန္ဒီနှင့်မေဦး အချိန်ကို တုံ့ဆိုင်းမနေတော့။ မြဲထဲသို့ အပြေးကလေးဆင်းသည်။

☆☆☆

မြဲထဲသို့ ခြေချမိသည်နှင့် ရန်ကနားမျက်နှာ ဘွားကနဲ ပေါ်လာ၏။

"အစ်မလေး ဘယ်သွားမလို့လဲ"

"မြဲထဲဆင်း လမ်းလျှောက်တာပေါ့၊ ရန်ကနားရဲ့၊ နင့်မှာလည်း ငါတို့မြဲထဲဆင်းရင် စစ်လိုက်ဆေးလိုက် မေးလိုက်မြန်းလိုက်ရတာ အမောပဲ"

"တာဝန်ဝတ္တရားမို့ပါ အစ်မလေး၊ မြန်မာစကားရှိတယ်နော်၊ သူ့ဆန်စားရင် ရဲရမယ်တဲ့၊ ရန်ကနားနော် ဆရာဆန်ကို စားပါတယ်၊ ဆရာ့အတွက် အသက်ပေးရပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရန်ကနားစကားကြောင့် မေဦးက နန္ဒီ့မျက်နှာကို လှမ်းကြည့်သည်။ အဆင်ပြေမှုမှ ရှိပါ့မလားဟု မေဦးတွေးပူသည်ကို နန္ဒီသိ၏။

"နှင်းဘောင်းဘီခါးကြားမှာသော့တွဲကြီး မမြင်ပါလား ရန်ကနားရဲ့"

"ခြံတံခါးသော့လား၊ ရန်ကနားနော်၊ အဲဒီသော့ကို လုံခြုံတဲ့နေရာမှာ သိမ်းထားတယ်၊ ဘောင်းဘီခါးကြားထဲမှာ ချိတ်ထားရင်နော်၊ လုံးဝ စိတ်မချရဘူး"

"ဘယ်သူက လုယူမှာမို့လို့လဲဟယ်"

"ကိုယ်ကကျူးရင်နော် ၊ကိုယ့်ဒူးကိုတောင် မယုံရဘူး အစ်မလေးရဲ့"

မေဦး၏မျက်စောင်းက ရန်ကနားမျက်နှာပေါ်သို့ ရောက်သွား၏။ နန္ဒီက ဘာစကားမှ မပြောတော့ပဲ ခြံထောင့်သို့ လျှောက်ခဲ့သည်။ ရန်ကနားကနောက်မှ မယောင်မလည် ပါလာသည်။





"လွယ်ပါ့မလား နန္ဒီ"

"စဉ်းစားနေတာ"

"ခုဆိုရင် ကိုရဲထိုက်နဲ့ကိုအာကာ လမ်းထိပ်ကကိုယ့် ကားနားမှာ ရောက်နေမှာ အမှန်ပဲ"

တီးတိုး စကားသံကို ရန်ကနား မကြား။

ကံ့ကော်ပင်ကြီး အောက်သို့ရောက်သောအခါ နန္ဒီက ကံ့ကော်ပင်ကြီးကို မော့ကြည့်လိုက်၏။

အပွင့်တွေ ဝေနေသည်။

ထိပ်ဖျားကိုင်းမှာကံ့ကော်ပွင့်တွေ အဆုပ်လိုက်။

ဦးနှောက်ထဲမှာ အလင်းတန်းလေးတစ်ခု ဝင်းကနဲ လက်သွားသည်။

နန္ဒီ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်၏။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကနားရေ"

နန္ဒီခေါ်သဖြင့် ရန်ကနား အနားသို့ရောက်လာ၏။

"ပြောပါ အစ်မလေး"

"ဩော်... မေဦးပြောတာ ပြောမလို့ပါ"

"အစ်မမေဦးက ဘာပြောလို့လဲ အစ်မလေး"

ရန်ကနား အကြည့်မေဦးဆီဖြတ်ကနဲရောက်သော အခါ မေဦးက ပြုံးပြုံးကလေးနှင့် ရန်ကနားကို ပြန်ကြည့်၏။

"ရန်ကနားက အဝေးကကြည့်ရင် ရာဇာနေဝင်းနဲ့ တူတယ်တဲ့၊ အနီးကပ်ကြည့်ရင်တော့ ..."

နန္ဒီ့စကားမဆုံးခင် ရန်ကနားက ...

"ဘယ်ရုပ်ရှင်မင်းသားနဲ့ တူလို့လဲ အစ်မလေး"

"လူမင်းလိုလို၊ မင်းမော်ကွန်းလိုလိုနဲ့တဲ့၊ ခြံစောင့် မလုပ်ဘဲ မင်းသားလုပ်ရင် ကမ္ဘာကျော်သွားမှာပဲတဲ့၊ အကယ်ဒမီမင်းသားတွေ ငုတ်တုတ်ထိုင်သွားရမယ်တဲ့"

ရန်ကနားက အရမ်း သဘောကျသွားသည်။





ရင်ကလေးကိုပင် မသိမသာ ကော့လိုက်သေး၏။

"ရန်ကနားက အသားမည်းပါတယ်"

"အသားမည်းပေမဲ့ ပတ္တမြားခဲလေးပါရန်ကနားရယ်၊ နင့်အလှက မဟူရာအလှလို့ခေါ်ရင်လည်းရတယ်"

"မမြှောက်ပါနဲ့ အစ်မလေးရယ်၊ အစ်မလေးတို့ကိုနော် ရန်ကနားက လက်ဖက်ရည်တိုက်ဖို့ပိုက်ဆံ မရှိဘူး"

"တို့လက်ဖက်ရည်သောက်ချင်လို့ ပြောတာမဟုတ်ပါဘူး ရန်ကနားရ၊ အရှိကို အရှိအတိုင်း အမှန်ကို အမှန်တိုင်းပြောတာပါ၊ လက်ဖက်ရည်ကို တို့ဟာသာ တို့လည်း သောက်နိုင်ပါတယ်"

ရန်ကနားကတော့ သွားတဖြီးဖြီးနှင့်သဘောအကျကြီးကျနေ၏။ နန္ဒီတို့ရှေ့မှာမသိမသာပို့စ်လုပ်လိုက်သေးသည်။

နန္ဒီက ပြုံးရင်းကုံကော်ပင်ကြီးကို မော့ကြည့်ပြီး ...

"ရန်ကနားရယ်၊ ကုံကော်ပန်းတွေ ပွင့်နေလိုက်တာ တစ်အားပဲ"

ရန်ကနားက မော့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေဦးက ...

"အေး...ဟုတ်ပါရဲ့၊ တို့ကို တက်ခူးပေးပါလားဟင်"

ရန်ကနားတွေသွား၏။

နန္ဒီကလည်း ...

"ဟုတ်တယ် တက်ခူးပေးပါ ရန်ကနားရယ်၊ နင် သစ်ပင် တက်သိပ်တော်တာလို့ဟိုတစ်လောက ဖေဖေ ငါ့ကို ပြောဖူးတယ်"

"ဟာ... အဲဒါ အစ်မလေး နားကြားမှားတာ ဖြစ်ပါလိမ့်မယ် အစ်မလေးရယ်၊ ရန်ကနား သစ်ပင် လုံးဝ မတက်တတ်ပါဘူး၊ ဟိုတစ်လောကဗာဒံပင်ပုပုလေးပေါ်တက်ပြီး ရန်ကနား ပြန်မဆင်းတတ်လို့ ဆရာကတောင် တအားဆူပါသေးတယ်၊ ရန်ကနား တောင်းပန်ပါတယ်၊ တခြားခိုင်းစရာရှိရင် ခိုင်းပါ၊ သစ်ပင်ပေါ်တော့မတက်ခိုင်းပါနဲ့၊ ပြီးတော့ ကံ့ကော်ပင်ကြီးက အမြင့်ကြီး အစ်မလေးရဲ့"



"ဟိုမှာ လှေကားရှိတယ်လေ ရန်ကနားရဲ့၊ တက်ပါဟယ်၊ ပန်းသူမရှိဘဲနဲ့ ကြွေကုန်ရင် နမြောစရာကြီး"

"ဟုတ်ပါတယ်ရန်ကနားရယ် ရန်ကနားကသတ္တိကောင်းပါတယ်၊ လှေကားနဲ့တက်ပြီး ခူးရင် ပြန်ဆင်းလို့လည်းလွယ်ပါတယ်၊ ရန်ကနားကလိမ္မာပါတယ်ကွယ်၊ ပန်းခူးပြီးရင် ရန်ကနားကို အိုဗာတင်း ဖျော်တိုက်မယ်"

ရန်ကနား ကံ့ကော်ပင်ကြီးကို မော့ကြည့်သည်။

နန္ဒီနှင့်မေဦးက ဆေးသုတ်လျှင် အသုံးပြုသည့် လှေကားရှည်ကြီးကို မနိုင်မနင်း မပြီး သစ်ပင်မှာ ထောင်ပေးသည်။

"ရန်ကနား တက်...တက်၊ ငါနဲ့ မေဦး လှေကားကိုင်ထားမယ်"

"သေသေချာချာတော့ ကိုင်ထားကြဗျာ၊ ပြုတ်ကျရင်တော့ ရန်ကနား ကြွမယ်"

"စိတ်ချပါဟ၊ ငါတို့ သေသေချာချာကို ကိုင်ထားမယ်"

ရန်ကနား မဝံ့မရဲနှင့် လှေကားပေါ် တက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှေကားတဝက်အရောက်တွင် အောက်သို့ ငုံ့ကြည့်ပြီး...

"အစ်မလေးတို့ လှေကားကို မလှုပ်စေနဲ့ဗျာ၊ အစ်မလေးတို့ရက်စက်လိုက်ရင် ရန်ကနားနဲ့ ဒီဘဝမှာဒီမျှသာ ဖြစ်သွားမယ်"

နန္ဒီနှင့်မေဦးမျက်နှာပြုံးရိပ်သန်းသည်။

ရန်ကနား လှေကားထိပ်တုံးသို့ရောက်ပြီး ပင်စည်ကိုင်းကြီးပေါ်သို့လှမ်းအကူးတွင် ...

"မေဦး မ... မ...၊ လှေကားကြီးကို မ"

လှေကားကြီးကို ကမန်းကတန်း မ ရွှေ့သည်။

နန္ဒီတို့၏ လှုပ်ရှားမှုကိုကြည့်ပြီး ရန်ကနား မျက်လုံးပြူးလာ၏။

"အစ်မလေးတို့ ဘာလုပ်တာလဲဗျ၊ လှေကားကြီးကို ဘာလို့ ရွှေ့သွားတာလဲ၊ ရန်ကနား ဘယ်လို လုပ်ဆင်းရမှာလဲ"

"နင် အောက်ကို ဆင်းဖို့ မလိုတော့ဘူး ရန်ကနား၊ သစ်ပင်ပေါ်မှာပဲ အိုးဖွဲ့အိမ်ဖွဲ့နေပေတော့၊ တို့ကတော့ နင့်ကို တာ့တာပဲ"



နန္ဒီနှင့် မေဦး တံခါးဝင်းဆီသို့ပြေးသည်။

"အစ်မလေး ဘယ်ပြေးမလို့လဲ၊ အဲသလို မလုပ်ပါနဲ့ဗျား ရန်ကနားကို ဒုက္ခ မပေးပါနဲ့"

ရန်ကနား အော်သံကို အလေးမထားနိုင်။

ဝင်းတံခါးကြီးဆီသို့ရောက်တော့...

"အယ်... တံခါးကြီးကို သော့ခတ်ထားတယ်"

မေဦး အထိတ်တလန့် ပြောသည်။

"မေဦး စွန့်စားပြီးတော့မှနောက်ဆုတ်လို့ မဖြစ်ဘူး၊ ထမိကို တိုတိုပြင်ဝတ်ကွာ၊ တံခါးကို ကျော်တက်မယ်"

တုံ့ဆိုင်းချိန်မရ။

ထမိကို တိုတိုပြင်ဝတ်ပြီး နှစ်ယောက်သား ဝင်းတံခါးကြီးကိုကျော်တက်သည်။

"အစ်မလေး ပြန်လာပါ ပြန်လာခဲ့ပါ"

ရန်ကနား အသံတစာစာ။

နောက်ကို လှည့်ကြည့် မနေနိုင်အား။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတံခါးပေါ်မှ ခုန်ချသည်။

ခြံအပြင်ရောက်တော့ ...

☆☆☆

"ပြေး... နန္ဒီ၊ ပြေး ... ပြေး ..."

ခြေကုန်သုတ်ကြသည်။

လမ်းပေါ်မှ လူအချို့၏အသံ၊ အုံအားတသင့် အကြည့်ကို ဂရုစိုက် မနေနိုင်အား။

လမ်းထိပ်မှာ ရပ်ထားသည့် မေဦးကားနှင့်အတူရဲထိုက်နှင့် အာကာကိုတွေ့သည်။

"ကိုထိုက်"

ဆန့်တန်းထားသည့် လက်နှစ်ဖက်တွင် အင်အားသစ်များကို မြင်သည်။ အနားရောက်သည်နှင့် ရင်ခွင်မှာခေါင်းထိုးဝင်၏။

"ကိုထိုက်ရယ်"



ရင်မှာ လှုပ်ခုန်မှုတွေ မပြေ။

မေဦး အနားသို့ သွက်သွက်ကလေး ရောက်လာ၏။

"အလွမ်းသယ်ဖို့ အချိန်မရှိဘူး၊ နန္ဒီ၊ ရော့... ဒီမယ် ကားသော့"

"ကိုယ် သဘောမပေါက်ဘူး"

"ကားမှာ ဆီအပြည့် ထည့်ထားတယ်၊ မင်းနဲ့ ကိုရဲထိုက် ကိုယ့်ကား ယူသွား ရှမ်းပြည်နယ်တစ်ခွင် ခရီးနှင်ကွာ၊ ရောက်တဲ့ အရပ်က ကိုယ့်ဆီ ဖုန်းဆက်၊ မင်းအဖိုးကြီးရဲ့ ရာသီဥတု အခြေအနေသာယာမှ ပြန်လာခဲ့ကြ၊ ကဲ... သွားကြ ... သွားကြ၊ ဒီနေရာမှာ ကြာကြာ မနေသင့်ဘူး"

နန္ဒီ သဘောပေါက်လိုက်၏။

ကားသော့ကို ခပ်သွက်သွက်ကလေး လှမ်းယူပြီး နန္ဒီနှင့်ရဲထိုက် ကားပေါ်တက်လိုက်သည်။

နန္ဒီက စက်ကို နှိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားဘီးလိမ့်အထွက်မှာ မေဦးနှင့်အာကာ့ကို လက်ကလေးပြ နှုတ်ဆက်သည်။

ကားလေးဘီးလိမ့်အပြေးမှာ နောက်ကြည့်မှန်မှ တာဆင့်နောက်ပါးသို့ ကြည့်ဖြစ်ကြသည်။

အဝေးမှာ အာကာနှင့်မေဦးကျန်ရစ်ခဲ့ပါ၏။

ပျော်ရွှင်ချမ်းမြေ့ပါစေ။
(မောင်သာပြည့်)


# မြတ်မြတ်ချော

စာပေ

မဂ္ဂဇင်း၊ ဝတ္ထု၊ ကာတွန်း
အသစ်/အဟောင်း နှင့်
ခေတ်မှန်ဖလင်၊ ကဒ်ထူစက္ကူ
ရောင်းဝယ်ဖြန့်ချိရေး

သိမ်ကြီးဈေး (စီ) ခုံ အဆောင် (၄) ပထမထပ်၊ ရန်ကုန်
ဖုန်း - ၃၇၁၀၀၀ (လိုင်းခွဲ) ၃၆၀၊ ၄၁၇၊ ၃၅၂


www.burmeseclassic.com